VIEW OF MRAUK-U

From the Portuguese quarter of Daingri-pet
from Schouten, 'voyages'; 1676

ဒေးဂန်းအောင်ကျော်ရှိ၏ကိုယ်တွေ့ရခိုင်ပြည်သိမ်းတိုက်ပွဲ မှတ်တမ်း
(အစ/အဆုံး) (အပြည့်အစုံ)

ခရစ်သက္ကရာဇ် (၂၀၁၅) ခု မတ်လ (၂၂) ရက် တလင်္ဂနီနိ

ဒုတိယအကြိမ် (PDF) ပုံနှိပ်မူ

(ရခိုင်ပေါင်းကူး သာလှဦး)

ဒေးဝန်းအောင်ကျော်ရှီ၏ကိုယ်တွိရခိုင်ပြည်သိမ်းတိုက်ပွဲမှတ်တမ်း (စကားပြင်)

အပိုဒ် (၁) (ပင်းဂါ၊ မြောက်ဦးသိမ်းတိုက်ပွဲ) မှသည် အပိုဒ် (၂၀) ရန်တပိုစာချုပ်ချုပ်သည်အထိ။ အပိုဒ် (၂၃) ရန်ကုန်ရောက်သည်အထိ။ (အစ/အဆုံး)

ဒေးဝန်းကြီး အောင်ကျော်ရှီရတု
==========

နောက်သားနောင်လာ၊ နောက်ထပ်ပါရို့
ဆရာသုံးလက်၊ ရှိကံဖက်၍
အသက်ခန္ဓာ၊ လူရို့မှာကား
တခါတရံ၊ အဘိုးတန်၏ ---။
တရံတခါ၊ ဆိုတုံပါလည်း
သူသာလာလျှက်၊ ဖိနှိပ်စက်က
အသက်ထိုခါ၊ ဆုံးတတ်ရာ၏ ---။
ပြည်ရွာတိုင်းဖွား၊ မျိုးလေးပါးရို့
တရားလမ်းမှန်၊ ကျင့်ကြောင်းကြံလျှက်
အမှန်မုကျွ၊ သက်စွန့်ကြလော့ ---။
ဓမ္မတာလမ်းမမှန်၊ ဆိုးကြောင်းကြံလျှက်
တန်စိုးကိုစား၊ လိမ်လှည့်ဖျားသော်
နောင်သားတဖန်၊ သည်းမခံနှင့် ---။
နိုင်ငံတကာ၊ ဟူရာရာ၌
ပညာနှင့်ညာဏ်၊ သင့်စွာဖန်၍
တာဝန်မပျက်၊ သစ္စာရွက်လျှက်
အသက်ကိုလှီး၊ သွီးချောင်းစီးမှ
အပြီးကြံ့ခိုင်၊ နိုင်ငံတိုင်းမြို့
အစို့စို့နှင့်၊ ကိုယ့်ရို့ရပ်စည်
ကိုယ့်တိုင်းပြည်ကို၊ ရမည်မုကျွ
ဤလောကသည်
အောက်ကျမခံချင်သောကြောင့် ---။ ။

(ဒေးဝန်းကြီးအောင်ကျော်ရှီ)

အပိုဒ် (၁)
ဇေယျန္တု။ ။ ဗုဒ္ဓသျှင်တော်မြတ်အားတိုင်တည်ပြီး လျှောက်တင်ပါသည်။ ရဟန်းသျှင်လူ ပြည်သူအများ ရှိနားတည်လော့။ အနောက်ဖက်မဇ္ဇိမဒေသဟု အမည်ရသော အန္ဒိယတိုင်းပြည်ကြီးသည် ထက်နတ်ဘုံတမျှ သာယာစည်ကားလှပါ၏။ ဂင်္ဂါသီတာမြစ်ရီသည်လည်း အရပ်လေးမျက်နှာ၌ သာယာလှပစွာ စီးဆင်းလျှက်ဟိနီပါ၏။ ဘိလပ်မြို့ဟိ အင်္ဂလိပ်မင်းများအား တရာ့တပါးသော ထီးဆောင်းမင်းအပေါင်းရို့သည် ရိုသေဦးခိုက်လျှက် အခွန်ဘဏ္ဍာငွေ အဖူးလက်ဆောင်များ ဆက်သကတ်ရပါ၏၊ ကာလကတ္တားမြို့တော်တွင်လည်း ဗော်ရော်လာသတ်က အာဏာစက်ဖြင့် အုပ်ချုပ်လျှက်ဟိပါ၏။ အရှိတောင်ဖက်အရပ် စစ်တကောင်းမြို့တွင်လည်း ဝေါနော်သတ်သည် မြို့ဝန်အရာ ခန့်အပ်ခြင်းခံရပါ၏။ သက္ကရာဇ် တထောင်တရာသျှစ်ဆယ်နှစ်ခုနှစ် (၁၁၈၂) ခုနှစ်တွင် သာသာစကားတတ်ကျွမ်းသူ အကျွန်ုပ်အောင်ကျော်ရှီမှာ စကားပြန်အဖြစ် တာဝန်ပီးအပ်ခြင်းခံရပြီး စစ်တကောင်းမြို့ဝန် ဝေါနော်သတ်ထံတွင် ကောင်းစွာအမှုထမ်းရပါသည်။ လစာငွေ တလနှစ်ဆယ်ရဟိပါသည်။ တိုင်းပြည်ကိစ္စအဝဝကို ဆောင်ရွက်ရပြီး လူအများ၏ကြည်ညိုလေးစားခြင်းကိုလည်း ခံရပါသည်။

အပိုဒ် (၂)
သက္ကရာဇ် တထောင်တရာ့သျှစ်ဆယ်ငါးခုနှစ် (၁၁၈၅) ခုတွင် သျှင်မဖြူးကျွန်းတွင်တပ်ချထားသော အင်္ဂလိပ်စစ်သည်ရဲမက်များကို မြန်မာများက လုပ်ကြံသတ်ဖြတ် ရန်စရှာလာသည့်သတင်းကို လာသတ်မင်းကြီးကြားလီသောအခါ ကတ်တင်(Captain) ဘေးကာသတ်နှင့် ဂီသတ်အား စစ်တကောင်းသို့ အပြင်းချီတက်ခိုင်း၏။ စစ်တကောင်းသို့ရောက်သောအခါ ရခိုင်မူးမတ်မျိုးနွယ် အကျွန်ုပ် သော်တလီအောင်ကျော်ရွှီသည် ဘာသာပြန်အဖြစ် ကာနယ်သုပိလုင်၊ ဗဲကာသတ်၊ ကတ်တင်(Captain) ဂိသတ်ရို့နှင့်အတူလိုက်ပါလျှက် ဖလောင်းချိတ်မြို့သို့ ချီတက်လာရပါ၏၊ ဖလောင်းချိတ်တွင် လူအင်အားတထောင်ကျော်ကို စုဆောင်းလျှက် သျှင်မဖြူကျွန်း နတ်မြစ်ဝသို့ ချီတက်တပ်စွဲပါ၏၊ ယင်းတွင် အကျွန်ုပ်ရို့ တပ်အင်အားဖြင့် ခြသေ့်လားသို့ တသောသော အင်အားပြလျှက်နီသောအခါ မြန်မာများမှာ ကြောက်ရွံစွာ ပုန်းအောင်းနီကတ်ရပါ၏။ အင်္ဂလိပ်မင်းလည်း စစ်တကောင်းမြို့ဝန် ဂေါ်နော်သတ်ကိုခေါ်၍ ရာပသိန်သတ်အားဦးစီးခိုင်းပြီး မြန်မာများကိုနှိမ်နင်းရန် တပ်စေလွှတ်တော်မူ၏၊ မြန်မာအင်းဝဘုရင် သိမ်းပိုက်ထားသော တိုင်းပြည်များအား တိုက်ခိုက်သိမ်းပိုက်ရန် အာဏာချတော်မူ၏၊ ထို့ကြောင့် အကျွန်ုပ်ရို့သည် ရခိုင်ပြည်သို့ တပ်ချီတက်လာရပါ၏။

အပိုဒ် (၃)
ရခိုင်ပြည်သို့ ချီတက်လာသောအခါ ရာပသိမ်သတ်က မင်းအာဏာနှင့် ဇော်နေ(General) ဟရီသျှိန်ဗိုလ်ချုပ်ကြီးအား စစ်သည်ရဲမက်များကို ကောင်းစွာစုရုံးပြီး အမြောက်၊ ဗုံးစက္ကြာ၊ မီးကျည်တန်းများကို၊ အလျှင်အမြန်စုဆောင်းလျှက် ငါ့နောက်တော်သို့လိုက်ရမည်ဟု အာဏာချတော်မူ၏၊ လေးပါးသောစစ်အင်္ဂါဖြင့် ကမ္ဘာမြီကြီးထိန့်ထိန့်တုန်မျှ စစ်ချီတက်လာလျှက် ရာပသိမ်သတ်သည် နတ်မြစ်မော်သျှင်မဖြူးကျွန်းတွင် ချထားသောတပ်များအား ဗိုလ်ရှုခံတော်မူစဉ် မြန်မာတမန် နားခံမောင်လုံးလာလျှက် အသနာလီကဒီကုလားအား ဘာသာပြန်စီခိုင်းပြီး သည်တခါကို ကျွန်တော်တို့မိုက်ပါ၏ တပ်စောင့်ချထားသူများအား အသက်ချမ်းသာပီးပါ၊ တပ်တော်ကို နောက်ဆုတ်ပီးပါဟု ဆိုလာကျင်၏၊ သျှင်မဖြူကို အသျှင်တို့ပိုင်သည် မြန်မာများသည် ကျော်ကူး၍မလာပါတည်း။ အမှားခံလျှောက်ခြင်းရာကို ရာပသိမ်သတ်သည် အဟုတ်ထင်မှတ်ကာ တပ်တော်အလုံးကို နှုတ်သိမ်းယူ၍ ကောင်လောင်ဗိုလ်၊ သူပီလုင်၊ အစဟိသော ဗိုလ်အားလုံးသည် ပင်းဂါဖလောင်းချိတ်သို့ ဆိုက်ရောက်လာကတ်ကုန်၏၊ ကမ္ဘာမြီလုံးထိန့်မျှ စုရုံးပြီးနီစဉ်ခါ ရာပသိန်သတ်က အကျွန်ုပ်အား ရခိုင်စစ်သည်များကိုလည်း စုဆောင်းပီးရမည်ဟုဆိုလာသောကြောင့် ကတ်တင်(Captain) ပိန်းကော်သတ်နှင့်တိုင်ပင်၍ ရခိုင်စစ်သည် ငါးရာကျော်အား ယင်းတွင် ခန့်အပ်စုဆောင်းပီးရပါ၏။ ကုလားဘာသာအားဖြင့် (စဖာအိပ်) ဟု ခေါ်ဆိုပါ၏၊ သေနတ်ခြင်းများကိုလည်း မကျန်ကြွင်းအောင် ပြသပီးရကာ ကတ်တင်(Captain) ပိန်းကောသတ်ဦးစီးလျှက် ပင်းဂါအရပ်တွင် တပ်ချနားနီရပါ၏။

အပိုဒ် (၄)
ပင်းဂါအရပ်တွင် တပ်ချ၍နီစဉ်တွင် ရခိုင်ပြည်ဟိ အမည်နာမအားဖြင့် မောင်စံသာဟုခေါ်ဆိုသော မြန်မာအတွင်းဝန်၊ ငအောင်မာန်ခပါ အခွန်ဝန်နှင့် ရခိုင်မြို့ဝန် မြန်မာမောင်စံပျော်ရို့သည် နားခံတော်မောင်လုံးခေါ် စွန်းလွန်းဗိုလ်အား နားခံတပ်ထောက် ချထားလီသတည်း။ စာရွီးတော်ငဝိုက်ကေက မြန်မာတပ်များကို စုဆောင်းဦးစီးလျှက် ပင်းဂါအရပ်ကိုတိုက်သော် ငါတို့နိုင်ရပါအံ့၊ အရှိမှာ မြန်မာသျှင်ဘုရင် ကြားလီငြားသော် သူကောင်းပြုမည်ထင်၏။ ရှိနောက်အမြော်အမြင်မဟိဘဲ ထိုသို့တိုင်ပင်ပြောကြားပြီးနောက် မြန်မာသူယုတ်များသည် ဗိုလ်တပ်အင်အားနှင့် တပ်ချီလာကုန်၏။ ရခိုင်သားကျွန်းအုပ်ငပြီကြီးလည်း လောဘစိတ်ဝင်၍ အမ်းစားသားသာကျော်ဝေ ရွှိငွေဒ်ဂါး ကျွဲနွားအများအပြားရမည်မှတ်၍ သုံးယောက်သား ချိတ်ချိတ်ရယ်ကာ ဝမ်းကြီးသာ၍ ကခုန်လျှက်ပေ မြန်မာအောက်သားနောက်သို့ ကပ်လျှက်လိုက်လတ်လီသတည်း။ မြန်မာတပ်များသည် ခိုးကြောင်ခိုးဝှက်ပုန်းလျှိုးလာလျှက် ဝေလာတောင်၌တပ်ချပြီး ရုတ္တနာအရပ်တွင် တပ်ဦးချထားသော တပ်စောင့် ကတ္တင် (Captain) လုလ္လင်သတ်အား အငိုက်ဝင်တိုက်၍ လူအင်အားမမျှသဖြင့် ညည့်သန်းခေါင်မှာ တပ်ဆုတ်လာရပြီး ပင်းဂါအရပ်တွင် တပ်ချထားသော ပိန်းကောသတ်ဦးစီးသောတပ်နှင့်ပူးပေါင်းပြီး နီရပါ၏၊ မြန်မာတပ်များသည်လည်း ကတ်တင် (Captain) ပိန်းကောသတ်တပ်တပ်ဟိရာအရပ်သို့ ချီတက်တိုက်ခိုက်လာပြန်၏၊ တွိဟိရာရာကို ဖွီရှာဖမ်းဆီးသတ်ဖြတ်မီးလောင်တိုက်သွင်းလျှက် ကုန်အောင်ညက်ညက်မွှီကုန်၏။ ပင်းဂါမြီရာဇာဖက်အရပ်တွင် တပ်မစွဲလုပ်လျှက် တပ်ချနီကုန်၏၊ ထို့ကြောင့် ဟာလဘင်း ပင်းဂါ၊ စုက္ကရာနှင့် နတ်မော်အရပ်မြီ၌ ဟိဟိသမျှသော

သျှင်လူအများ၊ ချင်းနှင့် ကယင်၊ မြုံလျှင် ဒိုင်းနက် နှမ်းစိသားမရွီး၊ လင်းကဲပေါင်းစုံ သက်မူသျှမ်းစုစသည့် တောင်မြို့၊ ကုလား၊ မရမာ အကုန်ပြီး၍လာရပါ၏၊ ကိုယ်စီသားမယားနှင့် တသောသောလာလတ်ရာ အင်္ဂလိပ်ဖလောင်းမင်းဟိရာ စစ်တကောင်းအရပ်သို့ရောက်မှ ချမ်းသာရကုန်၏၊ ထိုသို့ ထွက်ပြီးလာလတ်ပြီး တဲအုံချ၍ ဆိုင်းရပ်နီသောအခါ ဝန်တင်ကျွဲနှင့် တိုက်ကျွဲများလိုအပ်သဖြင့် စုဆောင်းရှာဖွီလျှက် လိုအပ်သည့် ဝန်ဆန်ပစ္စည်းများကို ထောက်ပံ့ကူညီပီးရပါ၏၊ စံရှီဖွေကျွန်းအုပ်ကား ကျီစိုးအရာစား၍ ၎ဂီပီးလျှက် ဝန်တင်လှည်းများကို အုပ်ချုပ်စီရင်ရ၏။ ထို့ကြောင့် အင်္ဂလိပ်ဗိုလ်ချုပ်မာရသျှိန်က အကျွန်ုပ်နှင့် အကျွန်ုပ်၏ဇနီးသားမယားအား မိမိရင်၌မွီးသော သားသမီးရင်းချာမခြား ချစ်ကြင်မြတ်နိုးလျှက် လွန်စွာကြေနပ်အားရဖြစ်လီသည်တည်း။
(ပီအဆက်ပြတ်)

အပိုဒ် (၅)
ရှိဘုန်းကံကြမ္မာကြောင့် ခုနှစ်ဆက်သည် ကောင်းမှုဟိလီဖူး၍ ရာပသိန်သတ်က ငှါ့ဆီရောက်စီသောဝ်ဟု ခေါ်ယူငြားလီသောခါ အကျွန်ုပ်မှာ လွန်စွာ အားရဝမ်းသာဖြစ်ရပါသည်။ ကုမ္ပဏီရီးကိစ္စအဝဝကို မှန်စွာဆောင်ရွက်ပီးပါ ရခိုင်ပြည်ကိုပြန်ရလျှင် စိတ်ဟိရာရာ လိုသမျှအကုန် ငါမစ၍၊ သူကောင်းပြုခမည်ဟု ကတိကဝတ်ပြုသဖြင့် အကျွန်ုပ်မှာ လွန်ဝမ်းသာလျှက် နောက်နောင်အကျိုးကို မျှော်ထောက်ထား၍ အခမေးနာ ငွေတပြားတချပ်မျှမယူပါဘဲ လိုသရိကို ထမ်းပိုးရွက်ဆောင်၍၊ အရှိရန်ကုန်သို့ ငါးရာလူကို အလျှင်အမြန်လွှတ်ချင်သည်ဆိုသောကြောင့် ကောင်းရာလူကို လွယ်ကူရွီးချယ်ပါလျှက် ငါးရာရခိုင်သားအား အကျွန်ုပ်သည် ယင်းခါစုဆောင်းပီးတုံငြားက လှီသဘော်နှစ်စင်းမှာ တင်ယူဆောင်လျှက် လျှင်အောင်အရောက်လားလီပါ၏။ လမ်းထွင်သား ရခိုင်သားလူငါးရာအား ဖောင်သာရှီကို အကြီးခန့်၍ ဂ္ဂသျှိကာကာတင်သတ် ဂ္ဂရာဇီအား လက်တည့်အပ်နှံကာ ရခိုင်သားအပါအဝင် ဘေးကပ်ငါးထောင်ကျော်နှင့် သူရဲတော်များစီးနင်းရန် လှီများအားလုံးကို စုဆောင်းရှာဖွီပီးရပါသည်။ ရခိုင်ပြည်လားဖူးသူ ကုန်းကြောင်းလမ်းနှင့်၊ ရီကြောင်းလမ်းနှစ်ပါးစုံကို ပြနိုင်သူရှာပီးရမည်ဆို၍ လမ်းသိထွန်းပေါ်ဝေ၊ ဖသက်နှံနှင့်၊ ချီခံသတိုးဝေကို ခေါ်ယူပြီးခါ ကတ်တင် (Captain) ဒေါင်ရောင်မော်သတ်လက်တွင်း အပ်နှံပီးရပါ၏။ မကြာစုံစီ စစ်သည်ဗိုလ်ခြီသူရဲ သိန်းသန်းကုဋ္ဌီကို ယင်းခါစုဆောင်းမိက သျှင်မင်းကြီးမှာ လွန်စွာဝမ်းသာအားရ ဖြစ်လီသည်တည်း။

အပိုဒ် (၆)
အလျှင်အမြန်ချီတက်ရန် သျှင်မင်းမြတ်က ရောင်ဇနောင်ကို ယင်းတွင်အာဏာချ၍ စစ်သည်သူရဲ လှီသဘော်အပြည့် ပြောင်းကြီးဇဝါ ဗုံးစက္ကြာများကို ယင်းမှာတင်ဆောင်ယူ၍ ကုန်းကြောင်းတစချီလားလျှက် ရထားမြင်းဆင် လှည်းငင် ဝန်တိုက်နွားနှင့် ရဲမက်များအထောင်အသောင်းကို ရခိုင်ဗိုလ်ဒေးသျှိန်သတ်သည် တပ်ဦးချီ၍ တပ်နောက်ဝယ် ဟိန္ဒုတ်စပါအိတ်စစ်သားများ၊ မောင်းဂွတ်မြင်းစီးစစ်သားများက မီးကျည်တန်ခေါ် သေနပ်နှင့် လဲ့ကမံလက်နက်များကိုဆောင်ယူ၍ ကြီးစည်ခရာဗောတီးမှုတ်လျှက် သောင်းဇမ္မူတခွင် ထိန့်ဆူကျော်နှံ့ကြားမျှ တသောသော စစ်ချီတက်လာလတ်သောအခါ ရာပသိန်သတ်မင်းမြတ်၏နောက်တော်ဝယ် အကျွန်ုပ်ကပ်၍ပါလျှက် ဆံတမြွာမယွင်းခွတည်း။ ဖွဲ့ဒါကြီး၊ အသောင်းအဒူလာနှင့် အဟောဒါမာတဒိန်၊ စီရင်ထွေ တိုးအောင်ကြွယ်သည်လည်း နောက်တွင် ကပ်လျှက်ပါ၏။ ဒါးပိုင်ကြီးအမတ်တော်၏သားကြီးအမ်းစားသားလည်း နောက်ဝယ်ပါ၏ တိမ်ကြားဗိုလ်နှင့် မာလုံသတ်သည် ရီကြောင်းချီလျှက် စစ်တကောင်းမြစ်ကိုကူးပြီးဆန်တက်လီသော် လက်ဝဲနား ဘောင်းဒွတ်တောင်ကိုကျော်လွန်ပြီး လက်ယာနား ပြင်သာကြီး ဖောက်ကျီစျီးကို လွန်၍လားလီပါလျှက် ကန်ရှည်၊ ဆိုက်မနား၊ ဟာလဘင်း၊ စုက္ကရာရွာများကို ကျော်၍လားသော် ရီကင်းနား၊ ဆည်ကြီးရွာ ပတ္တလီကို ထိုခါဆိုက်ရောက်ပါ၍ ပင်းဝါရွာမရောက်ခင်၊ ရခိုင်ဝန် မြန်မာမောင်စံပျော်သည် ယင်းခါ ကြားလီကျင်၍ သားတော်ငဝိုက်ကေလည်း ငါရို့အသက်သည် ခုပင်သီရတော့မည်ဟု ဖက်ယင်းငိုကတ်လီသောခါ မြန်မာအတွင်းဝန်သည်လည်း ကြောက်ကြီးသံဖက်ဝင်လျှက် မိုးဦးကျဖားမြည်သကဲ့သို့ တသောသောငိုလျှက်ပေ မြန်မာတပ်လုံးသားသည် ယင်းတွင် ထွက်ပြီးလားလီပါက ဘုန်းကံအကြောင်းကြောင့် တစစ်အောင်လီသည်တည်း။

အပိုဒ် (၇)
ဆက်၍မတန့်မနား ချီတက်လားလီပါသော် ဖလောင်းချိတ်မှာ ရောက်တုံပါ၍ တောင်ကြောင်းမျှောင်လားလီသောအခါ ရဲစုချောင်းကို ကျော်လွန်မြောက်၍ လက်ဝဲဖက်တွင် ပန်းမော်အရပ် သင်းပေါင်းချောင်းအရပ်များကို လွန်ခပါလျှက် မြင်းမျက်နှာတောင်အနား လားလီပါသော် နတ်မော်သို့ဆိုက်ရောက်၍ ရဲမက်ဗိုလ်ပါအားလုံး ညောင်းညာဖြီလျှက် မောင်တောတပ်တွင် ဆိုင်းငံ့နီကတ်ရပါသည်။ မောင်တောတပ်မှာ ဆိုက်ရောက်သောအခါ မြို့စာရွီးဥာဏက

လက်ဝဲဖက်တပ်ကို ဖြိုကာထွက်၍ပြီးလျှက် ကြောက်ဗုန်ကြီးတုန်လှုပ်ကာ မြန်မာများသည် လျှို့ဝှက်နီလီပါ၏။ ယင်းသောခါ အကျွန်ရို့သည် အနောက်ငယ်ကို လက်ဝယ်သိမ်းယူကျင်၍ အစလျှင်ပဌမ နောင်းဖော်ရှိကို ကျွန်းအုပ်ခန့်ပီးခလျှက် ချီတက်လာလတ်သောအခါ အလယ်သညာသို့ ရောက်လီပါ၏။ ယင်းတွင်မရပ်နား ကျောက်ပန်းစွယ်ကို လက်ယာပါယ်ယောင်ထားလျှက် တသောသောချီသောအခါ ပြည်ရွာထိပ်မှတ် မယူနတ်ကြီးမော်သို့ ဆိုက်ရောက်ခါတုံ့ပြီးမှ များဗိုလ်ပါသည် ယင်းတွင်တပ်ကြီးချ၍ တန့်ရပ်နီလီသောခါ မိမွသားသူငယ်များသည် ဥပမာမူ သားလင်ရောက်လာငြားသို့ လွန်စွာပျော်ပါးဂမ်းကြီးသာ၍ အဖူးလက်ဆောင် များမြောင်ပို့ဆက်လာကတ်ပါ၏။ ဆက်၍ချီတက်လားလီပါသော် ဦးရာဇဖြောင်သျှင်ပင်ဓါတ်သို့ရောက်၍ အထွတ်ဖျားစေတီမှာ တင်းခွန်ကုတ္တား မုလေးပွားကို လျှောင်ငြားပူဇော်ပါလျှက် လားလီကတုံ့ခါပေ ကုလားပုံးကို လက်ဝဲထားခသည်တည့်။ ဆင်ခံဂယ်ဆိုက်ရောက်က ယင်းတွင်တပ်ဦးချလျှက် ကုလားအဟောဒါ မာတဒိန်ကို စာနှင်စီလွှတ်ပါ၏။ ချောင်းဖလာတပ်ထဲဂယ် မြန်မာများကို အလျှင်ထွက်လာစီဟု တမန်လွှတ်လျှက် ခေါ်ပတ်ပြောတုံ့သော်လည်း ထွက်မလာသဖြင့် နင်ရို့များသည် ကျင်းကျင်းအကုန်စွာကို ရဲမက်တော်ဂူရာက ခုပင်သတ်ဖြတ်မည်ဟု အကယ်တည့်တည့်ပြော၏။ ခုလျှင်လျားတုတ်နောင်မည်ဆိုတုံ့သော်လည်း နားမလည်သော မြန်မာစာရွိုးကြီးဝိုက်ကေနှင့် နားခံမောင်လုံးစသောသူများသည် ကောင်းမည်ထင်ပျာ အမှားမှားအယွင်းယွင်း ကြွက်ဟန်ပမာ ယင်းတွင်တွင်းတူးလျှက် နီလီပါ၏။ ထိုအခါ သျှင်မင်းကြီးမှာ မာန်ကြီးပါ၍ ဂေါ်မီတော်မော်သတ်နှင့် မောဇော်ကတ်တင်၊ သောက်သတ်လျင်အား ခုပင်ချီလားလီဟု အာဏာချသောအခါဂယ် ရီဗိုလ်ချုပ်သည် လျှင်စောချီတက်လီ၍ တိုက်လီပြီးတုံ့သောခါ မြန်မာများသည် ပြီးငြားမလွတ်ပါတည်း။ နားခံတော်မောင်လုံးမှာ လက်ဝါးပေါက်လျှက် ပုန်းရှောက်ထွက်ပြီးကာ ဝဝိုက်ကေစာရွိုးစသော မြန်မာများသည်လည်း ကြောက်ကြီးသံဖက်ဂင်၍ အတတ်မှုမစစ်သာဘဲ လင်းကဲအသွင် တောထဲဂင်၍ ထွက်ပြီးလားလီပါသော် ချောင်းဖလာတပ်ကြီးကို ဘုန်းတော်အားနှင့် ကောင်းစွာအနိုင်ရလီသည်တည်း။

အပိုဒ် (၈)

ထိုသို့ တိုက်ပွဲသတင်းကို အုန်းတပင်တပ်မမှ မြန်မာမိုးကောင်းဗိုလ်နှင့် ငချေးကြားလီပါက တပ်လုံးသူသည်၊ ဆောင်းတွင်ချုပ်ထားငါးသို့ ကြောက်ဗုန်ကြီး၍ ထွက်ပြီးလီပါ၏။ ထိုအခါ ဆက်ချီတက်လျှက် ကျွဲခြံတောင်မှာ လျှင်စွာဆိုက်ရောက်ကျင်က ရခိုင်ပြည်ဂယ်ဟိသည့်လူအများကို စုလုံးခေါ်ကျင်၍ သလွန်တောင်ကို စီရင်အုပ်ထိန်းပြီး ကျွန်းအုပ်ငရောက်ဖွေအား တောင်ဖက်ကျွန်းကို ထိမ်းသိမ်းစီရင်စီ၏။ ကျွန်းအုပ်ဖော်ရှိသည်လည်း ဂမ်းကြီးသာ၍ လျှင်စွာရောက်လာသည်တည်း။ မူဇဲကျွန်းအုပ် ငကြောင်ပြိန်းတောလည်း လျှင်စောပေါက်ချလာလျှက် စစ်တွေမှာကောင်းစံရှိ၊ တောင်ရင်းကျွန်းတွင် ပေါ်ထွန်းဂိနှင့် ပြချေအား ဂင်းကျွန်း၊ အသက်နံ့အား ပြားကျွန်းစားစီ၏။ ကျိန်းရှိနောက်မှ ကျွန်းအုပ်မောင်သာကြံ့နှင့် ပြည်လုံးသားသည် သောသောရှရှဆာ၍ ဆိုက်ရောက်လာလတ်တုံ့ပြီး လိုလိုသမျှသော ကျွဲနွား၊ ဆန်ရိစပါး၊ ဆီပျားထောပတ်များကို လက်ဆောင်ယူလာပီးကတ်ပါ၏။ ချီတက်ရာတသောသော ပါးတော်တောင်မှာ လျှင်စွာဆိုက်ရောက်ငြားက ရခိုင်သားစဖာအိပ်၊ တပ်မင်းမြဖော်၊ သုဗတာနှင့်၊ ဂူရာနစ်ပါးသည် မြန်မာများအားဖိလျှက်တိုက်သတ်ပြီး မြန်မာများထွက်ပြီးသည်ကို တောင်ထိပ်ဖျားက ကြင်းကြင်းမြင်ရပါ၏။ မြန်မာပုခန်းဗိုလ်နေမျိုးသူရိန်နှင့် မဂ္ဂရာမြို့သူကြီးသည် မျက်စိပြောင်းပြန် ထိပ်ဆံအသက်လုလျှက် ဟစ်ကြော်ကျွီးမြည်၍သာ စိုက်စိုက်မတ်မတ်တန်းလျှက် ကိုယ့်ရွာရောက်အောင် ပြီးရလီပါသည်တည်း။

အပိုဒ် (၉)

မြန်မာပုခန်းဗိုလ်နေမျိုးသူရိန်နှင့် မဂ္ဂရာမြို့သူကြီးရို့ ကိုယ့်ပြည်ရောက်အောင် ထွက်ပြီးလားလီပါသော် ဆက်၍ချီတက်လိုက်လီပါက ဇီးဇာပြင်မှာ လျှင်စွာဆိုက်ရောက်တုံ့ပြီး တဖက်ကမ်းမှာ မဟာထီး၊ ငါးရကောက်၊ ချောင်းနားမော်အရပ်တွင် တပ်စွဲထားသော မြန်မာတပ်များကို အထင်းသားမြင်ရပါ၏။ ထိုအခါ ဗိုလ်ချုပ်မင်းလည်း လျှင်ပြင်းချီလားလီပါ၍ သူရဲတော်ဂူရာများ၊ တောင်းလောင်ကျီကို အညီစိုင်သင့်ထားလျှက် လက်ယာဖက်တွင် မြင်းစီးသား၊ လက်ဝဲဖက်တွင် ဟိန္ဒုတ်သာနီကုလားတပ်နှင့် တပ်တော်ဦးက ရခိုင်စစ်သားများ ကြီးစည်ဗောမှုတ် သံဝါခြိမ်းမောင်းငြာလျှက် ချီလားတိုက်ကတ်လီသောအခါ မဟာထီးမှာ တပ်စွဲထားသော မြန်မာတပ်များအကုန်စွာမှာ ပျက်ပြိုလီသောကြောင့် မြန်မာဇေတဝိုလ်သည်လည်း ကြံ့ရာမရဖြစ်ကာ ပုခန်းဗိုလ်ဦးစီးသောမြန်မာတပ်များသည်လည်း ကျားကိုမြင်သော် သမင်မြိုင်ချောင်တောက ကြောက်ဗုန်ကြီးစွာ ထွက်ပြီးလားသို့ အသီးသီးထွက်ပြီးလားကတ်လီကုန်ပါ၏။ မြန်မာများသည် တောတောင်ဦးဖျား ပြီးငြားပုန်းယောင်လားလီပါက ဆက်ချီတက်ခါ ပေါင်းတုတ်ပြင်မှာ ရောက်တုံ့ပါလျှက် ဆိုင်းရပ်ပြီးနီသောခါ ပြည်သူများသည် တပ်တော်တာအား ထိုခါ ဝိုင်းအုံ့ကြည့်ရှုလာကတ်ပါ၏ မြို့အနားတောင်ရိုးတလျှောက် မြန်မာများသည်

မဲမဲပြုတ်ပြုတ်ဆာလျှက် ကွန်းစီးပေါင်းဂက မြန်မာဂန်မောင်စံပျော်၊ နားခံငကျက်ကေ၊ စာရွီးတော်ငဂိုက်ကေ မက္ကရာမြို့သူကြီးသည် ကြီးကြပ်အုပ်ပြုပါ၍ ပန်းတလေဂန်ဟောင်း ပေါင်းကာစု၍ တောင်ထိပ်ထက်တွင် သောသောရုရုဆာလျှက် မြီကတုတ်ထဲဂင်ပုန်းကာ ပေါင်တံလက်တံ အသားမဲမဲ သွားကြဲကြဲ ခေါင်းစုတ်ချွန်းနှင့် တောမျောက်အသွင်ဟိနီလီကုန်ပါ၏၊ မြန်မာစာရွီးကြီးငဂိုက်ကေလည်း ထိုခါ လက်ခုပ်ဖောင်ဖောင်တီးလျှက် ခွတ်သတ်မည့်ဟန်အယောင်၊ ပုဏ္ဏားတောင်ထိပ်တွင် ညာဏအောက်သားသော်ကား တပ်နှင့်စီး၍ပေ လီသာတောင်ခံတပ်တွင် မြန်မာမြို့အုပ် ဗိုလ်လုပ်လျှက် မောင်ဗျဲမြန်မာ၊ ငပွင့်တပ်အားလုံးသူသည် ကခုန်ကာတသောသော ဟန်ဆောင်တကားကားနှင့် မြန်မာအတွင်းဂန်ကား ဗိုလ်ချုပ်လုပ်လျှက် ငမောင်စသည် နောက်ကပုန်းနီပါ၏၊ ကြောက်ခြင်းဟန်ပြင်မထုတ်ဘဲ ထိုခါဥပါယ်ပြုလျှက် ဂသဲဖက်တွင် ပုန်းအောင်းလျှက်ဟိလီပါ၏၊ မုတ်ဆိတ်ရှည်ငကျော်ဇံက မျက်နှာလိုခံ၍ ပြည်လုံးသားကို မွှီလျှက်ဂုံးတိုက်သည်ကား ရခိုင်သားကိုသတ်ရမည် တိုးတိုးချပ်ချပ်ဆိုလျှက် မြို့တွင်းထဲပြီးဂင်၍ ပုန်းအောင်းလျှက် ဟိနီလီပါသည်တည်း။

အပိုဒ် (၁၀)
ယင်းသောခါ ရာပသိန်သတ်က တောင်ထိပ်ဟိ မြန်မာတပ်များကို ခဏချင်းနှင့် လျှင်စောတိုက်ကတ်ဆိုလျက် အာဏာပီးလီသောအခါ ဇော်နော် (General) မာရိသျှိန်သည် ခြိမ်းမဲတိုက်မောင်းကြော်၍ ရဲမက်တော်ကို စိုင်ကာအသင့်ချလျှက် ပြည်ရွာထိန့်လန့်ချောက်မျှ ပုလီစောင်းညှင်း ကြီးနင်းစည်ပုတ်ကေနှင့် ခရာ၊ နဲ၊ သံကောက်၊ စည်ကြီးတီးကာ ဗောမှုတ်ကာဖြင့် တယောက်တစစီ အောက်သားတပ်ကို နင်း၍တိုက်သတ်လီ၏။ လက်နက်ဗုံးစက္ကြာအား တချက်ပစ်သော် ထွတ်ဖျားထက်အာဏာသို့ တက်လီပါတုံပြီးမှ အာကာမိုးပေါက်ကျသို့ ကျလတ်ပါသော် ဆင်မြင်းကစ အားလုံးမြန်မာမှန်သရိကို သီကြီပျောက်ဆုံးစီ၏၊ မီးကျည်တန်းခေါ် အမှန်ထိုလက်နက်ကို တချက်ပစ်လွှတ်သောခါ တိမ်ကိုခွဲ၍ ဂဲလျှက်တက်လီပါ၏။ ထက်အာကာမှ မိုးကြိုးသံသို့ ကျလာတုံပြီး မွှီလျှက်သတ်ခြင်းဟန်ကား ချောက်မြောင်တောင်ကြား ပုန်းလျှိုးနီငြား အားလုံးမြန်မာ ပြီးလားမလွတ်ပါတည်း။ သုံးရက်ဂီဂီဂင်းဂင်း တောတောင်မြီလုံးလင်းမျှု တိုက်ရပါသည်။ တိုင်ပင်ငြားတနည်းမှာ လီသာတောင်ကို ဦးအောင်နင်းကတ်ပါဟု အာဏာချလတ်ခါတုံပေက ဇော်နော် (General) ဇီရီသတ်သည် လွတ်လွတ်ချီလျှင်းပါလျှက် တပ်ရှိဦးက ဂူရာသည် တောင်လောင်ကျီလည်း ယင်းခါနောက်ထပ်ကပ်၍ ညည့်တလပ်သန်းခေါင်တွင် လီသာတောင်ကို လျှင်အောင်တက်တိုက်ကျင်က မျက်တောင်ပင်မခတ်မှီ မြန်မာမြို့အုပ်ငမောင်ဗျေသည် လွယ်လွယ်ပြီးလားလီ၏။ ပုဏ္ဏားဆီတောင်ထိပ်မှာ ညာဏအောက်သားသော်ကား ကြောက်ဂှန်တုန်လှုပ်ပြီး အိမ်မှာသားမယားကို စောင်းလှည့်မကြည့်ငြားဘဲ ကိုယ့်အသက်ကို လွတ်ကြောင်းပြီးလီကျင်၏။ ကွန်းစီးပေါင်းဂမှာ တပ်ချထားသော မြန်မာများသည်လည်း သောသောရုရုဆာလျှက် ပြီးလီခါတုံကပေ မြန်မာမောင်စံပျော်နှင့် နားခံငကျက်ကေ ငဂိုက်ကေ၊ မောင်ရဲ လေးယောက်စုံသည် ပူးတုံဖက်လျှက် ငိုကြရာတသျှုတ်သျှုတ် ကြက်သီးဂှန်သည် လိပ်ပြာထွက်လုတ်လုတ်တည်း။ ဆွစ္ဆီစုတ်မျောက်ရီငန် သူငယ်သားကို ဖမ်းစားဟန်သို့ မျက်ဆန်ခပြူးပြူး ဆံပင်ဖားရား ဂမ်းဖားဖားနှင့်၊ ခြီကိုကားရားပြုလျှက် ဖားပြုတ်အသွင် မြန်မာအောက်သားများ ပြီးငြားလားလီကျင်သည် ငွေတောင်ပေါက်ဂကလေး။

အပိုဒ် (၁၁)
ငွေတောင်ပေါက်က ပြီးလားပါသည်ယင်းခါတွင် မြန်မာငဂန်မင်းလည်း သဲဖျားကြက်သီးဂှမ်၍ ကြံရှာမရ ဘီလူးမတန်းခါးဂမှ ပြီးလားလီပါသည်တည်း။ ပန်းစျီးမြောင်းကိုကျော်လွန်မြောက်၍ မိုးကြိုးဂျိုင်ကို စိုင်ကာလားလီပါလျှက် ဂက်ချောင်းကို လွန်၍တက်လီပါသော် ချင်းရွာတောင်ခြီနား ပုန်းလျှိုးကုတ်ရှုတ်ကာ မြန်မာအတွင်းဂန်သည် ဧကန်အမှန်ပြီးလီပါက တသောသောရှာသောအခါ ဂျီဒရယ်သည် ဆတ်ငယ်ကိုယ်အလားသို့ လမ်းစပ်ကြားခြုံထဲမှာ မြန်မာမြို့သူကြီးကို အလျှင်ဖမ်းမိပါ၏၊ သက္ကရာဇ်မှာ တထောင်ဖြစ် တရာ့သျှစ်ဆယ် စွန်းဂယ်ခြောက် (၁၁၈၆) ခုနှစ် တန်းခူးလဆန်းဆယ့်လေး (၁၄) ရက် သောက်ကြာနီ တပိုဂ်ကျော်နီထွက်တွင် ရန်ခပ်သိမ်းကို ပျောက်ငြိမ်းအောင်မြင်ပေက ဓညဂတီ ရခိုင်ပြည်ကြီးတွင်၌ ပုရိန်ပြင်အထဲမှာ မြသွင်နတ်ကို ပသပူဇော်ပါလျှက် ကောင်းသည့်ခါနိရက်ဂယ် ရဲမက်ဗိုလ်ပါ လူတကာကို ယင်းမှာစုရုံးစီ၍ ရခိုင်ပြည်မြို့ထဲမှာ ဘာသာလျှောက် ပြောင်းမီးပေါက်ကို ပစ်မြှောက်ပူဇော်ပါလျှက် မြန်မာပိုင်ကာလ မြန်မာဘုရင်နန်းသက်ဖော်၍ မြန်မာတိုက်ဂန်တည်ထားခသော ရွှီဂူမစေတီကို ဖြိုဖျက်ကာပစ်လျှက်ပေ ယင်းတောင်ထိပ်မှာ အိမ်ကြီးဆောက်လုပ်စီ၏၊ သိုက်ထွက်စာကိုလိုက်၍ မြန်မာများသည် ငရို့ပြည်သျှင်မင်းကြီး ကောလိယမင်းတည်လုပ်ပါသည့် သျှင်တော်မဟာထီးကို ချိုးဖဲ့လွှင့်ပစ်ကာ စောမွန်တည်ပြု၊ မင်းဗာလုပ်သည့် တံတိုင်းမြို့ဂင်းတော်ကိုလည်း ဖြိုဖျက်ပစ်လီသည်တည်း။၊ နောင်ခါဂယ်တုံပြီးမှ အကျွန်ုပ်အား ယင်းတွင်အာဏာချလျှက်

ဂူရာနှင့်မြင်းစီးစစ်သည်စဖာအိတ်များနီဖို့ လိုင်းအိမ်တော်ကို ဆောက်လုပ်ကာပီးရမည် တောင်းလတ်ပါသော် လွတ်လပ်ခန့်ခွဲပေလျှက် ဂါးသက်ကယ်ကြိမ်သစ်ပင် ဗဲကပ်သားနှင့် လျှင်စောဆောက်လုပ်ကျင်၏။ ရာထောင်မကသော အိမ်များကို ဆောက်လုပ်ပီးရပါ၏။ ယင်းခါတဌာန ရာပသိန်သတ်က ရမ်းပြည့်မြို့နှင့် သံတွဲမာန်အောင်၌ဟိနီသည့်အောက်သားများကို ဇော်နေ (General) မယ်ကာရီသတ်အား လွတ်လပ်တိုက်ခီဆိုက ကတ်တင် (Captain) ဗိုလ်မေဇော်သတ်သည် မြစ်မှာစင်းချင်းစပ်မျှ သင်္ဘောစီးကာ လွတ်လပ်ချီလားပါသော် မာန်အောင်မြို့မှာ လျှင်စောရောက်လီ၏တည်းလေး။
(ပင်းဂါ၊ မြောက်ဦးသိမ်းတိုက်ပွဲ ဤတွင်ပြီး၏)

အပိုဒ် (၁၂)
မာန်အောင်မြို့ကို လျှင်စောရောက်လီကျင်က မြန်မာများနှင့်တိုက်ပြန်လီသောအခါ မြန်မာဝန်ရဲစက်ကေသည် ကြောက်ဝှန်ငြားမကြံသာ ကိုယ့်မယားကို လက်ဖျားဆွဲကိုင်ကျင်လျှက် များတကာဖော်မရ နှစ်ယောက်တည်းပင် တောထဲဝင်၍ ခြုံတွင်ပုန်းလျှိုးနီလျှက် တခဏနီသောခါ ဇော်နော် (General) မက်ကာရီသတ်သည် ဝန်းပတ်ထားလျှင်းပါ၍ ဖမ်းဆီးကာယူ၍ပေ နှစ်ယောက်စုံကို လွယ်ကူရလီသည်တည်း။ သင်္ဘောတွင်ဆောင်ပြီးခါ ကုလီကတ္တာမြို့သို့ လျှင်စွာပို့လီပါ၏၊ ရမ်းပြည့်ဝန်မောင်ယံလည်း အကယ်ကြားလီတုံက မောင်ဗျဲအခွန်ဝန်နှင့် နှစ်ယောက်သားတိုင်ပင်၍ ငါတို့အားလုံးသူသည် အသတ်ခံရတော့မည်။ သူရို့မရောက်ခင် မြို့ကိုလွှတ်ကျင်လျှက် ထွက်၍ပြီးကြပါအံ့။ ပြောတိုင်ပင်ပြုပြီးခါ မြန်မာများသည် လျှင်စောထွက်လားပြီးလီပါ၏၊ သံတွဲမှာတဌာန မြန်မာမြို့သူကြီးငပန်းစံကို လျှင်မြန်ခွတ်ထစ်သတ်ပစ်ပါ၏။ မြို့ဝန်ရွှေမန်းစသော မြန်မာများသည်လည်း သောသောရုရုဆာလျှက် တောင်ရိုးစီး၍ ပြီးငြားလားလီပါသည် အရှိနိုင်ငံပြည်သို့တည်းလေး။ ဖမ်းဆီးဖွေရှာမရ သုံးမြို့စုံကို လက်ဝယ်သိမ်းရုံးရ၏။ ပိုးလောက်မျှတကောင်ပင် မြန်မာများကို ငေါက်ငေါက်ထောင်၍မမြင်ပါတည်း။ ရခိုင်ပြည်မြို့ကြီးမှာ ရာပသိမ်သတ်က ငါရို့ပြည်ရွာ ကျွန်းများစွာဝယ် တန်သည့်သူကို အရာခန့်အပ်မည်ဟု ပြောဆိုလီတုံသောခါ အသီးသီးသော ကိုင်းချောင်းကျွန်းများစွာကို ကျွန်းအုပ်ချောင်းစားခန့်၍ ပရနဂါ ထိုခါပီးဆင့်ခတ်နှိပ်ပါ၏။ နောက်တထပ်အမိန့်တော်ချမှတ်တော်မူသည်ကား ငါ့ထံမှာမြဲခစား အကျိုးတော်ကို ပြီးအောင်ဆောင်ရွက်ငြား၍ သော်တလီအောင်ကျော်ရွှီအား ပီကျွန်းနှင့်ယိုးကျွန်း ဦးရစ်တောင်လည်း ယင်းတွင်ပါစီ၊ ပီချောင်း၊ လေးမြို့၊ ယိုးချောင်းနယ်လည်း ထိုခါထည့်လိုက်ပါ၍ အကျွန်ုပ်အား ကျွန်းအုပ်အရာခန့်လျှက် သားစိုင်မြီးဆက် မပျက်စားလီစီတည်းဆိုပေသောအခါ ဖွဲ့ဒါးကြီးသည် ငါးရွက်စာကို ပရနဂါဆတ်ကြီးခတ်၍ လျှင်စောပီးလာသည်တည်း။ အကျွန်ုပ်လည်း ကျွန်းချောင်းဖျားကို သိမ်းငြားပြုစုပါ၍ သင့်ရာရာအားလုံးကို ကိုယ့်မှာသားရင်းပမာသို့ ချမ်းငြိမ်းသာယာမစပါ၏။ ရှိပြုကုသိုလ်ကံအကျိုးကြောင့် မိဘရပ်မြီရခိုင်ပြည်မှာ လွယ်လွယ်ရောက်လာပြန်၍ မွီးမိခင် နို့သျှင်ချွေးမများနှင့် မခြားဆံတမျှင် တရက်မကွာချင်ဘဲ စံပျော်ပါးတသောသော နွဲပျော်ရွှင်နီရပါသည် ရှိသံသာ ကြမ္မာဘုန်းအကြောင်းကြောင့်တည်းလေး။

အပိုဒ် (၁၃)
ဘုန်းကြောင်းဧကန် နီရပြန်သည်ယင်းသောအခါ ရာပသိန်သတ်က ရခိုင်ပြည်တွင် ဇင်ပတ္တင်ကို မြို့ဝန်ခန့်အပ်မည်တည်း။ ရမ်းပြည့်ဝယ်ငါလားခါ ဖွဲ့ဒါကြီးလည်း မပြတ်နောက်တော်မှာ၌ ချီလားရာပါရမည်။ အောင်ကျော်ရွှီသော်တလီလည်း ငါ့ဆီလိုက်ရမည်ဟု ပြောဆိုလီသောအခါ ပတ္တင်သတ်ကို မြို့တွင်ထားလတ်ပါ၍ မိုးပွဲသော်နောင်အခါ စစ်တွေကျွန်းကို မြို့ကြီးတည်လုပ်ပေဟု ပြောပြီးနောက်မှ သင်္ဘောလှီတွင် ဝန်ဆန်ပျင်၍ မင်းအာဏာကြောင့် မနီရသည် အလျှင်ချီကြွလားလီပါက မွီးမည်တော်ရွှိနို့သျှင် အလျှင်မွီးသည် သမီးဦးလှပန်းသွင်နှင့် သားဦးထွန်းအောင်ကျော်ကို ဖခင်အောက်မိကာ နောက်တော်လားပါလီရာ လားလျှင်းပါသော် ထိုမှာ ဂံဘိုဝ၌ ဆိုက်ရောက်လီသောအခါ လီသင်းထုံးသည် မုန်တိုင်းဟန်ပမာသို့ ထလတ်ပါ၍ ရွှိနို့သျှင်သည် မိခင်ချွေးမများကို အောက်မိတကာကာနှင့် တဆတ်ဆတ်သည် မပြတ်လားလီပါ၍ ရမ်းပြည့်သို့ အများမကြာ ယင်းတွင်ဆိုက်ရောက်ပါက မာန်အောင်နှင့်သံတွဲမှာ ဟိသမျှလူကြီးလူငယ်သော်ကား ဝမ်းသာအားရ လာလတ်ပါသည် သင်္ကြန်ပွဲမကတည်း။ ရိုတုတ်ကွအသွယ်သွယ် အသျှင်ထံတော်ဝယ်၌ ခယထွေနီသောခါ တန်သည့်သူကို ယင်းတွင်ရွှီးချယ်ပါလျှက် ကျွန်းချောင်းမှာအသီသီး သူကြီးအရာခန့်အပ်ပါသည်။ ယင်းမှာဆတ်ခတ်ပြီးလျှင် လွန်ချမ်းငြိမ်းသာယာစွာ လေးမြို့စုံကို ညီအောင်ပြုလုပ်ကျင်၍ အရှိအင်းဝပြည် မြန်မာသျှင်ဘုရင်ကို ငါပင်တိုက်ချီမည်ဟု နောက်တော်ဝယ်မြဲမကွာ အောင်ကျော်ရွှိနှင့် ဖွဲ့ဒါးလိုက်ရမည်ဆို၍ သုံးပင်တိုင်သည် လှီယာဉ်သင်္ဘောထက်၌ လက်နက်ပြောင်းဇဂါ၊ သေနပ်များနှင့် ခဲယမ်းဗုံးစက္ကြာကို စုံအောင်ယူ၍

မီငုံသတ်လည်း ယင်းခါပါလီပါ၏။ အေသျှိမ်သော်ရာသတ် သျှင်ဘုရင်မှာ မြတ်ရာစီခန့်လွှတ်၍ ဗေတင်တတ်ပုဏ္ဏားတော်နံဒရင်နှင့် အမှာတော်ရွီး၊ နားခံငအုတ်ကေ၊ သားမယားနှင့်မကြွင်း ယူလီသည်တည့်။ ချီတက်လီတုံသောအခါ မွီးမိခင်ကို မမြင်ခရပါ၍ မေ့ချစ်စသည် နွမ်းလျော့စိတ်ဗျာပါနှင့် မွီးမည်တော်အိုယိုမစွမ်း သားကိုတ၍ လွမ်းပူပင်လျှက် ရောဂါစီး၍ မချိဟိလတ်မည်ကို စိတ်တွက်လျှက်သာ လီပွီမုန်တိုင်းထသို့ မျက်ရည်ယိုစီးကျလျှက် တမ်းတအောက်မိတကာကာနှင့် လှီသဘော်ထက် အကျွန်ုပ်ရို့နောက်တွင်ပါလီပါ၏၊ ချီလားရာယင်းကပင် သီတာမြစ်ကို လွှင့်ငြားတက်လီပါသည် ရန်ငုမ်မြို့ရွာသို့လေး။

အပိုဒ် (၁၄)
ရန်ငုမ်မြို့ရွာ ထွက်လားပါသည်ယင်းခါတွင် ကမ်းမမြင်သီတာမှာ လိပ်ကျောက်ငါးမန်း ပြွန်းပြွန်းပေါ်ပြန်လာက ငါးဆင်၊ ငါးတောက်သူလည်း ရီတွင်ဖြိုထိုးကြ၏၊ လင်းသျှူကပေါ်ကာကာ ရီမီးကျောင်းလည်း ကိုက်မည်ချည်းသာရှာလျှက် ပြင်သာမှာတဌာန ပတ်ကာဝန်းကာ ရစ်၍လာပါသည်။ လိပ်ငါးမန်း၊ ဆောင်းရှား၊ ငါးဒရှည်မှာ ရီတွင်ခုန်လွှားပြန်လျှက် ကဇတ်ဟန်သူ့ဘာသာ ငါးသဘင်ကို ယင်းတွင်မြင်ရပါ၏၊ ဝေဘူမှာမျောလျှက်၊ တင်းကျိတ်ငယ်လည်း ရီတွင်ငုတ်ကာစားလျှက် ဇင်ယော်နားပင်းက မြစ်လယ်ကြောဝယ် သောသောပျံဝဲကာနှင့် ကြိုးကြာမှာတဌာန အခြီစင်းစင်း လိုင်ကြင်းကြင်းနှင့် ခုန်ဆင်းခုန်ဆင်း၏၊ ရီငှက်မဟာဆ်းမှာ မောင်နှံနှစ်ပါး တူစုံလား၍ တောင်ဖျားယှက်ခြုံကာနှင့် အစာခွန့်လျှက် လိုင်ချင်းယှက်တင် မြူးပျော်ရွှင်သည် ရီတွင်သဘင်ငှက်များကို မေ့ချစ်သက်မြင်သောခါ သားဦမိခင် ငယ်ကျွမ်းဝင်ကို ယင်းတွင် တွက်မြင်လာသည်တည်း။ မြစ်သီတာလွှင့်ကာလား ဖီးဖိုးစိုင်လာ ရံခါမရောက်ငြားဘဲ တလိုင်းများတိုင်းပြည်ရွာ ရန်ငုမ်တွင် လျှင်စွာရောက်လီကျင်က သူ့ပြည်ရွာဌာနဝယ် ရီလည်းမတူ စားမူရွံ့ရှာဖွယ်ကြောင့် အကျွန်ုပ်နောက်ဝယ်ပါသူများ စာကိုင်နားပေါက်ကယ်နှင့် ဖောင်ရှီခိုင်းစေသား၊ တိုက်စိုးတိုးအောင်ကြွယ်၊ အိုးဖောက်ကယ်၊ စံရှီဖော်နှင့်၊ ငကြွင်းယေ၊ ကုလားမုန်သီးသာ၊ ဖွဲဒါကြီး၏ယောက်ဖ အကုန်သူမှာ ကာလနာလိုက်၍ တနိတည်းမှာ ကျင်းကျင်းစုတေ့သီကုန်ပါ၏၊ အစံယေပျာဒါကား လမ်းလားရာမှာ ခန္ဓာစုတေ့ငြား၏။ ရန်ငုမ်ရောက်သောအခါ ဒလဖက်မှာ ဟိသည်တလိုင်းစုဝယ် ရွှင်ပျော်မြူးစားသောက်ကာ လင်နှင့်မယား သမီးသားသည် ပျော်ပါးနီခြင်းရာကို မျှော်ကြည့်မိတုံကာဝယ် ပန်းသွင်မိခင် ငယ်ကျွမ်းဝင်နှင့် နို့သျှင်ချွေးမငယ်ကို အောင့်မိပေတုံသောအခါ ကိုယ်တွင်အသက် ထိပ်သို့တက်၍ ဇောသွီးပြန်လတ်လျှက် ကာလနာယှဉ်း၍ပေ အသက်လိပ်ပြာ သူ့ခန္ဓာသည် ယင်းခါထွက်လုဖွယ်တည်း ဖြစ်လတ်ပေတုံသောအခါ အနိစ္စနှင့် ဘုရားသာမပါဟု တိုင်တန်းကာကိုးကွယ်မှ ဖီးခပ်သိမ်းသည် ပျောက်ငြိမ်းချင်းချင်းကုန်က မြို့ရန်ငုမ်ရပ်ကို ပါယ်ယှောင်ထားခပါ၍ ချီတက်လားလီပါသည် အင်းဝမြို့တော်သို့လေး။

အပိုဒ် (၁၅)
အင်းဝမြို့တော် တက်လားပါသည်ယင်းခါလျှင် လက်ဝဲတွင်ဒလ၊ သရက်တပင်ထိပ်ဝတွင်၌ လျှင်လျှင်ဆိုက်ရောက်ကျင်က ချိကြွတက်လားလီသောအခါ လက်ယာမှာ ရန်ကင်းစံရာတည်း။ ဓနဖြူ၊ကို ပါယ်ယှောင်၍ချီလီမူကား လက်ဝဲတွင်ဟင်္သတ၊ ထို့နောက် လက်ယာဝယ် ညောင်ဇရဲဟန် နာမရန်နှင့် ရွှေတောင်မြို့သို့ရောက်လီ၍ လက်ဝဲဖက်မြစ်နားမှာ ပုတောင်းမြို့ကို လျှင်စောရောက်လီပါက မြန်မာများသည် ညည့်ခါသူခိုးလားသို့ ကုတ်ရှုတ်ကာ ပုန်း၍လာလျှက် လမ်းစပ်ကြားခရီးမှာ ခိုးလျှက်သတ်မည်လာတုံပါက ချောင်းမြောင်းတောင်ကြား သီပျောက်များ၍ ရွံ့ငြားမလွတ် ထွက်ပြီးလားကတ်လီသောအခါ လျှင်လျှင်ချီတက်လာလျှက် ပြည်မြို့သို့ရောက်လီပါက ယင်းမှာ ကိုးသောင်းဗိုလ်နှင့် တွိကြုံပါ၏၊ ကြက်တောင်ဗိုလ်ဟု နာမဟိုးဟိုးကျော်လျှက် ဇော်နေ (General) ကမ်ရိသတ်ဗိုလ်ချုပ်ကြီးနှင့် တိုင်ပင်ပြောကြားကြီးကြပ်လျှက် မျက်မှန်ဗိုလ်ဟုနာမည်ကျော်သော မေဇော်ဇောသျှိန်သတ်တပ်ဦးဗိုလ်လည်း ယင်းတွင်ရောက်လာပြန်က ပျော်မှုဆင်၍ စားသောက်ခါ ယင်းမှာနီကတ်ပါသည် ပြည်မြို့ရပ်ဝယ်တည့်လေး။

အပိုဒ် (၁၆)
ပြည်မြို့ရပ်မှာ နီလျှင်းပါသည်ယင်းခါတွင် မြန်မာအောက်သား မိမ္မဗိုလ်သည် ယင်းတွင်ရောက်လာငြား၍ ပြည်မြို့အနီးရသေ့မြို့တွင် တပ်စွဲလာလျှက် လက်ဝဲမှာနဝင်းတပ်၊ ဝက်ထီးကန်မှာ မှန်စွာတပ်ကြီးရပ်၏၊ ကမ်းစပ်မြစ်နားမှာ ဖိုးဦးတောင်သည် မြင့်ခေါင်အထွတ်ချာ၌ တပ်စွဲကာနီလျှက်ပေ မြေထဲမြို့မှာ တတပ်တည်လျှက်နီ၏၊ ကခုန်ကာတသောသော ဟစ်မောင်းကြော်၍ သံဝါခြိမ့်ခြဲအာ်လျှက် အမှားမှားအောက်သားမှာ ကောင်းမည်ထင်လျှက် ယင်းတွင်နီကတ်ပါ၏။ ကိုးသောင်းဗိုလ်ချုပ်ကြီးတပ်ဦးဗိုလ်ကို ယင်းတွင်အာဏာပီးလျှက် မြို့အနီးမြန်မာတပ်ကို လက်ဝဲကြောင်းချီဆိုလျှက် လက်ယာကို ငါတက်မည် မြင်းစီးများမှာ တောကပုန်း၍နီလော့၊ ပြောလတ်ပြီးတုံသောအခါ ရဲမက်များနှင့် လျှင်စောချီတက်ပါ၍

တပိုကျော်နီထွက်ဂယ် မြန်မာတပ်ကို၊ နင်းလျှက်တိုက်လီကျင်က ဂူရာသည်စာဖာအိတ်၊ မြင်းစီးများနှင့် သတ်ကတ်လီသောအခါ မြန်မာများမှာ လယ်မှာစပါးရိတ်သို့ ဝိုလ်လုပ်သူ မိသျှင်သဲလည်း ယင်းတွင် နိစ္စခန္ဓာကုန်၏၊ နီဂင်မူလည်း မြန်မာတပ်များမှာ ပြီးငြားမလွတ်ပါတည်း။ ရဲမက်တော်ဂူရာများ ရှာဖွိတိုက်သတ်ငြားက ဂက်ထီးကန်တပ်ထဲနီ အောက်သားမိုက်များသည် ကျင်းကျင်းမြုတ်လျှက်သီ၏၊ မိုးဦးတောင်ထိပ်က ဝုံးစတ္ထာကို ဆင့်ကာလွှတ်လိုက်ပါက မြန်မာအများ ပြီးငြားမလွတ် တောင်ကြားချောက်မြောင် နှမ့်အောင်ဖြန့်လျှက်သတ်၏၊ မြေထဲရပ်တပ်များကို ဂူရာစစ်သည်များက ပြီးလွှားတိုက်သတ်ပါက မြန်မာတပ်များသည် ကြောက်ဂုန်ကြီးစွာ အလျှင်ထွက်ပျာပြီး၏၊ ရန်တစိမပေါ်လာ မြန်မာများကို လျှင်စောနိုင်နင်းပါသည် ဘုန်းတော်အကြောင်းနှင့်လေး။

အပိုဒ် (၁၇)

ဘုန်းတော်အကြောင်းကြောင့် နိုင်နင်းပါသည်ယင်းခါလျှင် ပြည်မြို့ရွှေဆံတော်စေတီကို ယင်းမှာပူဇော်ပြီးမှ အသီးသီးချီလတ်ရာ မီးသင်္ဘောသည် ရီကြောင်းဆန်တက်ပါ၏၊ ကုန်းကြောင်းမှာတစလား နဲ့ပြီခရာ ဗောမှုတ်ပါသည် ပတ်သာအငြိမ့်များနှင့် ဆင်မြင်းရထား အနန္တသည် ရွှိတွက်မရပါတည်း။ သူရဲတော်သိန်းသန်းကုဋီ လေးပါးစစ်အင်အားဖြင့် ချီတက်လားလီတုံသောအခါ ကာမမြို့ကို လက်ဝဲထားခပါလျှက် လက်ယာမှာ ဆင်ပေါင်ဂဲ၊ သရက်မြို့ကိုလွန်၍ တသဲသဲချီတက်ခါ ပဌနဂိုမြို့သို့ရောက်လီပါက ဆိုင်းရပ်တပ်ကြီးချလျှက် များဗိုလ်ပါသည် ယင်းမှာစုရုံးပါ၏၊ အနောက်ဖက်မြစ်နား မလွန်မြို့မြန်မာတပ်ဂယ် ပခင်းမင်း၏ညီအထွီးဆုံးကျိုးန်မင်းကို အကြီးပြုလျှက် ကောလင်းမင်းက တပ်မှူးအရာ ယင်းတွင်ပြုလုပ်သည်တည့်။ အာသံကိုတိုက်ချီသူ သီလဂသည် စစ်ကဲပြုတုံလျှက် နားခံတပ်ထောက်ကား ဇေတဝိုလ်ပြုလုပ်ပါ၏၊ စကားပြန်ဒါဝိုက်ကေကို အမှန်တည့်တည့်ထားလျှက် အကျွန်ပ်ရှိ့ သူရဲတပ်သုံးတပ်မှာ ငါးသောင်းလောက်ဟိပါ၏၊ နီလတ်ခါတုံပေ မလွန်တပ်ကို နင်း၍တိုက်ယူမည်ဟု ကြံလတ်သည်အခါတွင် မြန်မာမင်းက တမန်စီလွှတ်ကျင်၏၊ တပ်ကိုလျှင်ဆိုင်းရပ်ပါ၊ အမီးပ္ပစ္ဆာပြသနာကို ပြီးအောင်ဖြေကြားပါအုံ့။ ပြောလတ်တုံပြီးခါ မြစ်လယ်ကြောတွင် လှီဖောင်ဖွဲ့လုပ်နီ၏၊ မြန်မာကျိုးန်ကြီး၊ ကောလင်းမင်းသား လျှင်စောရောက်လာငြားက ဝိုလ်ချုပ်ကြီးကြက်တောင်ဖန်၊ ရာပသိန်သတ်မင်းမြတ်လားမည်ကြံက မျက်မှန်တပ်ဦးဗိုလ် ဇောသျှိန်းသတ်သည်လည်း နောက်ထပ်လိုက်မည်ဆို၍၊ သုံးပါးဗိုလ်ပေါင်းပြီးခါ မြစ်လယ်ဖောင်မှာ လျှင်အောင်ချီလားလီပါလျှက် နှစ်ဖက်မင်းစပ်ကြားမှာ ဒါဝိုက်ကေသည် ထိုဂယ်ပြန်၍ပြောဏ်၏၊ မြန်မာများကူး၍ပေ နတ်မော်ရပ်က ဖမ်းယူထားသည့် ရဲမက်ငယ်စဖာအိတ် အမိရိကာ ထိုမှာအင်္ဂလိပ်ကို ယူဆောင်ပြီးပီးပါမည်၊ ဆယ့်ငါးရက်နှင့် လိုသည်စရစ်ကို ပြေလည်အောင်ပီးဆပ်က ရန်ကုန်မြို့သို့လျှင် လျှင်စောဆုတ်လီပါလော့၊ ကျုပ်တို့မြန်မာများ နောင်တခါ ခိုက်ရန်မပြုလုပ်တော့ပါဟု ပြောဆိုရာနှစ်ဖက်သား လက်ဂါးရိုက်ကာ စာချုပ်ချုပ်လျှက် မှန်စွာကတိထား၍ ပုဏ္ဏားဆရာတော်နံဒရင်မှာ အမှာတော်ရွိုးသာကာ နားခံအုပ်ကေ အကုန်သူကို ယင်းတွင်လွှတ်ပေလျှက် ဝိုလ်ခြီရဲမက်အများ ဆယ့်ငါးရက်ကို ဆိုင်းငံစောင့်နီပါသည် ဥစ္စာကတိနှင့်လေး။

အပိုဒ် (၁၈)

ကတိသစ္စာ စောင့်နီပါသည်ယင်းခါတွင်၊ (ပီဆက်) မြန်မာသီလဂ ကူး၍လာကာ ပြောဆိုလာသည် မြင်းပြိုင်စွပဟု အရှိကမြင်းကို စိုင်း၍ပြီးသော် ၄က်သွင်လျှင်လုပါ၏။ အနောက်မှာ မြန်မာမြင်းများ ပြီးမလျှင်သည် နောက်ဖင်ကားရားနီ၏။ ထိုအခါ မျက်မှန်ဗိုလ်သည် မာန်ကြီးထလျှက် ခုလျှင်စောမြင်းယူခဲ ပြိုင်၍ယှုံးသော် မြင်းကိုယူမည်ဟု လက်ဂါးရိုက်ပြီးမှ ငါးစီးမြင်းကို မြန်မာများမှာယူကြလျှက် မြန်မာဖက်က မြင်းစီးကသည်းမျိုးကို အစီးအပ်လျှင်းပါ၏။ ယင်းသောခါ မျက်မှန်ဗိုလ်အိမ်ရာဇီသည် ကတ်တင် (Captain) ဖလောင်းပျိုခေါ်၍ မြင်းအပ်ကာ၊ နှစ်ပါးစုံသည် အတူရပ်ပါ သိန်းသန်းဗိုလ်ပါလူသူများ ရှုကြည့်ရာသည် သဘင်ပွဲအလားတည်း။ မြင်းနှစ်ပါးစိုင်းသောအခါ အိမ်ရာဇီသည် အသျှင်မြင်းတုံသော်ကား ထက်အာကာဂုက်ပျံဟန်၊ မြန်မာမြင်းကာ နွားလားဏ်သက္ကန်သို့ ပြောင်းကာပြန်နောက်ကသာ သုံးခါစိုင်းသော်လည်း တချက်မမှီပါတည်း။ တစီးယှုံးတုံက နောက်ထပ်တစီးပြိုင်၏။ စိုင်းပြန်လီသောခါ၊ သုံးခေါက်လုံးကို တချက်မနိုင်ပါတည်း။ သောင်းသောင်းကြော်လက်ခုပ်ခတ် ယှုံးသည့်မြင်းကို သိမ်း၍ယူတုံလတ်က မြန်မာသီလဂသည် အရူးပမာ ရုက်၍ပြန်လားပါလျှက် စာချုပ်ရာကတိရက် စိသောအခါ ငွေတော်မပီးဆက်၍ ကြန့်ကြာလျှက်ကျူးလွန်ခါ ရာပသိန်သတ်က မြန်မာများ ကတိမမှန် လင်းပြန်လူပျက်သားကို တပ်ဦးက မျက်မှန်ဗိုလ် (-----)၊ အောင်ကျော်ရှိလည်း ယင်းမှာလားခီဆိုလျှက် ကိုးသောင်းဗိုလ်ကြက်တောင်ဖံ၊ ရဲမက်များနှင့် အသင့်စောင့်နီပြန်ဟု အာဏာချလတ်တုံသောအခါ မျက်မှန်ဗိုလ်နှင့် အကျွန်ပ်ရှိ့အားလုံးသော်ကား လားလာရာတုံကပေ မလွန်တပ်မှာ လျှင်စောရောက်လီသည်တည်း။ မြန်မာကျိုးန်ကြီး ကောလင်းမင်းကို အယင်စကားမီး၏။ ထက်ကတိစာချုပ်မှာ ပါသရိကို အခုပီးအပ်ပါလော့။ မပီးသော်နက်ဖန်ခါ၊ နီတပိုတွင် အမှန်တိုက်လာမည်တည်း။ ပြောဆိုပေတုံသောအခါ ကျိုးန်မင်းသည် ချက်ချင်းတုန်လှုပ်ပါ၍ ကြောက်ဂုန်ကာမခံချိ၊ ငါးရက်ဆီကို ငံ့တော်ပြုပါဖိလော့။ ထက်ကတိဟိတိုင်းကို၊

ပြည့်စုံအောင်သည် ကျွန်တို့ပီးမည်ဆိုက မနာလိုငြင်း၍သာ မျက်မှန်ဝိုလ်နှင့် အကျွန်ရို့ပြန်လာလျှက် လျှောက်လတ်လီသောအခါ နက်ဖန်ရက်မှာ လျှင်စောတိုက်မည်ဟု လက်နက်ဝုံးစက္ကြာ၊ မီးကျည်တန်းနှင့် ရဲမက်ဝိုလ်ပါများကို အသင့်စီမံ၍ ထားလျှင်းပါသည်၊ တိုက်မည်အမှန်တည့်လေး။

အပိုဒ် (၁၉)
တိုက်မည်မှန်စွာ မိုးသောက်ပါ၍ ယင်းခါတွင် တပိုလျှင်နီတက်ခါ ဝုံးလက်နက်ကို တချက်လွှတ်လိုက်ပါက ထက်အာကာဂတိန်ဍ ဂရဇိန်အဟိန် မိုးကြိုးထစ်သို့ ကျတုံလစ်ယင်းတပ်မှာ လယ်စပါးကို ကြြ၍ပစ်ခြင်းရာသို့ (ဝီဆက်) ဆင်မြင်းလူသူအများမှာ တချက်မှန်သော် ဇကန်မရဏာတည်း။ မီးကျည်လက်နက်တော်အား တချက်ပစ်သော် ထွတ်ဖျားထက်အာကာသို့ ပျံဝဲကာတက်လီကြား သက်လတ်ပါသော် တပ်မှာမြီခေါင်းများ၌ ရှာတုံကြားမ္ဘီ၍သာ သတ်လတ်ကြားသည် လူ၏ဟန်ပမာသို့ ဂူရာရဲမက်ကား ဇရာဂတီမြစ်ဖျားကို ကူးလားကြားလိုက်၍ပေ မြန်မာတပ်ကို ဂင်လျှက်ခွတ်သတ်လီ၏၊ ညီတော်မင်းမြဖုံး ကျီဂန်ကြီးသည် ထိုခါတောမှာပုန်း၍ တပ်ပြတ်လုံးအောက်သားမှာ ကိုးကွယ်မရ လွန်ကြောက်လှ၍ လျှင်စောပြီးလီပါက တိုက်ကတ်ရာတခဏာ သုံးတပ်စုံကို လွယ်ကူချက်ချင်းရ၏။ ချီတက်လားလီခါ မကွေးမြို့တွင် လျှင်ပြင်းရောက်လီသော်ကား နောက်တော်ပါဖွဲ့ဒါကြီး၊ အသောင်းဒူလာ၊ ထိုမှာရောဂါစီး၍ မကွေးမြို့တွင် မရဏာသည် နိစ္စရောက်လီကျင်၏။ လားလီလျှင် ဂက်မစ္စတ်၊ ရေနံချောင်းကို လွန်၍ချီတက်လာလတ်ပြီးမှ လက်ယာမှာ စလေမြို့၊ လက်ဝဲဖက်တွင် ဆင်ဖြူကျွန်းနှင့် ကျားပင်းဆိပ်က တသောင်းလောက်မြန်မာများသည် စလင်းမြို့တွင် တပ်နှင့်စောင့်နီကျင်လျှက် ဝိုလ်ချုပ်မူကား မိဖုရား၏မောင်ရင်းတော်သည်ဟူ၏။ ဏတိထောင်မှူးသားယောက်ဖတော် သခင်ကြီးဘုရားခေါ်တွင်သော မောင်အိုအောက်သားမိုက်သည် မိမွှဟန်ပမာသို့ သတင်းကြားကာမျှ စစ်မရောက်ခင် အလျှင်ထွက်ပြီးနှင့်၏။ နမနှင့်ယောက်ဖ နစ်ယောက်စုံသည် ထံရင်းတော်ပါး ရောက်လီကြားသော် ကြောင်းလျားလျှောက်ခြင်းရာကား အယှိတ်တက်ကာဝိ၍ပေ ပြုံးတူးကြက်တက် အောင့်လျှက်ထိုသည်နယ်သို့ ရှုံ့တွမျက်နှာ ပြောလတ်ပါသည် လျှင်စွာပြီးလီတော့လား၊ တိုက်သတ်ကြဆိုသောခါ ပြီးမလွတ်ဘဲ မချွတ်သီမည်သာဟု တိုးတိုးချပ်ချပ်ပြောဆိုလျှက် ချီးယိုပါသည် အောက်ပေါ်ဒေါ်လျားများ၏။ လူးလဲကြားဂမ်းခဲကွန် ခုချက်ချင်းသည် ကာလနာလိုက်သည့်ဟန်သို့ ဥပါယ်ပြု၍ ကြောက်ဂုန်ကြီးစွာ ယင်းမှာနီလျှင်းပါသည် နမထံမှာတည့်လေး။

အပိုဒ် (၂၀)
(ရန်တပိုစာချုပ်အကြောင်း)
နမထံမှာ နီလီပါသည်ယင်းခါလျှင် ချီတက်လားလီပါသော် လက်ယာဖက်မှာ အနန္ဒာဘုရား၊ လက်ဝဲနားကမ်းစမှာ တင်းကျီတောင်ဘုရားတည်း။ လက်ယာမှာ ပုဂံမြို့သို့ ဆိုက်ရောက်လီသောအခါ ယင်းမှာမြန်မာများက ဘုန်းတော်ကိုအာခံ၍ တပ်စွဲလျှက်နီပြန်၏။ ဂူရာပျံရဲမက်တော် မြင်းစီးစစ်သားများသည် လိုက်၍တိုက်လီပါက တသောင်းကျော်လူမက သီပျက်ပါသည် မြန်မာဖက်ကတည်း။ မြန်မာများ ထွက်ပြီးလီသောအခါ ညောင်ဦးမြို့တွင် လျှင်စောရောက်လီပါက လက်ဝဲမြစ်ဆိပ်ကမ်း ပုခန်းကြီးမြို့ကို ကျော်လွန်၍ချီလားပါက (ဝီဆက်) ချင်းတွင်းမြစ်တွဲခါ လက်ယာဖက်မှာ တရုတ်မြို့ဟိပါ၏။ ချီတက်သော်တုံကပေ ရန်တပိုမှာ လျှင်စွာဆိုက်ရောက်လီက ယင်းတွင်တပ်မချလျှက် မျက်မှန်ဝိုလ်မှာ လျှင်စွာချီတက်လာလျှက် နီလတ်ပေတုံသောအခါ မြန်မာမင်း၏ကျွန်ရင်းအမတ် လယ်ကိုင်းသားမြို့စား မင်းကြီးမဟာမင်းလှကျော်ထင်ဘွဲ့နာမည်တည်း။ အတွင်းဂန်ကြီး အခွန်ဂန်မှာ နာမည်ဘွဲ့တုံသော်လည်း မင်းမဟာမင်းလှသီဟသူဟု ယင်းမှာခေါ်ကတ်သည်တည်း။ နန်းတော်ဂယ် မောင်ရွှင်သံတော်ဆင့်လည်း ယင်းခါပါလျှင်းပါ၏။ ဆရာတော်ပါဒလီဇိန်သတ်ကို ရှိနီပြုလုပ်ပြီးလျှက် ခေါ်ယူလာ၍ မလွန်တပ်ဂယ် အထက်စာချုပ်ပါကို ခုယူပါပြော၍ ရှိ(ဒွေ)ဒ်ဂါး၊ အများလက်ဆောင်နှင့် ဖမ်းလီသည်ဆာဖာအိပ် အမိရိကာ မှန်စွာအင်္ဂလိပ်ကို အပ်ဆက်ပြီးဝီးမှသာ နှစ်ဖက်သားသည် လက်ဂါးရိုက်ပြီးခါမှ စာချုပ်လတ်ပါသည်။ အဂ္ဂဗတ်ထွ ဂေသာလီနှင့် အာသံမြို့လျှင်ပေတည်း။ မဂီဟူရမှာ ရှိမင်းဟောင်းဂဘိရသျှိန်လည်း ပြန်၍မင်းပြုက မြန်မာမင်းမှာ ခိုက်ရန်မရှာရတည်း။ ထားဂယ်၊ ရဲမြို့၊ တနင်္သာရီ၊ ခေါ်သည်ဗိတ်မြို့နှင့် သံရှင်မြစ်ကို နယ်ခြား၍ ပိုင်လျှက်ယူတုံအံ့။ ရခိုင်ဧည့ဂတီ ဒွါရာဂတီသံတွဲစသား ရမ်းပြည့်နှင့်မာန်အောင် ဆယ့်နှစ်မြို့ကို ပိုင်ခြားသိမ်းယူအံ့။ ကျန်ကြွင်းရာမြို့များကို မြန်မာမင်းအား ငါရို့ပီးခမည်တည်း။ စရစ်ငွေအတွက်မှာ တကုဋ္ဌိကို အမှန်ပီးပါအံ့လော့။ လေးပုံတပုံကား ရန်တပိုဂယ် ခုပင်ပီးအပ်လော့၊ တပုံကားရန်ငုမ်မှာ အခုနိုက ရက်ပေါင်းရှိသော် တရာရက်တွင် ပီးတုံကျင်သောခါဂယ် တနှစ်တွင်းမှာ တပုံသွင်းရမည်တည်း။ တပုံငွေနောက်ပီးက ရန်ပွဲဆွာကို နောင်မရှာရဟု နှစ်ဖက်မင်းများ ကတိထား၍ ယင်းမှာပြောကတ်ပါသည် တပ်မဟီရာတည့်လေး။

အပိုဒ် (၂၁)
တပ်မဟိရာ ပြောကတ်ပါသည်ယင်းခါတွင် ပိုင်စားနယ်ကို ခွဲဂီကျင်လီသောခါ ရခိုင်တိုင်းပြည် သံတွဲနယ်ကို တောင်ခွင်မော်ရုံထိ ရခိုင်မင်းတည်လုပ်သည့် မဟာစေတီကြီးကို မသိမကြားကွန် လယ်ကိုင်စားနှင့် ကျီဝန်ပြောကတ်ပြန်၏။ ပုသိမ်ဝန်စီရင်စု သံတွဲနယ်သည် အကယ်ပင်မဟုတ်တည်း။ မပီးအပ်ပါ ငြင်းခုံလတ်သော် အကျွန်ုပ်ပြောလျှင်းပါ၏။ လေးဆယ်ခြောက်ခုက ရခိုင်ပြည်ကို မြန်မာပိုင်လာလည်း ပုသိမ်ကမရပါ စေတီကြီးလည်း ရခိုင်မင်းရာဇာက တည်လုပ်ပါသည်၊ နယ်နမိတ်ဖြစ်ခြင်းဟန်ကို အကျွန်ုပ်ပြောလတ်ပါ၏။ စေတီထိနယ်ကိုပေ ရခိုင်ပြည်က အပိုင်ရလျှင်းစီတည်း။ အရှိပြည်အင်းဝမှာ စဖာအိပ်သည် သူရဲငါးကျိတ်ကျော်နှင့် ကတ်တင်အိမ်ရာဇီဗိုလ်တယောက်လည်း စောင့်၍နီအံ့။ ကုမ္ပဏီမြို့တော်မှာ ထားလိုက်ငြားသော် မြန်မာငါးကျိတ်ကျော်ကို မပြတ်သာစောင့်နီစီ၊ စစ်ရန်များကို မပြုလုပ်စီဟု သက္ကရာဇ်သည်တထောင်ဖြစ် တရာ့သျှစ်ဆယ်ခုနှစ် (၁၁၈၇) ခု၊ တပေါင်းလပြည့်ကျော် (၄) ရက်နိ တပိုအချိန်မှာ နှစ်ဖက်မင်းများစာချုပ်ထား၍၊ လက်မှတ်ချကတ်သည်တည်း။ သူ့ဘာသာ သူ့စရိုက် ပြောင်းဇဝါကို ထိုခါသံဆင့်ပစ်လျှက် လက်နက်ဗုံးစက္ကြာ မီးကျည့်တန်းကို အာကာမြောက်လိုက်ပါ၍ ကျူးရစ်ကာပစ်တုံငြား ထိန့်ထိန့်ဆူသည် ဇမ္မူကျွန်းလုံးကြားမျှ ပျော်ရွှင်အောင်ပွဲခံလီသည်တည်း။ ဗင်တုတ်ရုတ်မှာ ကတ်တင်ဗိုလ် လောဗောသျှိန်တိန်အိမ်ရာဇီကို ယင်းခါစီလွှတ်ကလည်း ကတ်တင်နှင့် အကျွန်ုပ် နှစ်ယောက် အင်းဝမြို့မှာ လျှင်စောရောက်လီပါ၏။ နန်းတော်ဆီရောက်လီက မြန်မာမင်းနီရာတိုင်းကြီးမ၌ တံဆိပ်နှင့်ခတ်နှိပ်ပြီးခါ အပိုင်ခံ၍ လျှင်စွာပြန်လျှက်လာသည် တပ်မဟိရာသို့လေး။

အပိုဒ် (၂၂)
တပ်မဟိရာ ပြန်လျှက်လာ၍ရောက်ခါလျှင် ရာပသိမ်သတ်က စစ်သည်ဗိုလ်ပါရဲမက်များအား ခုလျှင်စွာ ပြန်ဆုတ်လားလော့ဆိုသဖြင့် ဗိုလ်လုံးသားသည် ပြန်လျှက်ဆုတ်လီပါ၍ ပုဂံသို့ရောက်က ရွှေစည်းခုံစေတီကို ပူဇော်လီသောခါ အောက်သားမများသည် ဂိုင်းအုံကြည့်ရှုလာပါ၏။ မြင်ခီသော်ရွံဖွယ်အတိ အခြီစင်းစင်း လက်ကျင်းကျင်းသည် ဝတ်ခြင်းပင်ရင်မစိတည်း။ မွီးသည်မိအသရေ ပြင်ကိုထုတ်လျှက် မရှက်ပြနီ၏။ လက်ယာခြီဒူးဆစ်မှာ ခြည်မျှင်မဲကိုပတ်၍ချိုင်ထားပါလျှက် သားမြတ်မှာချက်အထိ အသားမဲမဲ သွားကြဲကြဲသည် ခေါင်းလည်းခပိပိနှင့် မျက်စိလည်းပြူးတူးသာ ဆံကိုဖြတ်၍ မျက်နှာဖုံးထားပါလျှက် ရူးခြင်းရာဟန်မပြား တချက်မြင်သော် ကြောက်ချင်ဖွယ်များ၏၊ မောင့်သက်ထားမျိုးအိမ်သူ နို့သျှင်ချွေးမ သက်လုံးမျှကို နှိုင်းယှဉ်သော်ဖက်မမျှ မြော်မြင်သောသူ စိတ်ဝမ်းပူသည် နတ်ဘုံသူမကတည်း။ ယင်းဌာနသူ့ရပ်မှာ တပေါင်းမင်းလွင် ရွက်ကျင်တောင်လီလာက ဥသြဖိုးခေါင်ကျူး၍ နွီပေါက်သံဝါ ငှက်တကာသည် မြူးပျော်ကျူးမြည်လာက သားဦးမိခင် ငယ်ကျွမ်းဝင်ကို အကျွန်ုပ်လျှင် အောက်မိလှ၍ တမ်းတရုမကြံသာ ဟာလာအသက် ပြင်ထွက်ဟန်ပမာသို့ မေတော်ချွေးမကြောင့်စိတ်ပူဆာ၍ လွမ်းဆွတ်၍သာ တဆတ်ဆတ်သည် ပြန်လျှက်ချီကြွလာလျှက် ပြည်မြို့သို့ဆိုက်ရောက်က များဗိုလ်ပါသည် ယင်းမှာတပ်ကြီးချလျှက် ဆိုင်းငံ့ပြီးနီသောအခါ ဗျီးတန်းပြင်မှာ အကျွန်ုပ်လျှင်မြင်ခီသည်ကား သားသူငယ်သည် အမိထံမှာ မပီတွတွ ပီတွတွ အဘကိုခေါ်လျှက် လူးလဲငိုရ၍ ငါ့ဘခင်ကို ခုပင်ပီးရမည်ဟု တွလျှက်တောင်းလတ်ပေသောအခါ မွီးဘခင်သည် လျှင်လျှင်ပြီး၍လာလျှက် သားကိုရွက်၍ ဖက်ကာနမ်းကာ မွီးမိခင်ကိုလည်း ယင်းတွင်တစဖက်ထားပါ၏။ ရယ်နှုတ်ဆက်အလှယ်လှယ် လင်မယားသား နှစ်ပါးပျော်သည်ကို မျှော်ကြည့်ခီပေတုံသောအခါ အကျွန်ုပ်၏အူသဲခြီကို နှုတ်ယူသည့်ပမာသို့ မျက်ရည်ကျ၊မိပါ၏။ သားမောင်ငယ်ကြောင့် ဘခင်လွမ်းရုတ၍ လွန်ပျောင်းပျမကြံသာ ကြာပဒုံကို နီပူလှမ်းပမာသို့ မွီးမယ်တော်မင်းချွေးမ ချီ၍လာခါ ဂမ္ဘသာလျှင် ဝမ်းမှာသန္ဓေစွဲရင်းကျန်ခပါသည်၊ ဖွားမြင်ကြောင်းကို အကျွန်ုပ်လျှင်မမြင်ပေ၍ သားမောင်ငယ်ကြီးခြင်းရာကိုတွက်၍ အကျွန်ုပ်သဲအူဆာလျှက် စိတ်မှာ စားသောက်မဝင် ပူပင်လွမ်းဝှမ်သဲ၍ ခွီပျောင်းချိတလျှက်သာ ရန်ငုမ်မြို့ရွာ ကြွချီလားလီပါသည် မကြာရောက်လာ၏လေး။

အပိုဒ် (၂၃)
ရန်ငုမ်မြို့ရွာ ရောက်လတ်ပါသည်ယင်းခါလျှင် ဆိုင်းငံလျှက်နီသောခါ ရာပသိမ်သတ်ပြောလတ်သည်မှာ ကုလိကုတ္တာ ကိုယ့်ပြည်ရွာသို့ ငါချီလားနှင့်မည်။ ရန်ငုမ်မှာ ကျန်နီလိုက်ခ၊ ဇောသျှိန်သတ်မျက်မှန်ဗိုလ်သည် လျှင်စွာလိုက်ပို့ပါအံ့။ ရခိုင်ပြည်ပြန်ရောက်ခါ ကျွန်းချောင်းများစွာ ငါကပီးအပ်ရာကို သားစိုင်မြီးဆက် မျှင်မပြတ်သည် မပျက်စားရစီအံ့။ ရာထူးကြီးမားစွာကိုလည်း ယင်းမှာရတုံပါအံ့ပြောလျှက်ပေ ကိုးသောင်းဗိုလ်နှင့် အကုန်ချီလီသည်တည်း။ ရန်ငုမ်မြို့တွင် အကျွန်ုပ်ရို့ကျန်ခပါက တန်းခူးဆန်း၍ တာသင်္ကြန်ကျပြန်ကလည်း ယင်းဌာနသူရို့မှာ ပေါက်ပေါက်ပန်းမှန် တင်းခွန်ဆီမီးဝါနှင့် ဆင်ယင်ကာအသွယ်သွယ် လင်နှင့်မယား သမီးသားသည် ပျော်ပါးလားကတ်ပေ၍ ရောက်လီပြီးတုံသောအခါ ရွှေတိဂုံသည်

သျှင်ပင်စေတီတော်၌ ပန်းမှန်ပေါက်ပေါက် ဆီမီးဝါကို လျှင်စွာညှိတင်ငြားက လင်မယားမောင်နှံ တူစုံထိုင်လျှက် သျှင်ပင်ရှိတော်ဝယ်၌ အတူသည်ဖြစ်ရအောင် မယားဝတ်သည့် ကိုယ်တွင်တံဘက်စောင်ကို လင်ယူဆောင်ကိုင်ထားကာ လင်ဝတ်ပါသည့် ကိုယ်မှာအင်းကျီပါးကို မယားကဆွဲကိုင်လျှက် အသားချင်းဟပ်၍ဆုတောင်းပါ၏။ ဖြစ်လီရာဘဝကို ခုအဟန်သာ တူစုံဖြစ်ရပါလို၏၊ တောင်းဆုဆိုလျှက် သားမောင်ကိုနံပါးထား၍ ဘုရားဖူးကတ်ပါသည်။ တခြား လှီလောင်းပြိုင်ပွဲများမှာလည်း မြစ်လုံးပြည့်မျှ လက်ပွဲသတ်ရာ ပတ်ဆိုင်းတီး၍ ထလျှက်ကကတ်ပါ၏။ ရှုကြည့်ရာလင်မယား လာလတ်ပါသည် ယင်းမှာတသောသောတည်း၊ ထိုင်တုံသောအခါလည်း လင်နံပါးမှာ မယားဝန်းရံနီလျှက် တယောက်သည်မယားမှာ ရီဖလားကို ကမ်းလျှက်ပီးပါ၏။ တယောက်သော မယားကား ကွမ်းနုယာကို ယူကာကိုင်၍ထားလျှက် တယောက်ကား ဆီးလိပ်မီးညှိပီးသော် ယူလျှက်သောက်ကာကာတည်း။ တယောက်မှာယပ်နှင့် ပူသည်မြင်သော် ခတ်ကာနီ၏။ ချွေးများယိုစီးကျသော် မယားကြီးမှာ ကိုယ်ဝတ်ပိုးခါသာနှင့် တို့ကာတို့ကာ တံဘက်စွန်ကို ရင်တွင်အသာအုပ်၍ သားမောင်ပုမိထံမှာ အဘပေါင်တွင်လာလျှက် လဲကာလျောင်းကာ ကဇာတ်ပါသည် တခါထ၍ မိထံပါး လားလီပြီးသော် လက်ညှိုးငယ်ပြကာကာ ထိုမှာကိုမီး မှာကိုမီးသည် ရင်သွီးဘမျက်ဖျော်တည်း။ ပွဲသဘင်ဝယ် ပြုံးရယ်ပျော်ရွှင်လျှက်ဟိသော တူစုံရှုခင်းများကို မျှော်ကြည့်ငြားတုံလီသောအခါ အကျွန်ုပ်သည် ပူလောင်မခံသာ၍ သလွန်တော်မွိရာထဲဝယ် မျက်ရည်တရွဲရွဲနှင့် အသဲကွဲလုဖွယ်တည်း။ အကြံမတတ် ဆီးသတ်ငါးအနှယ်သို့ဟိလတ်ပေ၍ ကိုယ့်ဌာနသို့ လျှင်စောပြန်ရောက်ဖို့ သိကြားမင်းအား လျှင်ပြင်းမပါဆိုလျှက် နတ်များကိုတိုင်ကြားပါသည် ရန်ငုမ်မြို့မှာတည့်လေး။

ဒေးဝန်းအောင်ကျော်ရွှီ၏ကိုယ်တွိရခိုင်ပြည်သိမ်းတိုက်ပွဲမှတ်တမ်း ဤတွင်ပြီး၏။

ခရစ်သက္ကရာဇ် ၂၀၁၄ ခု ဒီဇင်ဘာလ (၂၄) ရက် ဗုဒ္ဓူးနိတွင် စုစုပေါင်း စာပိုဒ် (၂၃) ပိုဒ် စကားပြင်ပြန်ဆိုပြီးဆုံးပါသည်။

စာကားပြင်ပြန်ဆိုသူ

(ရခိုင်ပေါင်းကူး သာလှဦး)

==========
ဒေးဝန်းအောင်ကျော်ရွှီ၏ကိုယ်တွိရခိုင်ပြည်သိမ်းတိုက်ပွဲမှတ်တမ်း (မူရင်း)(အစ/အဆုံး)
==========

(ပင်းဝါ၊ မြောက်ဦးသိမ်းတိုက်ပွဲ)

အပိုဒ် (၁)
ဇေယျန္တူ။ ။ ဗောဓိမည်ရ၊ မုနိန္ဒသည်လောကသျှင်၊ သောင်းရပ်ခွင်ဤလူမြီ၊ ပွင့်လာဘိသည်၊ မုနိသမ္ဗုဒေ၏၊ သီဒါဝယ်သဲလုံးရှိ၊ ဒွေးပါဒတော်၊ စုံနှစ်ဖော်ကို၊ ကျွန်သာလက်ဦးပီး၍၊ ကြောင်းဦးလျှောက်တင်ပါမည်၊ သောင်းဇမ္ဗူဝယ်၊ သျှင်လူရွှီနားတည်လော့။ မိစ္ဆိမည်နောက်ရပ်သာ၊ အန္ဒိယတိုင်းပြည်မသည်၊ ထက်မှာနတ်ဘုံသာသို့၊ မြစ်ဂင်္ဂါသီတာလည်း၊ သမုဒ္ဒရာ၊ လေးမျက်နှာသည်၊ ပတ်ကာဝန်းလျှက်နီ၏။ ဘိလပ်ပြည်မြို့စက္ကြာ၊ အိမ်ရာစီသည်၊ ပဆာမင်းတုံသော်ကား၊ ထက်ဒေဝါဟန်မပြား၊ လေးယောက်မောင်ပင်၊ ဝေဟန်သျှင်သည်၊ ဘုံခွင်မိုယ်းသကြားသို့၊ သျှင်မင်းများထံတော်ဝယ်၊ တရာ့တစင်း၊ ထီးဆောင်းမင်းရို့၊ မကြွင်းခရိုသေလျှက်၊ ဘဏ္ဍာငွေခန့်ဇနာ၊ အဖူးလက်ဆောင်၊ များမြောင်ဆက်သွင်းပါ၏၊ မင်းမြတ်စွာအဏာနှင့်၊ ကုလီကတ္တာ၊ ရွှိမြို့တော်ဝယ်၊ ဗော်ရော်လာသတ်ကလည်း၊ နှုတ်သံမြအမိန့်တော်၊ ငါစိုးအုပ်သည်၊ အရှိတောင်ဖက်ဝယ်၊ ခေါ်တွင်ကာစစ်တကောင်း၊ မြို့ဝန်အရာ၊ ခန့်အပ်ပါသည်၊ ဝါနော်သပ်ဖလောင်းရို့၊ လျှင်ကြောင်းစီလွှတ်ခါ၊ ဝါနော်သပ်လည်း၊ မင်းမြတ်၏အာဏာနှင့်၊ ချီကြွလှာတုံပေငြား၊ ဆိုက်ရောက်ပါသော်၊ မြို့မှာမူးမတ်များနှင့်၊ မျိုးလေးပါးသူတကာ၊ မိမ္မယောကျား၊ တိုင်းပြည်သားမှာ၊ မိဘရောက်ပြန်လာသို့၊ အုပ်ချုပ်ကာစီရင်ငြား၊ မရမာသည်၊ ဘာသာစပ်တခြားနှင့်၊ လိမ္မငြားတတ်ပွန်သူ၊ အမီးပုစ္ဆာ၊ ပြဿနာကို၊ ကျီအောင်ဖြေမည့်လူဟု၊ တွေးဆယူရှာသောအခါ၊ ပွင့်သစ်ပန်းသွင်၊ မေ့ထိပ်တင်သည်၊ သခင်ကိုတွေးမြော်၏။ ခေါ်တွင်ကာလူအများ၊ မောင်သော်တလီ၊ အောင်ကျော်ရွှီသည်၊ သက်ဂီမေ့ထိပ်ထားကို၊ မြော်မြင်ငြားလူတကာ၊ ရင်၌မွီးသည်၊ သားကြီးဟန်ပမာသို့၊

မြို့ဂန်သာ ဂေါ်နော်သတ်၊ မေ့ချစ်မောင်ကို၊ စိတ်တွင်လောဘကပ်လျှက်၊ မပြတ်ငုံ့ထံမှာ၊ တိုင်းပြည်ကိစ္စ၊ ဟူသမျှသည်၊ တခုမကျန်ပါအောင်၊ ဆောင်ရွက်ကာနီရမည်၊ စားစရိပ်မှာ၊ တလင်ငွေနှစ်ဆယ်ကို၊ မပြတ်စီပီးမည်သာ၊ အာဏာချသည်၊ ရှိကတောင်းဆုပါ၍၊ သက္ကရာဇ်မှာထောင်ဖြစ်၊ တရာ့သျှစ်ဆယ်၊ စွန်းဂယ်နှစ်ခုနှစ်ဂယ်၊ အချစ်မေ့သခင်၊ စစ်တကောင်းသည်၊ ဖလောင်းမင်းရင်ပြင်၌၊ တိုင်းပြည်တွင်မှုကိစ္စ၊ ပေါ်ထွက်ရာကို၊ ဖြီဖျော်မိုးမစက၊ ယင်းမှာနီသူရို့မှာ၊ ရီခမိုးကို၊ ချမ်းချမ်းဖက်နီပါသို့၊ ပျော်ပါးကာအသွယ်သွယ်၊ ချမ်းငြိမ်းလှသည်၊ ထက်မနတ်ဘုံပြည်သို့၊ ရှင်စမ္ပါယ်နီကြ၍၊ မေ့ချစ်မောင်ကို၊ နတ်လူသထာ၏လေး။

အပိုဒ် (၂)
နတ်လူသထာ၊ နီလျှင်းပါသည်ယင်းခါတွင်၊ ထောင်ကျော်လျှင်သက္ကရာဇ်၊ တရာ့သျှစ်ဆယ်၊ စွန်းဂယ်ငါးခုနှစ်ဂယ်၊ ခေါ်တွင်လိုက်သျှင်မဖြူ၊ ထိုကျွန်းငယ်မှာ၊ စောင့်နီရဲမက်လူကို၊ အောက်သားမူသျှမ်းရို့သာ၊ ဆိတ်ဖာအိပ်ကို၊ ခေါ်၍သတ်ဖြတ်လာလျှက်၊ အပိုင်သာခံလိုငြား၊ ရန်စရှာသည်၊ ယင်းမှာသျှမ်းအောက်သာရို့၊ ပြုကျင့်ငြားထိုခြင်းရာ၊ (ဝီဆက်) လာသတ်မင်း၏၊ မယွင်းရှိနားတော်ဂယ်၊ ကြားလီသောထိုခါ၌၊ ကတ်တင်ခေါ်မှတ်၊ ဘေးကာသတ်နှင့်၊ ဂီသတ်ကိုစေလွှတ်ကာ၊ လွတ်လွတ်ထွက်ချီကြွလာ၊ စစ်တကောင်းမှာ၊ လျှင်ပြင်းရောက်တုံပါက၊ ရခိုင်မှာမူးမတ်သား၊ အောင်ကျော်ပန်းရှိ၊ သော်တလီသည်၊ ပြည်ဆီမှုရီးများကို၊ သိကျွမ်းငြားဆောင်ရွက်သူ၊ ဂါနော်သတ်သည်၊ လွတ်လွတ်ပီးအပ်တုံက၊ ကာနယ်မှာသုပိလုင်၊ ဗဲကာသတ်နှင့်၊ ဂီသတ်ကတ်တင်လည်း၊ ဂမ်းသာရှင်အားကြီးရ၊ မေ့ချစ်မောင်ကို၊ ယူဆောင်ချီကြွလာလျှက်၊ ကာသတ်ကပြုစုရာ၊ ဖလောင်းချိတ်မှာ၊ လျှင်စောရောက်လီပါက၊ ဗဲကတ်သာလူသူများ၊ တထောင်ကျော်ကို၊ ထိုခါစုဆောင်းကြားလျှက်၊ ခေါ်ယူလားချီလီခါ၊ သျှင်မဖြူနှင့်၊ ငတ်မော်ဆိုက်ရောက်ပါက၊ တပ်တောင်တာစွဲကိုင်ငြား၊ မေ့သက်သျှင်သည်၊ ယင်းတွင်ခြသော့်လားသို့၊ တသောသောနီကြခါ၊ တလိုင်းအောက်သား၊ သျှမ်းအများသည်၊ ပြီးလားခြုံထဲမှာ၌၊ ပုန်းပျောင်ကာနီလီငြား၊ တုမပြိုင်ဘဲ၊ ရိုင်ရိုင်နောက်ဆုတ်လား၍၊ သျှင်မင်းဖျားလာလတ်မည်၊ မြို့ဂန်ဟူမှတ်၊ ဂေါ်နော်သတ်ကို၊ လွတ်လပ်ခေါ်တွင်ပေလျှက်၊ ကိုယ့်တိုင်းပြည်အထဲမှာ၊ လိမ္ခာသော်က၊ တတ်စွမ်းလှသည်၊ ရှိကလောင်းမဟော်သို့၊ ရဲစွမ်းရာဗန္ဓုလ၊ တူသောသူသည်၊ ပြည်တွင်မှုးမတ်ကလည်း၊ ခေါ်တွင်ကြလူတကာ၊ ရာပသိန်သတ်၊ တုလွတ်ဖက်မဲ့သာတည်း၊ အမတ်တော်ချီလားလီ၊ ရန်ဟိရာကို၊ စင်အောင်ထိုးထွင်းလီလော့၊ ရခိုင်ပြည်တရိုးမှာ၊ သျှမ်းအောက်သားသည်၊ ကျားရဲဟန်ပမာသို့၊ စွဲလန်းကာမ္ဘီနှောက်စား၊ လူ့မိစ္ဆာကို၊ ပါယ်ခွာနင်ထုတ်ငြား၍၊ အင်းဂစားသျှင်ဘုရင်၊ လက်ဂင်ပိုင်ထား၊ တိုင်းပြည်များကို၊ သိမ်းငြားယူခီကျင်လျှက်၊ ငုံ့ထံတွင်ဆက်ရမည်၊ ချတော်ပြု၍၊ ယင်းကစေခန့်ပေသည်၊ တိုင်းပြည်ရခိုင်သို့လေး။

အပိုဒ် (၃)
ရခိုင်တိုင်းပြည်၊ ချီလားမည်အမှန်သာ၊ ဇော်နေခေါ်ဟရီသျှိန်ဝိုလ်ချုပ်ကြီးမှာ၊ ရဲမက်တော်ကို၊ ညီစွာစုရုံးပြီးမှ၊ အမြောက်ကျီဗုံးစက္ကြာ၊ မီးကျည်တန်းကို၊ လျှင်မြန်ဆောင်ခဲ့ပါ၍၊ ငုံ့နောက်တော်လိုက်ရမည်၊ ရာပသိမ်သတ်၊ မင်းမြတ်နှုတ်တော်ဂယ်နှင့်၊ ချခေါ်ပေတုံသောခါ၊ လေးပါးစစ်အင်၊ မွန်းဖျင်ပြည့်မျှပါလျှက်၊ ချီကြွလာတသောသော၊ စစ်တကောင်းမှာ၊ လျှင်ကြောင်းရောက်လာငြားက၊ ဝိုလ်လူများထားခပါ၊ ရာပသိမ်သတ်၊ မင်းမြတ်ချီကြွလာလျှက်၊ ငတ်မြစ်မော်သျှင်မဖြူ၊ ကျွန်းတွင်တည်ငြား၊ တပ်အုံများကို၊ မင်းဖျားရှုတော်မူ၍၊ စံပျော်တုံနီသောခါ၊ အောက်သားတမန်၊ နားခံမောင်လုံးလာလျှက်၊ စကားသာပြန်တတ်ငြား၊ အသနာလီကဒီ၊ ထိုကုလားနှင့်၊ အောက်သားများလာ၍သာ၊ သည်တခါကို၊ ကျွန်တော်တို့မိုက်ပါ၏၊ စောင့်ရာနီသူရို့ကို၊ သတ်ဖြတ်ရာဂယ်၊ ချမ်းသာပီးခဆိုလျှက်၊ တပ်တော်ကိုနှုတ်ပါလီ၊ သျှင်မဖြူကို၊ ကျွန်တော်တို့ပိုင်သည်ဟု၊ ခါရံဂယ်တဆိုက်သာ၊ မြန်မာမျိုးသည်၊ ကူး၍မလားပါတည်း။ အမှားသာခံတုံငြား၊ လျှောက်ခြင်းရာကို၊ သခင်နားတော်ကြားက၊ ထင်မှတ်ငြားကယ်ကောင်းသာ၊ ရာပသိမ်သတ်၊ မင်းမြတ်ရှိနှုတ်ဂါနှင့်၊ တပ်တောင်တာအလုံးကို၊ နှုတ်သိမ်းယူ၍၊ လွယ်ကာချီတက်ဆိုက၊ ကောင်လောင်ဝိုလ်သူပီလုင်၊ ဝိုလ်လုံးသားသည်၊ သောသောပြန်တက်ကျင်၍၊ ပင်းဂါခွင်ဖလောင်းချိတ်၊ ရောက်ကြလာသည်၊ ကမ္ဘာမြီလုံးထိန်မျှ၊ စုရုံးပြီးနီကြခါ၊ (ဆက်) ရခိုင်သားသည်၊ တခြားဇာတ်ဘာသာကို၊ သူရဲတော်သွင်းရမည်၊ ပွင့်သစ်ပန်းသွင်၊ မေ့သက်သျှင်ကို၊ ယင်းတွင်ဆင့်ဆိုပေလျှက်၊ ကတ်တင်ဂယ်ပိန်းကော်သတ်၊ နှစ်ယောက်စုံသည်၊ တိုင်ပင်စုဆောင်းကြပ်၍၊ ခန့်အပ်ဘီထား၍ပေ၊ ရာပသိမ်သတ်၊ မင်းမြတ်တက်လားလီ၏။ ရခိုင်ပြည်လူရို့ကို၊ မေ့သခင်သည်၊ ယင်းတွင်ပြောဟောဆိုလျှက်၊ ကုလားလိုစဖာအိပ်၊ ငါးရာကျော်ကို၊ ထိုခါစုဆောင်းပီးက၊ (----)၊ သေနတ်ခြင်းကို၊ မကြွင်းမကျန်ပါအောင်၊ ပြသကာသင်၍ပေ၊ ကတ်တင်ခေါ်မှတ်၊ ပိန်းကောသတ်လည်း၊ လှည့်ပတ်ကဇာတ်နီသည်၊ ရပ်မြီပင်းဂါကလေး။

အပိုဒ် (၄)
ရပ်မြီပင်းဂါ၊ ကဇာတ်ပါ၍နီခါလျှင်၊ ရခိုင်တွင်စောင့်နီငြား၊ အတွင်းဂန်သည်၊ ဧကန်သျှမ်းအောက်သားကား၊
ငယ်နာမမောင်စံသာ၊ အခွန်ဂန်သည်၊ ငအောင်မာန်ခပါနှင့်၊ ရခိုင်မှာဂန်ပြုသူ၊ မောင်စံပျော်လည်း၊ သည်ခါကောင်းမည်ဟူ၏။
နားခံတော်မောင်လုံးခေါ်၊ စွန်းလွန်းဗိုလ်နှင့်၊ နားခံထားလီသတည်း။ စာရွီးတော်ငဂိုက်ကေ၊ တလိုင်းအောက်သား၊
သျှမ်းကုလားရို့၊ အများစုဆောင်းပေလျှက်၊ ပင်းဂါမြီအရပ်မှာ၊ တိုက်ခိုက်ရသော်၊ ငါတို့နိုင်ရပါအံ့၊ အရှိမှာသျှင်ဘုရင်၊
ကြားလီငြားသော်၊ သူကောင်းပြုမည်ထင်၏။ တိုင်ပင်ကျင်ပြောဟောငြား၊ နောက်မမြင်သည်၊ လူပင်သျှမ်းအောက်သားရို့၊
အမှားမှားသူယုတ်မှာ၊ ဗိုလ်တပ်များနှင့်၊ ကြွလားချီ၍လာက၊ ပုရိန်ရွာကုလားပေ၊ ဗိုလ်ငဖြူလည်း၊ သည်ခါရပါမည်ဟု၊
ကျွန်းအုပ်ဂယ်ရခိုင်သား၊ ငပြီကြီးလည်း၊ လောဘစိတ်ဟိပါများ၍၊ အမ်းစားသားသာကျော်ဂေ၊ ရွှိငွေဒ်ဂါး၊ ကျွဲနွားကျွန်ရမည်ဟု၊
မှတ်၍ပေသုံးယောက်သား၊ ချိတ်ချိတ်ရယ်ကာ၊ ယင်းခါဂမ်းကြီးသာ၍၊ ကခုန်ကာပြီး၍ပေ၊ အောက်သားနောက်သို့၊
ကပ်လျှက်လိုက်လတ်သတည်း။ ပုန်းလျှိုးထွေလာလတ်မြောက်၊ ဂေလာတောင်မှာ၊ မှန်စွာတပ်ရပ်ရောက်က၊
ပါယ်လွန်မြောက်လားကြခါ၊ ရုတ္တနာသည်၊ ပလ'င်တပ်ဦးမှာ၌၊ စောင့်နီရာလုတ္တင်သတ်၊ ကတ္တင်ငယ်ကို၊ ယင်းတွင်
တိုက်ခွတ်ဖြတ်က၊ ညဉ့်လတ်သန်းခေါင်မှာ၊ ဘက်မမျှ၍၊ ဆုတ်လျှက်လာကြပါ၏။ ပင်းဂါမှာပိန်းကောသတ်၊ တပ်ဟိရာမှာ၊
ပေါင်းကာနီလျှင်းကြပ်က၊ အောက်သားသွတ်တလိုင်းမှာ၊ ကတ်တင်ခေါ်မှတ်၊ ပိန်းကောသတ်ကို၊ လိုက်၍တိုက်ပြန်လာလျှက်၊
(-----)၊ ဟိရာရာကို၊ ဖွေရှာဖမ်းဆီးထား၍၊ သတ်ဖြတ်ငြားအလီလီ၊ မီးထင်းတိုက်လောင်၊ ကုန်အောင်ညက်ညက်မွှီ၏။
ပင်းဂါမြီဇရပ်တွင်၊ ရာဇာဖက်မှာ၊ တပ်မစွဲလုပ်ကျင်လျှက်၊ နီခါလျှင်တုံကပေ၊ ဟာလဘင်းပင်းဂါ၊ စုက္ကရာနှင့်၊ ငတ်မော်အရပ်မြီ၌၊
ဟိပါသည်လူသူများ၊ ချင်းနှင့်ကယင်၊ မြုံလျှင်ဒိုင်းနက်စသား၊ နှမ်းရွေးသားခွင့်မပီးပေ၊ လင်းကဲပေါင်းစုံ၊
သက်မူသျှမ်းစုသည်တည်း၊ တောင်မြိုငယ်အရိုင်းများ၊ ကုလားမရမာ၊ ပြီး၍လာသည်၊ ကိုယ့်မှာသားမယားနှင့်၊
တသောသောလာကြရာ၊ စစ်တကောင်းသည်၊ ဖလောင်းမင်းနီရာသို့၊ ရောက်ကြလာတုံပြီးမှ၊ ချမ်းငြိမ်းသာယာ၊ ဟိကြပါသည်၊
ထိုခါတဲအုံချ၍၊ ဆိုင်းသော်နီကြခါဂယ်၊ ဂန်တင်ကျွဲနှင့်၊ တိုက်ကျွဲတောင်းလတ်ပါက၊ စုဆောင်းကာရှာလျှက်ပေ၊ လိုသည့်ဂန်ကို၊
ယင်းမှာပီးဆက်သည်တည်း။ စံရှီဖွေကျွန်းအုပ်ကား၊ ဖလောင်းသျှေသာ၊ ကျီစိုးအရာစား၍၊ ၄ဂီငြားပီးလျှက်ပင်၊
ဂန်တင်လှည်းကို၊ အုပ်ချုပ်၍စီရင်၏။ ဗိုလ်ချုပ်လျှင်မာရသျှိန်၊ ဂမ်းကြီးသာ၍၊ ယင်းခါချီမွမ်းပီးလျှက်၊ ရင်၌မွီးသားပမာ၊
လုံးလှပွတ်တန်၊ မေ့သက်နှံကို၊ အမှန်ချစ်နှစ်ပါ၏။ (ပီဆက်ပြတ်)

ရာပသိမ်သတ်၊ မင်းမြတ်နှုတ်ရွှိစာနှင့်၊ ရခိုင်မှာမှုးမတ်ကား၊ အောင်ကျော်ပန်းရွှိ၊ သော်တလီသည်၊ ငါ့ဆီရောက်စီသောဟု၊
ခေါ်ယူငြားလီသောခါ၊ ပွင့်သစ်ပန်းသွင်၊ မေ့သက်သျှင်သည်၊ သခင်ရောက်လီပါက၊ ဂမ်းပန်းသာအားကြီးရ၊ ရင်၌မွီးသည်၊
သားကြီးပင်မကတည်း။ ချစ်မြတ်လှဆိုလျှက်ပေ၊ ခုနှစ်ဆက်သည်၊ ကောင်းမှုဟိဖူးလီ၍၊ တွိကြုံသည်မှန်တည့်တည့်၊
ပွင့်လောင်းလျှာသည်၊ သခင်ဘုန်းကြောင့်တည်းလေး။

အပိုဒ် (၅)
ဘုန်းကြောင်ဧကန်၊ တွိကြုံပြန်သည်အမှန်သာ၊ မင်းမြတ်စွာနှုတ်တော်က၊ ကူမ္ဘဏီသည်၊ အသျှင်ရီးကိစ္စ၏၊ လိုသမျှအကုန်ပေ၊
ကြိုးစားဆောင်ကြံလျှက်၊ မှန်မှန်ထမ်းရွက်ပေက၊ ရခိုင်ပြည်ရကာလ၊ စိတ်ဟိရာကို၊ ထိုခါကြံတွေးဆလျှက်၊ လိုသမျှအကုန်ပေ၊
ငါမစ၍၊ သူကောင်းပြုခမည်ဟု၊ ဟမြွက်ထွေဆိုသောခါ၊ မေ့သခင်သည်၊ ယင်းတွင်ဂမ်းကြီးသာလျှက်၊
နောက်ကိုသာမျှော်ထောက်ထား၊ အခမေးနာ၊ သူကားငွေတပြားမျှ၊ မစားမယူပါ၊ လိုသရိကို၊ ထမ်းပိုးရွက်ဆောင်ပါ၍၊
အရှိမှာရန်ငုမ်ဂယ်၊ ငါးရာလူကို၊ လျှင်လျှင်လွှတ်ချင်သည်ဟု၊ ဟမြွက်ထွေဆိုလတ်ခါ၊ ကောင်းရာလူကို၊
လွယ်ကူရွှီးချယ်ပါလျှက်၊ ငါးရာသာရခိုင်သား၊ မေ့သက်သျှင်သည်၊ ယင်းတွင်ပီးတုံငြားက၊ လှီသဘော်နှစ်စင်းမှာ၊
တင်ယူဆောင်၍၊ လျှင်အောင်လားလီပါ၏၊ ပညာခေါ်လမ်းထွင်သား၊ ငါးရာလူကို၊ လွယ်ကူတောင်းလတ်ငြားလည်း၊
ရခိုင်သားလူငါးရာ၊ ဖောင်သာရှိကို၊ အကြီးခန့်အပ်ပါ၍၊ ဣသျှီကာကာတင်သတ်၊ ဣရာဇီကို၊ အကျွန်လက်တည့်အပ်က၊
လွန်ချစ်မြတ်ဂမ်းကြီးသာ၊ ရခိုင်သားသည်၊ ဘေးကပ်ငါးထောင်ကျော်နှင့်၊ သူရဲတော်ရို့စီးနင်းရန်၊ လှီများအားလုံးစွာကို၊
စုဆောင်းကာရှာ၍ပေ၊ ပွင့်သစ်ပန်းဟန်၊ မေ့သက်နှံသည်၊ လျှင်မြန်ပီးအပ်သည်တည့်။ ရခိုင်ပြည်လားဖူးသူ၊
ကုန်းကြောင်းလမ်းနှင့်၊ ရီကြောင်းလမ်းနှစ်ပါးစုံကို၊ ပြနိုင်သူပီးရမည်၊ ရခိုင်ပြည်ခြင်း၊ နီပုံခင်း၍၊ လျှင်ပြင်းခုပြပေလော့၊
ဟမြွက်ထွေဆိုလတ်ခါ၊ နီပုံခင်း၍၊ ချက်ချင်းပြသပါလျှက်၊ လမ်းသိမှာထွန်းပေါ်ဂေ၊ ဖသက်နှံနှင့်၊ ချီးခံသတိုးဂေကို၊
ခေါ်ယူထွေတုံပြီးခါ၊ ကတ်တင်ဟူမှတ်၊ ဒေါင်ရောင်မော်သတ်ကို၊ လွတ်လွတ်ပီးအပ်ပါက၊ ဂမ်းကြီးသာအားပါးရ၊
သျှင်မင်းကြီးကို၊ ယင်းတွင်ချီမွမ်းကြ၏၊ ခုပြီးမှငါလားမည်၊ ရဲဗိုလ်ပါလည်း၊ မကြာခုစုံစီဟု၊ ဟမြွက်ထွီဆိုသောခါ၊ သိန်းသန်းကုဋ္ဌီ၊

ဝိုလ်ခြီအများလာလျှက်၊ ခြီရင်းတွင်စုရုံး၍၊ များဝိုလ်ပါသည်၊ မကြာရောက်လာ၏လေး။

အပိုဒ် (၆)
ရောက်၍ဇကေန်၊ ချီတက်ပြန်မည်အမှန်သာ၊ မင်းမြတ်စွာနှုတ်တော်က၊ ရောင်ဇနောင်ကို၊ ယင်းတွင်အဏာချ၍၊ သဘော်နှင့်လိုရို့မှာ၊ သူရဲပျံသည်၊ အမှန်ရဲမက်တော်လည်း၊ ဂုရာသာစီးရမည်၊ ပြောင်းကြီးဇဂါ၊ ဝုံးစက္ကြာကို၊ ယင်းမှာတင်ယူပေလော့၊ ကုန်းကြောင်းဂယ်တစလား၊ ရထားမြင်းဆင်၊ လှည်းငင်ဂန်တိုက်နွားနှင့်၊ ရဲမက်များထောင်သောင်းကို၊ ရခိုင်ဝိုလ်မှတ်၊ ဒေးသျှိန်သတ်သည်၊ မပြတ်တပ်ဦးချီလော့၊ နောက်ရပ်မြီသူရဲဖော်၊ စပါအိတ်သည်၊ ဟိန္ဒုတ်သားနီသာတည်း။ (-----)၊ မြင်းစီးမှာမောင်းဂွတ်က၊ မီးကျည်တန်ခေါ်၊ လက်နက်တော်ကို၊ လျှင်စွာယူဆောင်ခလော့၊ သေနပ်နှင့်လှဲကမံ၊ လက်နက်များကို၊ ပီးအပ်နံ၍၊ ကြီးစည်သံဗောမှုတ်ကာ၊ ခရာထွက်သည်၊ တိမ်ထွတ်ထက်အာကာမှ၊ တီးမှုတ်လာဟန်မပြား၊ သောင်းဇမ္ဗူဂယ်၊ ထိန့်ဆူကျော်နံ့ကြားမျှ၊ တသောသောချီကြခါ၊ ရာပသိန်သတ်၊ မင်းမြတ်၏နောက်တော်ဂယ်၊ ပွင့်လောင်းလျှာမှေ့ကြင်စ၊ ကပ်၍ပါသည်၊ ဆံမြွှာမယွင်းခွတည်း။ မှူးမတ်ကားအထဲမှာ၊ ဖွဲ့ဒါကြီးသည်၊ အသောင်းအဒူလာနှင့်၊ အဟောဒါမာတဒိန်၊ အစီရင်ထွေ၊ တိုးအောင်ကြွယ်သည်၊ အကယ်ပါလျှင်းလီ၏၊ တိုင်းရပ်မြီရခိုင်မှာ၊ ဒါးပိုင်ကြီးသည်၊ ရှိကအမတ်တော်၏၊ ရင်တွင်းမျှော်ကျူးခ၍ဖွား၊ ထိန့်ထိန့်ဆူသည်၊ ဇမ္ဗူကျွန်းလုံးကြား၏၊ သားကြီးကားအမ်းစားသာ၊ မှေ့သက်သျှင်လည်း၊ ယင်းခါနောက်တွင်ပါလျှက်၊ ခေါ်တွင်ကာတိမ်ကြားဝိုလ်၊ မာလုံသတ်သည်၊ ရီကြောင်းချီလီဆိုက၊ နောက်တော်ကိုပါလီငြား၊ သိန်းသန်းဝိုလ်ခြီ၊ အသ်ံချီသည်၊ မြီဂယ်မွန်းမျှလား၏၊ ချီတက်ငြားလားလီခါ၊ စစ်တကောင်းသည်၊ မြစ်မကိုကူးပါလျှက်၊ တက်လီသော်လက်ဂဲနား၊ ဘောင်းဒွတ်တောင်ကို၊ ပါယ်ယောင်လွန်ကျော်လားက၊ လက်ယာနားပြင်ကြီးသာ၊ ဖောက်ကျိုးကို၊ လွန်၍လားလီပါလျှက်၊ ကန်ရှည်မှာဆိုက်မနား၊ ဟာလဘင်းခေါ်၊ စုတ္တရာကို၊ လျှင်စွာချီတက်လားသော်၊ ရီကင်းနားဆည်ကြီးသာ၊ ပတ္တလီကို၊ ထိုခါဆိုက်ရောက်ပါ၍၊ ပင်းဂါရွာမရောက်ခင်၊ ရခိုင်ဂန်သာ၊ မောင်စံပျော်သည်၊ ယင်းမှာကြားလီကျင်၏၊ သားမောင်ပင်ငဝိုက်ကေ၊ ငါရို့သက်သည်၊ အခုသီရမည်ဟု၊ ဖက်ယပင်းငိုကြခါ၊ အတွင်းဂန်သည်၊ မှန်မှန်ကြားလီပါ၍၊ ကြောက်ဂှန်ကာတုန်လှုပ်ငြား၊ မိုးဦးခါသည်၊ ဖားသော်မြည်သောလားသို့၊ တသောသောငိုလျှက်သာ၊ တပ်လုံးသားသည်၊ ထွက်လားပြီးလီပါက၊ ဖမ်းဆီးကာရှာမရ၊ တစစ်အောင်သည်၊ ငရို့အသျှင်ဘုန်းကြောင့်နှင့်တည်း။

အပိုဒ် (၇)
ချီတက်ကြွလိုက်လီခါ၊ ဖလောင်းချိတ်မှာ၊ လျှင်စွာရောက်တုံပါလည်း၊ တောင်ကိုသာမျှောင်ကာလား၊ ရဲစုချောင်းလွန်၊ ချီတက်ပြန်သော်၊ အမှန်မတန့်မနားတည်း။ ပန်းမော်ကားလက်ဂဲသာ၊ သင်းပေါင်းချောင်းကို၊ ပါယ်၍လွန်ခပါလျှက်၊ မြင်းမျက်နှာတောင်အနား၊ လားလီပါသော်၊ ငတ်မော်ဆိုက်ရောက်ငြားက၊ ရဲမက်များသိန်းဝိုလ်ပါ၊ ညောင်းညာဖြီလျှက်၊ ဆိုင်းငုံ့နီရပါသည်၊ မောင်တောတပ်မှာတည်းလေး။ မောင်တောတပ်မှာ၊ ဆိုက်ရောက်ပါသည်ယင်းခါတွင်၊ ဥာဏ်လျှင်မြို့စာရှိ၊ လက်ဂဲဖက်မှာ၊ တပ်မတော်ကို၊ ဖြိုကာထွက်၍ပြီးလျှက်၊ ကြောက်ဂှန်ကြီးတုန်လှုပ်ကာ၊ အောက်သားပျက်သည်၊ လျှို့ဂှက်နီလီပါက၊ ယင်းသောခါငရို့သခင်၊ အနောက်ငယ်ကို၊ လက်ဂယ်သိမ်းယူကျင်၍၊ အစလျှင်ပဌမ၊ နောင်းဖော်ရှိကို၊ ကျွန်းအုပ်ခန့်ပီးခလျှက်၊ ချီတက်ကြွလားကြခါ၊ အလယ်သညာ၊ ကုလားရွာမှာ၊ လျှင်စွာရောက်လီပါက၊ ယင်းတွင်သာဆိုက်မနား၊ ကျောက်ပန်းစွယ်ကို၊ လက်ယာပါယ်ယောင်ထားလျှက်၊ တသောသောချီကြခါ၊ ပြည်ထိပ်မှတ်သည်၊ မယူနတ်ကြီးမော်သို့၊ ဆိုက်ရောက်ခါတုံပြီးမှ၊ များဝိုလ်ပါသည်၊ ယင်းတွင်တပ်ကြီးချ၍၊ တန့်ရပ်ကြနီသောခါ၊ (-----)၊ သင့်ရာသားနှင့်၊ မိမွှသားသူငယ်များ၊ ဥပမာသည်၊ သားလင်ရောက်လာငြားသို့၊ ရှွင်ပျော်ပါးဂမ်းကြီးသာ၊ (ဆက်) အဖူးလက်ဆောင်၊ များမြောင်ပို့ဆက်လာ၏၊ ချီတက်ကာတသောသော၊ ဦးရာဇဇောင်သည်၊ သျှင်ပင်ခါတ်ရောက်ငြားက၊ အထွတ်ဖျားစေတီမှာ၊ တင်းခွန်ကုက္ကား၊ မုလေးပွားကို၊ လျှင်ငြားပူဇော်ပါလျှက်၊ လားလီကတုံခါပေ၊ ကုလားပုံးကို၊ လက်ဂဲထားခသည်တည့်။ ဆင်ခံဂယ်ဆိုက်ရောက်က၊ ငရို့သခင်သည်၊ ယင်းတွင်တပ်ဦးချလျှက်၊ ကုလားကအဟောဒါ၊ မာတဒိန်ကို၊ စာနှင်စီလွှတ်ပါ၏၊ ချောင်းဖလာတပ်ထဲဂယ်၊ တလိုင်းအောက်သား၊ သျှမ်းအများကို၊ လျှင်လျှားထွက်လားစေဟု၊ ကြံကာပေနီသောခါ၊ နင်ရို့များသည်၊ ကျင်းကျင်းအကုန်စွာကို၊ ရဲမက်တော်ဂူရာက၊ သတ်ဖြတ်မည်ဟု၊ အကယ်တည့်တည့်ပြော၍၊ ခုလျှင်လျှားတုတ်နောင်မည်၊ တမန်လွှတ်လျှက်၊ ခေါ်ပတ်ပြောတုံပေလည်း၊ နားမလည်အောက်သားမှာ၊ ကောင်းမည်ထင်ဗျာ၊ ယင်းတွင်တွင်းတူးပါလျှက်၊ ကြွက်ဟန်သာနီတုံငြား၊ စာရှိုးကြီးသည်၊ ငဝိုက်ကေနှင့်၊ နားခံမောင်လုံးများရို့၊ အမှားမှားနီကြခါ၊ ငရို့သခင်သည်၊ ယင်းတွင်မာန်ကြီးပါ၍၊ ဂေါ်မီတော်မော်သတ်နှင့်၊ မောဇော်ကတ်တင်၊ သောက်သတ်လျှင်လည်း၊ ခုပင်ချီလားကြဟု၊ နှုတ်သံမြချခါဂယ်၊ ရီဝိုလ်ချုပ်သည်၊ လျှင်စောချီတက်လီ၍၊ တိုက်ကြပြီးတုံသောခါ၊ သျှမ်းအောက်သားသည်၊ ပြီးငြားမလွတ်ပါတည်း။ နားခံတော်မောင်လုံးမှာ၊ လက်ဂါးပေါက်လျှက်၊

ပုန်းရှောက်ထွက်ပြီးလီ၏၊ ငဂိုက်ကေစာရွီးမူ၊ အောက်သားများသည်၊ သဲဖျားကြွီလှုပ်တုန်မျှ၊ အငတ်မှုမစစ်သာ၊ လင်းကဲအသွင်၊ တောထဲဝင်၍၊ ယင်းတွင်ပြီးလီပါက၊ ချောင်းဖလာတပ်ကြီးကို၊ ဘုန်းတော်အားနှင့်၊ လျှင်လျှားတိုက်ခိုက်ဖြိုသည်၊ ပြိုးသိုစကားကြောင့်လေး။

အပိုဒ် (၈)
ပြိုးသိုမှန်စွာ၊ တိုက်ကြပါသည်ယင်းခါတွင်၊ အုန်းတပင်တပ်မမှာ၊ မိုးကောင်းဗိုလ်နှင့်၊ ငချေးကြားလီပါက၊ ကြောက်ဂှန်ကာတုံလှုပ်ငြား၊ တပ်လုံးသူသည်၊ ဆောင်းတွင်ချုပ်ထားငါးသို့၊ သီမိမောအသွယ်သွယ်၊ ကြောက်ဂှန်ကြီး၍၊ ထွက်ပြီးကြလီ၏။ ချီတက်ပေငရို့သခင်၊ ကျွဲခြံတောင်မှာ၊ လျှင်စွာဆိုက်ရောက်ကျင်က၊ များလူသျှင်ရဲမက်တော်၊ ကျွဲနွားတောင်းလတ်ပါသည်၊ ပွင့်လောင်းလျှာမေ့သခင်၊ ရခိုင်ပြည်ဝယ်၊ ဟိသည်လူမွန်းဖျင်ကို၊ စုလုံးကျင်ခေါ်သောခါ၊ သလွန်တောင်ကို၊ စီရင်အုပ်ထိန်းပါလျှက်၊ ကျွန်းအုပ်သာငရှောက်ဖွေ၊ တောင်ဖက်ကျွန်းကို၊ ထိမ်းသိမ်းစီရင်ပေ၍၊ ဖော်ရှီသည်ကျွန်းအုပ်ကား၊ ဝမ်းကြီးသာ၍၊ လျှင်စွာရောက်လာငြားတည့်။ မူဇဲကကျွန်းအုပ်သာ၊ ငကြောင်ပြိန်းတော၊ လျှင်စောပေါက်ချလာလျှက်၊ စစ်တွေမှာကောင်းစံရွှီ၊ တောင်ရင်းကျွန်းနီ၊ ပေါ်ထွန်းဂီနှင့်၊ ပြသျှေဝင်းကျွန်းနီ၏၊ ပြားကျွန်းဆီအသက်နှံ၊ ကျိန်းရှိနောက်မှာ၊ ကျွန်းအုပ်မောင်သာကြံလျှင်၊ လာကြပြန်တုံသောခါ၊ ပြည်လုံးသားသည်၊ သောသောရုရုဆာ၍၊ ဆိုက်ရောက်လာတုံပေက၊ မေ့ချစ်မောင်သည်၊ ယင်းတွင်အားကြီးရ၏၊ လိုသမျှကျွဲနွားပေ၊ ဆန်ရီစပါး၊ ဆီပျားထောပတ်များကို၊ ယူဆောင်လာဆက်ပီးခါ၊ ချီကြရာတသောသော၊ ပါးတော်တောင်မှာ၊ လျှင်စွာဆိုက်ရောက်ငြားက၊ တောင်ထိပ်ဖျားအထက်မှာ၊ အောက်သားများကို၊ လွတ်လပ်မျှော်ခီပါက၊ ရခိုင်သားစဖာအိပ်၊ တပ်မင်းမြဖော်၊ သုဗတာနှင့်၊ ဂူရာနှစ်ပါး၊ ဖိလျှက်တိုက်သတ်ပြီးတုံလီခါ၊ ပုခန်းဗိုလ်သည်၊ နေမျိုးသူရိန်သာတည်း၊ မက္ကရာမြို့သူကြီး၊ မျက်စိပြောင်းပြန်၊ ထိပ်ဆံအသက်ပြီးလျှက်၊ ဟစ်ကြော်ကျွီးမြည်၍သာ၊ စိုက်စိုက်မတ်မတ်၊ တန်းလျှက်ပြီးလီပါသည်၊ ကိုယ့်ရွာရောက်အောင်တည့်လေး။

အပိုဒ် (၉)
ရောက်အောင်ကိုယ့်ရွာ၊ မက္ကရာသို့ပြီးခါတွင်၊ ချီတက်ကျင်လိုက်လီခါ၊ ဇီးဇာပြင်မှာ၊ လျှင်စွာဆိုက်ရောက်ပါက၊ ထိုဖက်မှာမဟာထီး၊ ငါးရကောက်ခေါ်၊ ချောင်းနားမော်ဝယ်၊ ဟိသည်တပ်မကြီးကို၊ မြင်ကတ်ပြီးတုံသောခါ၊ ဗိုလ်ချုပ်မင်းသည်၊ လျှင်ပြင်းချီလားပါ၍၊ သူရဲတော်ဂူရာများ၊ တောင်းလောင်ကျီကို၊ အညီစိုင်သင့်ထားလျှက်၊ လက်ယာနားမြင်းစီးသာ၊ ဟိန္ဒုတ်သာနီ၊ နီသည်လက်ဝဲမှာတည်း။ ရခိုင်သာတပ်ဦးက၊ ကြီးစည်တီးကာ၊ ဗောမှုတ်ပါသည်၊ သံဝါခြိမ်းမောင်းငြာလျှက်၊ ချီလားကြတိုက်လီခါ၊ မဟာထီးမှာ၊ တပ်များကုန်အောင်စွာကို၊ ဖြိုဖျက်ကာလွှင့်လီက၊ ဇေတဗိုလ်သည်၊ ကြံရာရှာမရတည်း။ ပုခန်းကဗိုလ်မင်းသာ၊ သူရဲကြီးမူ၊ တပ်လုံစိုးအုပ်ပါလျှက်၊ ငိုကြရာတသောသော၊ ကျားကိုမြင်သော်၊ သမင်မြိုင်ချောင်တောက၊ ကြောက်ဂှန်ငြားတုန်လှုပ်ကာ၊ အောက်သားများသည်၊ မပြားယင်းပမာသို့၊ ထွက်လားကာအသွယ်သွယ်၊ တောတောင်ဦးဖျား၊ ပြီးငြားပုန်းယှောင်လီ၏။ ချီကြွပြီးလားလီခါ၊ ပေါင်းတုတ်ပြင်မှာ၊ သခင်ဆိုက်ရောက်ပါက၊ ဆိုင်းရပ်ကာဗိုလ်လူများ၊ တပ်တောင်တာကို၊ ထိုခါကြည့်ရှုငြားက၊ မြို့အနားတောင်ရို့မှာ၊ အောက်သားများသည်၊ မဲမဲပြုတ်ပြုတ်ဆာလျှက်၊ ကွန်းစီးခေါ်ပေါင်းဝဝယ်၊ ရခိုင်ဝန်သာ၊ မောင်စံပျော်နှင့်၊ နားခံငကျွတ်ကေတည်း။ ငဂိုက်ကေစာရွီးတော်၊ မြို့သူကြီးကား၊ ကြီးကြပ်အုပ်ပြုပါ၏။ ပန်းဒလေဝန်ဟောင်းသာ၊ ပေါင်းကာစု၍၊ သောသောရုရုဆာလျှက်၊ တပ်စွဲရာမြီကတုတ်၊ တောင်ထိပ်ထက်တွင်၊ တောမျောက်သွင်သို့၊ ပေါင်လျှင်မဲပုတ်ပုတ်နှင့်၊ ဆစ္ဆီရုပ်ကြောက်ရွံ့ဖွယ်၊ အသားမဲမဲ၊ သွားကြဲကြဲသည်၊ ဂေါင်းလည်းစုတ်ချွန်းသွယ်တည်း။ ခွတ်သတ်မည်အဟန်ယောင်၊ စာရွီးကြီးထွေ၊ ငဂိုက်ကေလည်း၊ လက်ခုပ်တဖောင်ဖောင်နှင့်၊ ပုဏ္ဏားတောင်အထိပ်မှာ၊ ခေါ်တွင်ကြသည်၊ ညာဏအောက်သားသော်ကား၊ တပ်နှင့်သာစီး၍ပေ၊ လီသာတောင်သည်၊ မြင့်ခေါင်အထိပ်ဝယ်၌၊ ဗိုလ်လုပ်သည့်မြို့အုပ်သာ၊ မောင်ဗျဲဟူငြား၊ သျှမ်းအောက်သားနှင့်၊ ငပွင့်တပ်ဟိပါလျှက်၊ ကခုန်ကာတသောသော၊ သတ်မည်ယောင်သည်၊ ဟန်ဆောင်တကားကားနှင့်၊ ဗိုလ်ချုပ်ကားအတွင်းဝန်၊ ငမောင်စသည်၊ နောက်ကပုန်းနီပြန်၏။ ကြောက်ခြင်းဟန်ပြင်မထုတ်၊ ဝသဲဖက်မှာ၊ ပုန်းယှောင်ပါ၍၊ ထိုခါဥပါယ်ပြုလျှက်၊ စစ်မှုစီရင်၊ ကြောက်ဟန်ကြီး၍၊ ကြောင်းလမ်းခုတ်ထွင်ပြန်၏။ ငကျော်ဇံမုဆိတ်ရှည်၊ ပြည်လုံးသားကို၊ မွှီလျှက်ဂုံးတိုက်သည်ကား၊ သတ်ရမည်ရခိုင်ကို၊ နိမပျက်သာ၊ တိုးတိုးချပ်ချပ်ဆိုလျှက်၊ မျက်နှာလိုခံ၍ပေ၊ မြို့ဝင်းထဲတွင်၊ ပုန်းလျှက်ဝင်ကာနီသည်၊ မှန်မှန်ပြီးလို၍လေး။

အပိုဒ် (၁၀)
ပြီးမည်ဧကန်၊ နီကြပြန်သည်အမှန်သာ၊ ယင်းသောခါငရို့သခင်၊ ရာပသိန်သတ်၊ မင်းမြတ်နှုတ်ရွှီစင်နှင့်၊

တောင်ထိပ်တွင်တပ်များကို၊ ခဏချင်းနှင့်၊ လျှင်စောတိုက်ကြဆိုလျှက်၊ အာဏာကိုပီးသောခါ၊ ဇော်နော်ဟူပြီ၊ မာရိသျှိန်သည်၊ ခြိမ်းမဲတိုက်မောင်းကြော်၍၊ ဝမ်းကြီးသာအားကြီးရ၊ ရဲမက်တော်ကို၊ စိုင်ကာအသင့်ချလျှက်၊ တီးမှုတ်ကြအသွယ်သွယ်၊ ပုလီစောင်းညှင်း၊ ကြီးနင်းစည်ပုတ်ကေနှင့်၊ ခရာသည်နဲ့သံကောက်၊ စည်ကြီးတီးကာ၊ ဗောမှုတ်ပါသည်၊ ပြည်ရွာထိန့်လန့်ချောက်မျှ၊ တယောက်တစစီ၊ အောက်သားတပ်ကို၊ နင်း၍တိုက်သတ်လီ၏။ လက်နက်ဝယ်ဗုံးစက္ကြာ၊ တချက်ပစ်သော်၊ ထွတ်ဖျားထက်အာဏာသို့၊ တက်လီပါတုံပြီးမှ၊ သက်လတ်ပါသည်၊ အာကာမိုးပေါက်ကျသို့၊ ဆင်မြင်းကလူသူမှာ၊ မှန်သရိကို၊ ထုံးပုံ၏ဟန်ပမာသို့၊ ကြီမွကာသီဆုံးပျောက်၊ မီးကျည်တန်းသည်၊ အမှန်ထိုလက်နက်ကို၊ တချက်ပစ်လွှတ်သောခါ၊ တိမ်ကိုခွဲ၍၊ ဂဲလျှက်တက်လီပါ၏။ ထက်အာကာမိုးကြိုးသံ၊ သက်လာကျ၍၊ မွှီလျှက်သတ်ခြင်းဟန်ကား၊ ခုန်လွှားပျံဂဲကာကာ၊ ချောက်မြောင်တောင်ကြား၊ ပုန်းလျှိုးငြားလည်း၊ ပြီးလားမလွတ်ပါတည်း။ သုံးရက်သာဂီဝင်းဝင်း၊ တိုက်ကြပါသည်၊ တောတောင်မြီလုံးလင်းမျှ၊ တိုင်ပင်ငြားတနည်းမှာ၊ လီသာတောင်ကို၊ ဦးအောင်နင်းကြပါဟု၊ ချလတ်ခါတုံပေက၊ ဇော်နော်ခေါ်မှတ်၊ ဇီရီသတ်သာ၊ လွတ်လွတ်ချီလျှင်းပါလျှက်၊ ဂူရာသည်ရှိဦးတပ်၊ တောင်လောင်ကျိလည်း၊ ယင်းခါနောက်ထပ်ကပ်၍၊ ညဉ့်တလပ်သန်းခေါင်တွင်၊ လီသာတောင်ကို၊ လျှင်အောင်တက်တိုက်ကျင်က၊ မျက်တောင်ပင်မခတ်မှီ၊ မြို့အုပ်ခေါ်ထွေ၊ ငမောင်ဗျေသည်၊ လွယ်လွယ်ပြီးလားလီ၏။ ပုဏ္ဏားဆီတောင်ထိပ်မှာ၊ ခေါ်တွင်ကြသည်၊ ဉာဏအောက်သားသော်ကား၊ ကြောက်ဝှန်ကာတုန်လှုပ်ငြား၊ ပြီးလားလီသည်၊ အိမ်မှာသားမယားကို၊ စောင်းလှည့်ငြားမကြည့်ခင်၊ ကိုယ့်အသက်ကို၊ လွတ်ကြောင်းပြီးလီကျင်၏။ ကွန်းစီးလျှင်ပေါင်းဝမှာ၊ တပ်တွင်ဟိငြား၊ သျှမ်းအောက်သားသည်၊ သောသောရုရုဆာလျှက်၊ ပြီးလီခါတုံကပေ၊ မောင်စံပျော်နှင့်၊ နားခံငကျက်ကေတည်း။ ငဝိုက်ကေမောင်ရဲသာ၊ လေးယောက်စုံသည်၊ ပူးတုံဖက်ကြပါလျှက်၊ ငိုကြရာတသျှုတ်သျှုတ်၊ ကြက်သီးဝှန်သည်၊ လိပ်ပြာထွက်လုတ်လုတ်တည်း။ ဆစ္ဆီစုတ်မျောက်ရီငန်၊ သူငယ်သားကို၊ ဖမ်းစားသည့်ဟန်သို့၊ မျက်ဆန်သာခပြူးပြူး၊ ဆံပင်ဖားရား၊ ဝမ်းဖားဖားသည်၊ ခြီကိုကားရားပြုလျှက်၊ ဖားပြုတ်အသွင်၊ သျှမ်းအောက်သားရို့၊ ပြီးငြားကျင်သည်၊ ငွေတောင်ပေါက်ဝကလေး။

အပိုဒ် (၁၁)

ငွေတောင်ပေါက်က၊ ပြီးလားကြသည်ယင်းမှသာ၊ ဗိုလ်ချုပ်ခေါ်တွင်၊ ဝန်ငမင်သည်၊ သဲဖျားကြက်သီးဝှမ်၍၊ အကြံကိုရှာမရ၊ ပြီးလားကြသည်၊ ဘီလူးမတန်းခါးမှတည့်။ ပန်းစျီးမြောင်းကိုလွန်၊ မိုးကြိုးဂျိုင်ကို၊ စိုင်ကာလားလီပါလျှက်၊ ဝက်ချောင်းသာပယ်လွန်ငြား၊ တက်လီပါသော်၊ ချင်းရွာတောင်ခြီနားက၊ ပုန်းလျှိုးငြားကုတ်ရှုတ်ကာ၊ ဗိုလ်ချုပ်ဧကန်၊ အတွင်းဝန်သည်၊ အမှန်ပြီးလီပါက၊ ရှာကြရာတသောသော၊ ဂျီဒရယ်သည်၊ ဆတ်ငယ်ကိုယ်အလားသို့၊ လမ်းစပ်ကြားခြုံထဲမှာ၊ မြို့သူကြီးကို၊ အလျှင်ဖမ်းမိပါ၏၊ သက္ကရာဇ်မှာတထောင်ဖြစ်၊ တရာ့သျှစ်ဆယ်၊ စွန်းဝယ်ခြောက်ခုနှစ်က၊ တန်းခူး၏လဆန်းမှာ၊ ဆယ့်လေးရက်သည်၊ သောက်ကြာနိတွင်သာတည်း။ တပိုဂ်ကျော်နီထွက်ဝယ်၊ ရန်ခပ်သိမ်းကို၊ ပျောက်ငြိမ်းအောင်မြင်ပေက၊ ဝမ်းသာထွေအားရကျင်၊ ဓညဝတီ၊ ရခိုင်ပြည်ကြီးတွင်၌၊ ပုရိန်ပြင်အထဲမှာ၊ မြသွင်နတ်ကို၊ ပသပူဇော်ပါလျှက်၊ ကောင်းသည့်ခါနိရက်ဝယ်၊ ရဲမက်ဗိုလ်ပါ၊ လူတကာကို၊ ယင်းမှာစုရုံးစီ၍၊ ရခိုင်ပြည်မြို့ထဲမှာ၊ ဘာသာလျှောက်၊ ပြောင်းမီးပေါက်သို့၊ ပစ်မြှောက်ပူဇော်ပါလျှက်၊ အောက်သားသာပိုင်ကာလ၊ သျှင်ဘုရင်မှာ၊ နန်းသက်ဖော်၍၊ ရွှိဂူစေတီမဟု၊ ခေါ်တွင်ထလူတကာ၊ တိုက်ဝန်မင်းသည်၊ တည်ရင်းစေတီတော်ကို၊ ဖြိုဖျက်ကာပစ်လျှက်ပေ၊ ယင်းတောင်ထိပ်မှာ၊ အိမ်ကြီးဆောက်လုပ်စီ၏၊ ငရို့ပြည်ဝယ်သျှင်မင်းကြီး၊ ကောလိယရာဇာ၊ တည်လုပ်ပါသည်၊ သျှင်တော်မဟာထီးကို၊ ချိုးဖဲ့ပြီးလွှင့်ပစ်ကာ၊ စောမွန်တည်ပြု၊ မင်းဗာလုပ်သည်၊ တံတိုင်းမြို့ဝင်းတော်ကို၊ ဖြိုဖျက်ကာပစ်၍ပေ၊ သိုက်စာထွက်ကို၊ သျှမ်းအောက်သားသည်၊ လိုက်လျှင်းပြုကြသည်တည်း။ နောင်ခါဝယ်တုံပြီးမှ၊ မေ့သက်သျှင်ကို၊ ယင်းတွင်အာဏာချလျှက်၊ ဂူရာနှင့်မြင်းစီးသာ၊ စဖာအိတ်သည်၊ နီဖို့လိုင်းအိမ်တော်ကို၊ ဆောက်လုပ်ကာပီးရမည်၊ တောင်းလတ်ပါသော်၊ လွတ်လပ်ခန့်ခွဲပေလျှက်၊ ဂါးသက်ကေကြိမ်သစ်ပင်၊ ဗဲကပ်သားနှင့်၊ လျှင်စောဆောက်လုပ်ကျင်၏။ ရာထောင်ပင်အိမ်မက၊ လုပ်ရပါသည်၊ ယင်းခါတဌာနတည်း။ ခေါ်တွင်ကြလူတကာ၊ ရာပသိန်သတ်၊ မင်းမြတ်နှုတ်ရွှိဂါနှင့်၊ ဟမြွက်ကာချလတ်သည်၊ ရမ်းပြည့်မြို့နှင့်၊ သံတွဲမာန်အောင်ဝယ်၌၊ ဟိနီသည့်အောက်သားကို၊ ဇော်နေဟုမှတ်၊ မယ်ကာရီသတ်သည်၊ လွတ်လပ်တိုက်ခီဆိုက၊ ကတ်တင်ဗိုလ်မေဇော်သတ်၊ သင်္ဘောစီးကာ၊ ချီကြပါသည်၊ မြစ်မှာစင်းချင်းစပ်မျှ၊ လွတ်လပ်သာချီလား၍၊ မာန်အောင်မြို့မှာ၊ လျှင်စောရောက်လီ၏လေး။

အပိုဒ် (၁၂)

ရောက်ကြဧကန်၊ တိုက်ကြပြန်သည်အမှန်သာ၊ ယင်းသောခါမြို့ဝန်ကား၊ ရဲစက်ကေသည်၊ ထိုဝယ်သျှမ်းအောက်သားလည်း၊ ကြောက်ဝှန်ငြားမကြံသာ၊ ကိုယ့်မယားကို၊ လက်ဖျားဆွဲကိုင်ကျင်လျှက်၊ များတကာဖော်မရ၊ နှစ်ယောက်တည်းပင်၊

တောထဲဝင်၍၊ ခြံတွင်ပုန်းလျှိုးကြလျက်၊ တခဏနီသောခါ၊ ဇော်နော်ခေါ်မှတ်၊ မယ်ကာရီသတ်သည်၊ ဝန်းပတ်ထားလျှင်းပါ၏၊ ဖမ်းဆီးကာယူ၍ပေ၊ နစ်ယောက်စုံကို၊ လွယ်ကူရလီသည်တည့်။ သင်္ဘောတွင်ဆောင်ပြီးခါ၊ ကုလီကတ္တာ၊ ရွှေမြို့တော်မှာ၊ လျှင်စွာပို့လိပါ၏၊ ရမ်းပြည့်မှာဝန်ပြုသူ၊ မောင်ယံကလည်း၊ အကယ်ကြားလီတုံက၊ မောင်ဗျဲမူအခွန်ဝန်၊ နစ်ယောက်လူသည်၊ တိုင်ပင်ပြုကြပြန်၏၊ အသတ်ခံနီးသောခါ၊ ငါတို့သက်သည်၊ ဆုံးပျက်မည်ခန္ဓာတည်း။ သူရို့သာမရောက်ခင်၊ မြို့ကြီးကိုလွှတ်ကျင်လျှက်၊ ထွက်၍ပြီးကြကျင်အုံ့။ ပြောတိုင်ပင်ပြုပြီးခါ၊ အောက်သားမိုက်သည်၊ ထွက်လားပြီလီပါ၏၊ သံတွဲမှာတဌာန၊ မြို့သူကြီးဟန်၊ ငပန်းစံကို၊ လျှင်မြန်ခွတ်ထစ်ကြ၏။ မြို့ဝန်ကားရွှေမန်းသာ၊ အောက်သားများသည်၊ သောသောရုရုဆာလျှက်၊ တောင်ရိုးသာစီး၍ပေ၊ ပြီးလားငြားသည်၊ အရှိနိုင်ငံပြည်သို့၊ ဖမ်းဆီးဖွေရှာမရ၊ သုံးမြို့စုံကို၊ လက်ဝယ်သိမ်းရုံးရ၏။ ပိုးလောက်မျှတကောင်ပင်၊ သျှမ်းအောက်သားကို၊ ဝေါက်ဝေါက်ထောင်၍မမြင်တည်း။ ရခိုင်တွင်မြို့ကြီးမှာ၊ ရာပသိမ်သတ်၊ မင်းမြတ်နှုတ်ရှိဝါနှင့်၊ ဝရို့ပြည်ရွာကျွန်းများဝယ်၊ တန်သည့်သူကို၊ အရာခန့်အပ်မည်ဟု၊ ဟမ္မြက်ထွေဆိုပြီးခါ၊ အသီးသီးသည်၊ ကိုင်းချောင်းကျွန်းများစွာကို၊ ကျွန်းအုပ်သာချောင်းစားခန့်၊ ပရနဝါ၊ ထိုခါပီးဆင့်အပ်၏။ နောက်တထပ်အမိန့်တော်၊ ရခိုင်သားသည်၊ အများမြို့ကျွန်းရွာ၌၊ ဟိနီကျင်လူရို့မှာ၊ အောင်ကျော်ပန်းရှိ၊ သော်တလီကို၊ နှိုင်းယှဉ်ဖက်မဲ့သာတည်း။ ငါ့ထံမှာမြခစား၊ အကျိုးတော်ကို၊ ပြီးအောင်ဆောင်ရွက်ငြား၏။ ပီကျွန်းနှင့်ယိုးကျွန်းပေ၊ ဦးရစ်တောင်လည်း၊ ယင်းတွင်ပါလီစီလော့။ ပီချောင်းဝယ်လေးမြို့သာ၊ ယိုးချောင်းနယ်လည်း၊ ထိုခါထည့်လိုက်ပါ၍၊ ကျွန်းအုပ်သာခန့်၍ပေ၊ သားစိုင်မြီးဆက်၊ မပျက်စားရလီအုံ့၊ ဟမ္မြက်ထွီဆိုသောခါ၊ ဖွဲ့ဒါးကြီးသည်၊ လျှင်စောရွီးတုံပါလျှက်၊ ပရနဝါဆပ်ကြီးခတ်၊ ငါးရွက်စာကို၊ ထိုခါချက်ချင်းအပ်က၊ မေ့သက်မှတ်ပွင့်လောင်းလျှာ၊ ကျွန်းချောင်းဗျားကို၊ သိမ်းငြားပြုစုပါ၍၊ သင့်ရာရာအလုံးကို၊ ချမ်းငြိမ်းသာယာ၊ မစပါသည်၊ ကိုယ့်မှာသားရင်းပမာသို့၊ ရှိပြုကျိုးကုသိုလ်ကံ၊ မိဘရပ်မြီရခိုင်ပြည်မှာ၊ လွယ်လွယ်ရောက်လာပြန်၍၊ ပျော်စံပါးတသောသော၊ မွီးမိခင်သည်၊ နို့သျှင်ချွေးမများကို၊ မခြားဆံတမျှင်၊ နံသည်သက်ကို၊ တရက်မကွာချင်ဘဲ၊ နွဲ့ပျော်ရွှင်နိုကြ၏၊ ရှိသင်္ဘာသည်၊ ကြမ္ဘာဘုန်းကြောင့်တည့်လေး။

အပိုဒ် (၁၃)

ဘုန်းကြောင်းဇကန်၊ နိုကြပြန်သည်အမှန်သာ၊ ယင်းသောခါဝရို့သခင်၊ ရာပသိန်သတ်၊ မင်းမြတ်နှုတ်ရှိစင်နှင့်၊ ဟမ္မြက်ကျင်ပြောလတ်သည်၊ ရခိုင်ပြည်တွင်၊ ဇင်ပတ္တင်ကို၊ မြို့ဝန်ခန့်အပ်မည်တည်း။ ရမ်းပြည့်ဝယ်ငါလားခါ၊ ဖွဲ့ဒါကြီးလည်း၊ မပြတ်နောက်တော်မှာ၌၊ ချီလားရာပါရမည်၊ အောင်ကျော်ပန်းရှိ၊ သော်တလီသည်၊ ငါ့ဆီလိုက်ရမည်ဟု၊ ဟမ္မြက်ထွေဆိုပြီးခါ၊ ပတ္တင်သတ်ကို၊ မြို့တွင်ထားလတ်ပါ၍၊ မိုးယမ်းပွဲသော်နောက်ခါဝယ်၊ စစ်တွေကျွန်းကို၊ မြို့ကြီးတည်လုပ်ပေဟု၊ ပြောဆိုထွေယင်းနောက်မှ၊ သင်္ဘောလှီတွင်၊ ဝန်ဆန်ပျင်၍၊ အလျှင်ချီကြွက၊ မေ့ချစ်စယင်းသောခါ၊ မနီရသည်၊ မင်းကြီး၏အာဏာကြောင့်၊ မွီးမေတော်ရှိနို့သျှင်၊ အလျှင်မွီးသည်၊ သမီးလုပန်းသွင်နှင့်၊ သားဦးလျှင်ထွန်းအောင်ကျော်၊ ထွန်းပမည်ကို၊ ဖခင်အောက်မိကာနှင့်၊ နောက်တော်လားပါလီရာ၊ လားလျှင်းပါသော်၊ ထိုမှဝံဘိုဝ၌၊ ဆိုက်ရောက်ကြလီသောအခါ၊ လီသင်းမုန်းသည်၊ မုန်တိုင်းဟန်ပမာသို့၊ ထလတ်ရာတုံပေငြား၊ ရှိနို့သျှင်သည်၊ မိခင်ချွေးမများကို၊ အောက်မိငြားတကာကာ၊ တဆတ်ဆတ်သည်၊ မပြတ်လားလီပါ၍၊ ရမ်းပြည့်သည်မြို့ဝယ်သာ၊ အများမကြာ၊ ယင်းတွင်ဆိုက်ရောက်ပါက၊ မာန်အောင်နှင့်သံတွဲမှာ၊ ဟိသမျှသည်၊ လူကြီးလူငယ်သော်ကား၊ ဝမ်းကြီးသာအားပါးရ၊ လာကြပါသည်၊ သင်္ကြန်ပွဲမကတည့်။ ရိုတုတ်ကွအသွယ်သွယ်၊ ဝရို့သခင်သည်၊ အသျှင်ထံတော်ဝယ်၌၊ ခယထွေနိုကြခါ၊ တန်သည်သူကို၊ ယင်းတွင်ရှိစီပါလျှက်၊ ကျွန်းချောင်းမှာအသီသီ၊ သူကြီးအရာ၊ ခန့်အပ်ပါသည်၊ ယင်းမှာဆတ်ခပ်ပြီးလျှင်၊ လွန်ချမ်းငြိမ်းသာယာစွာ၊ လေးမြို့စုံကို၊ ညီအောင်ပြုလျှင်းပါ၍၊ အရှိမှာအင်းဝပြည်၊ သျှင်ဘုရာင်ကို၊ ငါပင်တိုက်ချီမည်ဟု၊ နောက်တော်ဝယ်မြမကွာ၊ အောင်ကျော်ရှိနှင့်၊ ဖွဲ့ဒါးလိုက်ရပါအုံ့၊ ဟမ္မြက်ကာဆိုရ၍ပေ၊ သုံးပင်တိုင်သည်၊ လှီယာဉ်သင်္ဘောဝယ်၌၊ လက်နက်ထွေပြောင်းဇဝါ၊ သေနပ်များနှင့်၊ ခဲယမ်းဗုံးစက္ကြာကို၊ စုံအောင်သာယူ၍ပေ၊ မိုင်ုသတ်သည်၊ ယင်းခါပါလျှင်းလီ၏။ အေသျှိမ်သော်ရာသတ်၊ သျှင်ဘုရင်မှာ၊ မြတ်ရာစီခန့်လွှတ်သည်၊ ဗေတင်တတ်ပုဏ္ဏားတော်၊ နံဒရင်နှင့်၊ အမှာတော်ရှိုးသားသာတည်း၊ နားခံမှာငအုတ်ကေ၊ သားမယားနှင့်၊ မကြွင်းယူလီသည်တည့်၊ ချီတက်မည်တုံသောအခါ၊ မေ့ချစ်စသည်၊ နွမ်းလျှစိတ်ဗျာပါနှင့်၊ မွီးမည်တော်ရှိနို့သျှင်၊ အိုယိုမစွမ်းနှင့်၊ သားကိုတရုကျင်၍၊ လွမ်းပူပင်တလျှက်ပေ၊ ရောဂါစီး၍၊ မချိဟိလတ်မည်ကို၊ စိတ်တွင်ဝယ်တွက်လျှက်သာ၊ မွီးမိခင်ကို၊ မမြင်ခရပါ၍၊ စီးဖြိုင်ကာမျက်ရည်ကျ၊ စိတ်ဆာဂီသည်၊ လီပွီမုန်တိုင်းထသို့၊ တမ်းရှုတအောင့်မိကာ၊ လှီသင်္ဘောတွင်၊ ကျွန်ရို့နောက်တွင်ပါ၏၊ ချီလားရာယင်းကပင်၊ သီတာမြစ်ကို၊ လွှင့်ငြားတက်လားလီသည်၊ ရန်ဝမ်မြို့ရွာသို့လေး။

အပိုဒ် (၁၄)

ရန်ဝမ်မြို့ရွာ၊ ထွက်လားပါသည်ယင်းခါတွင်၊ ကမ်းမမြင်သီတာမှာ၊ လိပ်ကျောက်ငါးမန်း၊ ပြွန်းပြွန်းပေါပြန်လာက၊

ငါးဆင်သာရောက်လတ်မှ၊ ငါးတောက်သူလည်း၊ ရီတွင်ဖြိုထိုးကြ၏။ လင်းသ္ဃကပေါ်ကာကာ၊ ရီမီးကျောင်းလည်း၊ ကိုက်မည်ချည်းသာရှာလျှက်၊ ပြင်သာမှာတဌာန၊ ပတ်ကာဝန်းကာ၊ ရစ်ကြပါသည်။ ထိုမှာလိပ်ငါးမန်းကို၊ ဆောင်းရှားကားပျံရှုပ်ဟန်၊ ငါးဒရှည်မှာ၊ ရီတွင်ခုန်လွှားပြန်လျှက်၊ ကဇတ်ဟန်သူ့ဘာသာ၊ ငါးသဘင်ကို၊ ယင်းတွင်မြင်ရပါ၏။ ဝေဘူမှာစိုက်ကာမျော၊ တင်းကျိန်ငယ်လည်း၊ ရီတွင်ငုတ်ကာစားလျှက်၊ ဇင်ယော်ကနားပင်းသာ၊ မြစ်လယ်ကြောဝယ်၊ သောသောပျံဝဲကာနှင့်၊ ကြိုးကြာမှာတဌာန၊ အခြီစင်းစင်း၊ လိုင်ကြင်းကြင်းနှင့်၊ ခုန်ဆင်းခုန်ဆင်း၏။ ရီဂုက်မဟာသ်ာမှာ၊ မောင်နံနှစ်ပါး၊ တူစုံလားရ၍၊ တောင်ဖျားယှက်ခြံကာနှင့်၊ အစာသာခွန့်ကြလျှက်၊ လိုင်ချင်းယှက်တင်၊ မြူးပျော်ရွှင်သည်၊ ရီတွင်သဘင်ဂုက်ရို့ကို၊ မေ့ချစ်သက်မြင်သောခါ၊ သားဦးမိခင်၊ ငယ်ကျွမ်းဝင်သည်၊ ယင်းတွင်မမြင်လာတည်း။ မြစ်သီတာလွှင့်ကာလား၊ ဖီးဖိုးစိုင်လာ၊ ရံခါမရောက်ငြားဘဲ၊ တလိုင်းများတိုင်းပြည်သာ၊ ရန်ကုန်မြို့တွင်၊ လျှင်စွာရောက်လီပါက၊ သူ့ပြည်ရွာဌာနဝယ်၊ ရီလည်းမတူ၊ စားမှုရှုံ့ရှာဖွယ်ကြောင့်၊ ကျွန်နောက်ဝယ်ပါသူများ၊ စာကိုင်ခေါ်ထွေ၊ နားပေါက်ကယ်နှင့်၊ ဖောင်ရှိမှာခိုင်းစသာ၊ တိုက်စိုးကားတိုးအောင်ကြွယ်၊ အိုးဖောက်ကယ်သာ၊ စံရှီဖော်နှင့်၊ တွင်ခေါ်ငကြွင်းယေတည်း၊ ကုလားဝယ်မုန်သီးသာ၊ ဖွဲ့ဒါကြီးမှာ၊ ယောက်ဖတော်တုံပါလျှက်၊ ကာလနာလိုက်၍ပေ၊ တနိတည်းမှာ၊ ကျင်းကျင်းစုတေ့သီ၏။ အစံယေပျာဒါကား၊ လမ်းလားရာမှာ၊ ခန္ဓာစုတေ့ငြားလျှက်၊ ခေါ်တွင်ထားလူတကာ၊ ကျီးပင်းရှည်မှာ၊ အကယ်ကျွန်းအုပ်သော်ကား၊ (-----)၊ ဒလဖက်မှာ၊ ဟိသည်တလိုင်းစုဝယ်၊ ရွှင်ပျော်မြူးစားကာကာ၊ လင်နှင့်မယား၊ သမီးသားသည်၊ ပျော်ပါးနီခြင်းရာကို၊ မျှော်ချေမိတုံကာဝယ်၊ ပန်းသွင်မိခင်၊ ငယ်ကျွန်းဝင်နှင့်၊ နို့သျှင်ချွေးမငယ်ကို၊ အောင့်မိချေတုံသောခါ၊ ကိုယ်တွင်အသက်၊ ထိပ်သို့တက်၍၊ ဇောသွီးပြန်လတ်ပါလျှက်၊ ကာလနာယှဉ်း၍ပေ၊ အသက်လိပ်ပြာ၊ သူ့ခန္ဓာသည်၊ ယင်းခါထွက်လုဖွယ်တည့်၊ ဖြစ်လတ်ပေတုံသောအခါ၊ အနိစ္စနှင့် ဘုရားသာမပါဟု၊ တိုင်တန်းကာကိုးကွယ်မှု၊ ဖီးခပ်သိမ်းသည်၊ ပျောက်ငြိမ်းချင်းချင်းကုန်က၊ မြို့ရန်ငမ်ရပ်ကိုဝယ်၊ ပါယ်ယောင်ခ၍၊ ချီတက်လားကြလီသည်၊ အင်းဝမြို့တော်သို့လေး။

အပိုဒ် (၁၅)

အင်းဝမြို့တော်၊ တက်လားပါသည်ယင်းခါလျှင်၊ လက်ဝဲတွင်ဒလပေ၊ သရက်တပင်၊ ထိပ်ဝတွင်၌၊ လျှင်လျှင်ဆိုက်ရောက်လီက၊ ကြွချီတက်လီသောခါ၊ လက်ယာနားမှာ၊ ရန်ကင်းစံရာသာတည်း၊ ခေါ်တွင်ကာဓနဖြူ၊ ပါယ်ယောင်၍ချီကြွလားလီမူကား၊ လက်ဝဲတွင်ဟသ်ံတ၊ ထို့နောက်ပျံ့အောင်၊ ပါယ်ယောင်ဆန်တက်လား၍၊ လက်ယာနားကမ်းဝဝယ်၊ ညောင်ဇရဲဟန်၊ နာမရန်နှင့်၊ ရွှေတောင်မြို့ရောက်လီ၍၊ လက်ဝဲနီမြစ်နားမှာ၊ ပုတောင်းမြို့ကို၊ လျှင်စောရောက်လီပါက၊ တလိုင်းသာသျှမ်းအောက်သား၊ ကုတ်ကာရှုတ်ကာ၊ ပုန်း၍လာသည်၊ ညဉ့်ခါသူခိုးလားသို့၊ လမ်းစပ်ကြားခရီးမှာ၊ ခိုးလျှက်သတ်မည်၊ ဒရပ်လာတုံပါက၊ ချောင်းမြောင်းတောင်ကြား၊ သီပျောက်များသည်၊ ရွှံ့ငြားမရပါတည်း၊ ထွက်၍လျှင်ပြီးလီခါ၊ ငရို့သခင်သည်၊ လျှင်လျှင်ချီတက်လာလျှက်၊ ပြည်မြို့သာရောက်လီက၊ ကိုးသောင်းဗိုလ်နှင့်၊ ယင်းတွင်တို့ကုန်ကြ၏။ ခေါ်တွင်ထလူတကာ၊ ကြက်တောင်ဗိုလ်ဟု၊ နာမဟိုးဟိုးကျော်လျှက်၊ ဇော်နေသာကမ်ရိသတ်၊ ဗိုလ်ချုပ်ကြီးနှင့်၊ တိုင်ပင်ပြောဟောကြပ်လျှက်၊ နှုတ်ကွမ်းဆက်နီသောခါ၊ မျက်မှန်ဗိုလ်ဟု၊ နာမည်ကျော်ဇောပါ၏၊ မေဇော်သာဇောသ္ပိန်သတ်၊ တပ်ဦးဗိုလ်လည်း၊ ယင်းတွင်ရောက်ပြန်လတ်က၊ စားသောက်ကြအလီလီ၊ ပျော်မှုဆင်၍၊ ယင်းမှာနီကြပေသည်၊ ပြည်မြို့ရပ်ဝယ်တည့်လေး။

အပိုဒ် (၁၆)

ပြည်မြို့ရပ်မှာ၊ နီကြပါသည်ယင်းခါတွင်၊ တလိုင်းလျှင်သျှမ်းအောက်သား၊ မိမ္ဘဗိုလ်သည်၊ ယင်းတွင်ရောက်လာငြား၍၊ ပြည်မြို့ပါးအနီးမှာ၊ ရသေ့မြို့တွင်၊ တပ်မူစွဲငြားလာလျှက်၊ လက်ဝဲမှာနဝင်းတပ်၊ ဝက်ထီးကန်ဝယ်၊ မှန်စွာတပ်ကြီးရပ်၏၊ ကမ်းပါးစပ်မြစ်နားမှာ၊ ဖိုးဦးတောင်သည်၊ မြင့်ခေါင်အထွတ်ချာ၌၊ တပ်တောင်တာစွဲကာပေ၊ မြေထဲမြို့မှာ၊ တတပ်တည်လျှက်နီ၏၊ ကခုန်သည်တသောသော၊ ဟစ်မောင်းကြော်၍၊ သံဂါခြိမ့်သဲအော်လျှက်၊ အမှားမှားအောက်သားမှာ၊ ကောင်းမည်ထင်လျှက်၊ ယင်းတွင်နီကြပါသည်၊ ကိုးသောင်းသာဗိုလ်ချုပ်ကြီး၊ တပ်ဦးဗိုလ်ကို၊ ယင်းတွင်အာဏာပီး၏၊ မြို့အနီးသျှမ်းတပ်ကို၊ လက်ဝဲကြောင်းသာ၊ တပ်ဦးချီလီဆိုလျှက်၊ လက်ယာကိုငါတက်မည်၊ မြင်းစီးများမှာ၊ တောကပုန်း၍နီလော့၊ ပြောကြပြီးတုံသောခါ၊ ရဲမက်များနှင့်၊ လျှင်စောချီတက်ပါ၍၊ တပိုကျော်နီထွက်ဝယ်၊ သျှမ်းတပ်ကြီးကို၊ နင်းလျှက်တိုက်ကြလီက၊ ဂူရာသည်စာဖာအိတ်၊ မြင်းစီးများသာ၊ ခွတ်ကြပါသည်၊ လယ်မှာစပါးရိတ်သို့၊ သျှမ်းမကြီးဗိုလ်လုပ်သူ၊ မိသျှင်သဲသည်၊ နိစ္စခန္ဓာကုန်၏၊ နီဝင်မူတပ်ရို့မှာ၊ အောက်သားမိုက်သည်၊ ပြီး၍မလွတ်ပါတည်း။ ရဲမက်တော်ဂူရာများ၊ အသွယ်သွယ်သည်၊ ရှာဖွေတိုက်သတ်ငြားက၊ ဝက်ထီးနားတပ်ထဲနီ၊ အောက်သားမိုက်သည်၊ ကျင်းကျင်းမြုတ်လျှက်သီ၏၊ မိုးဦးဝယ်တောင်ထိပ်မှာ၊ ဗုံးစက္ကြာကို၊ ဆင့်ကာလွှတ်လိုက်ပါက၊ ပြီးယောင်ကာပုန်းမလွတ်၊ တောင်ကြားချောက်မြောင်၊

နှမ့်အောင်ဖြန့်လျှက်သတ်၏၊ မြေထဲရပ်တပ်ကိုပေ၊ ဂူရာများသည်၊ ပြီးလွှားတိုက်သတ်လီက၊ ကြောက်ပှန်သည်မခံချိ၊ တပ်လုံးသူသည်၊ အလျှင်ထွက်ပျာပြီး၏၊ ရန်တစိမပေါ်လာ၊ တပ်အများကို၊ လျှင်စောနိုင်နင်းပါသည်၊ ဘုန်းတော်အကြောင်းနှင့်လေး။

အပိုဒ် (၁၇)
အကြောင်းဘုန်းတော်၊ နိုင်နင်းပါသည်ယင်းခါလျှင်၊ ပြည်မြို့တွင်စေတီကြီး၊ ရွှေဆံတော်ကို၊ ယင်းမှာပူဇော်ပြီးမှ၊ အသီးသီးချီကြခါ၊ မီးသင်္ဘောသည်၊ ရီကြောင်းဆန်တက်ပါ၏၊ ကုန်းကြောင်းမှာတစလား၊ နဲ့ပြီခရာ၊ ဗောမှုတ်ပါသည်၊ ပတ်သာအငြိမ့်များနှင့်၊ ဆင်မြင်းကားရထားသာ၊ အနန္တသည်၊ ရွှိတွက်မရပါတည်း။ သူရဲတော်သိန်းကုဋ္ဌီ၊ လေးပါးစစ်အင်၊ မွန်းဖျင်ပြည်ထဲချီ၏၊ လားကြလီတုံသောခါ၊ ကာမမြို့ကို၊ လက်ဝဲထားခပါလျှက်၊ လက်ယာမှာဆင်ပေါင်ဝဲ၊ သရက်မြို့သာ၊ လက်ဝဲမှာကို၊ ပါယ်ခွာယှောင်ထားခလျှက်၊ တသဲသဲချီတက်ခါ၊ ပဌနဂို၊ တွင်ဆိုမြို့ရောက်ပါက၊ ဆိုင်းရပ်ကာတပ်ကြီးချ၊ များဗိုလ်ပါသည်၊ ယင်းမှာစုရုံးကြ၏၊ နောက်ဖက်ကမြစ်နားမှာ၊ မလွန်မြို့ဝယ်၊ အောက်သားတပ်ဟိပါလျှက်၊ ပခင်းသာမင်းမြတ်ဖူး၊ ပသချင်လျှင်၊ သျှင်ဘုရင်မှာ၊ ညီတော်အထွီးဆုံးတည်း၊ ဗိုလ်မှူးကြီးယင်းတပ်မှာ၊ ကျီဝန်မင်းကို၊ အကြီးပြုပါလျှက်၊ ကောလင်းသာမင်းကြီးပေ၊ တပ်မှူးရာကို၊ ယင်းတွင်ပြုလုပ်သည်တည့်။ အာသံဝယ်တိုက်ချီသူ၊ သီလဝသည်၊ စစ်ကဲပြုရတုံလျှက်၊ နားခံမူယင်းသောခါ၊ ဇေတဗိုလ်သည်၊ မှန်မှန်ပြုလုပ်ပါ၏၊ စကားသာပြန်တတ်ငြား၊ ဒါဂိုက်ကေကို၊ အမှန်တည့်တည့်ထားလျှက်၊ သူရဲကားယင်းတွင်သာ၊ တပ်သုံးတပ်မှာ၊ ငါးသောင်းလောက်ဟိပါ၏၊ နီကြခါတုံပေ၊ မလွန်တပ်ကို၊ နင်း၍တိုက်ယူမည်ဟု၊ ကြံကြသည်တခါတွင်၊ မင်းမြတ်ဖူးက၊ တမန်စီလွှတ်ကျင်၏၊ တပ်ကိုလျှင်ဆိုင်းရပ်ပါ၊ အမီးပုစ္ဆာ၊ ပြဿနာကို၊ ပြီးအောင်ဖြေကြပါအံ့။ ပြောတုံလာသောခါပေ၊ မြစ်လယ်ကြောတွင်၊ လှီဖောင်ဖွဲ့လုပ်နီ၏၊ အောက်သားဝယ်ကျီဝန်ကြီး၊ ကောလင်းမင်းသား၊ လျှင်စောလာတုံငြားက၊ ဗိုလ်ချုပ်ကြီးကြက်တောင်ဖန်၊ ရာပသိန်သတ်၊ မင်းမြတ်လားမည်ကြံက၊ ကြည့်မျက်မှန်တပ်ဦးကို၊ ဇောသျှိန်းသတ်သည်၊ နောက်ထပ်လိုက်မည်ဆို၍၊ သုံးပါးဗိုလ်ပေါင်းပြီးခါ၊ မြစ်လယ်ဖောင်မှာ၊ လျှင်အောင်လားလီပါလျှက်၊ နှစ်ဖက်သာမင်းစပ်ကြား၊ ဒါဂိုက်ကေသည်၊ ထိုဝယ်ပြန်၍ပြော၏၊ မြန်မာများကူး၍ပေ၊ ငတ်မော်ရပ်က၊ အထက်ဖမ်းယူလီသည်၊ ရဲမက်ငယ်စဖာအိတ်၊ အမိရိကာ၊ ထိုမှာအင်္ဂလိပ်ကို၊ ယူဆောင်ပြီးပီးပါမည်၊ ဆယ့်ငါးရက်နှင့်၊ လိုသည်စရစ်ကို၊ ပြေလည်အောင်ပီးဆက်က၊ ရန်ကုန်မြို့သို့လျှင်၊ လျှင်စောဆုတ်လားကြလော့၊ ကျုပ်တို့ကားနောင်တခါ၊ ခိုက်ရန်များမပြုလုပ်ပါဟု၊ ပြောဆိုရာနှစ်ဖက်သား၊ လက်ဝါးရိုက်ကာ၊ စာချုပ်ပါလျှက်၊ မှန်စွာကတိထား၍၊ ပုဏ္ဏားကားဆရာတော်၊ နံဒရင်မှာ၊ အမှာတော်ရွီးသာတည်း။ နားခံမှာငအုပ်ကေ၊ အကုန်သူကို၊ ယင်းတွင်လွှတ်လိုက်ပေလျှက်၊ များဗိုလ်ခြီရဲမက်တော်၊ ဆယ့်ငါးရက်ကို၊ ဆိုင်းငံစောင့်နီပါသည်၊ ဥစ္စာကတိနှင့်လေး။

အပိုဒ် (၁၈)
ကတိသစ္စာ၊ စောင့်နီပါသည်ယင်းခါတွင်၊ (ပီဆက်) အောက်သားလျှင်သီလဝ၊ ကူး၍လာကာ၊ ပြောဆိုလာသည်၊ မြင်းသာပြိုင်ကတ်စွဟု၊ အရှိကမြင်းကိုသာ၊ စိုင်း၍ပြီးသော်၊ ငှက်သွင်လျှင်လှပါ၏။ အနောက်မှာမြင်းတို့ဝယ်၊ ပြီးမလျှင်သည်၊ နောက်ဖင်ကားရားနီ၏။ ထိုခါထွေတုံပေက၊ မျက်မှန်ဗိုလ်သည်၊ ယင်းတွင်မာန်ကြီးထလျှက်၊ ခုလျှင်စောမြင်းယူခီ၊ ပြိုင်၍ယှုံးသော်၊ မြင်းကိုယူကြမည်ဟု၊ လက်ဝါးသည်ရိုက်ပြီးမှ၊ ငါးစီးမြင်းကို၊ အောက်သားမှာယူကြလျှက်၊ သူရို့ကမြင်းစီးသာ၊ ကသည်းမျိုးကို၊ အစီးအပ်လျှင်းပါ၏။ ယင်းသောခါမျက်မှန်ဗိုလ်၊ အိမ်ရာဇီသည်၊ ကတ်တင်ဖလောင်းပျိုကို၊ ခေါ်၍ဆိုမြင်းအပ်ကာ၊ နှစ်ပါးစုံသည်၊ အတူရပ်ကြပါက၊ သိန်းဗိုလ်ပါလူသူများ၊ ရှုကြည့်ရာသည်၊ သဘင်ပွဲအလားတည်း။ မြင်းနှစ်ပါးစိုင်းကြခါ၊ အိမ်ရာဇီသည်၊ အသျှင်မြင်းတုံသော်ကား၊ ထက်အာကာငှက်ပျံဟန်၊ အောက်သားမြင်းသည်၊ နွားလား၏သဏ္ဍန်သို့၊ ပြောင်းကာပြန်နောက်ကသာ၊ သုံးခါစိုင်းသော်၊ တချက်မမှီပါတည်း။ တစီးသာယှုံးတုံက၊ နောက်ထပ်ပါသည်၊ ထိုခါတစီးပြ၏။ စိုင်းပြန်ကြလီသောခါ၊ သုံးခေါက်လုံးကို၊ တချက်မနိုင်ပါတည်း။ သောင်းသောင်းကြော်လက်ခုပ်ခတ်၊ ယှုံးသည့်မြင်းကို၊ သိမ်း၍ယူတုံလတ်က၊ အောက်သားသွတ်အရူးသာ၊ သီလဝသည်၊ ရှက်၍ပြန်လားပါလျှက်၊ စာချုပ်ရာကတိရက်၊ စိရောက်သောခါ၊ ငွေတော်မပီးဆက်၍၊ ကြန့်ကြာလျှက်ကျူးလွန်ခါ၊ ရာပသိန်သတ်၊ မင်းမြတ်ရွှိနှုတ်ဝါနှင့်၊ အောက်သားသာသျှမ်းမိုက်များ၊ ကတိမမှန်၊ လင်းပြန်လူပျက်သားကို၊ တပ်ဦးကမျက်မှန်ဗိုလ်၊ (-----)၊ အောင်ကျော်ရွှိလည်း၊ ယင်းမှာလားခီဆိုလျှက်၊ ကိုးသောင်းဗိုလ်ကြက်တောင်ဖံ၊ ရဲမက်များနှင့်၊ အသင့်စောင့်နီပြန်ဟု၊ ချလတ်ဟန်တုံသောခါ၊ မျက်မှန်ဗိုလ်နှင့်၊ အကျွန်ရို့အလုံးသော်ကား၊ လားကြရာတုံကပေ၊ မလွန်တပ်မှာ၊ လျှင်စောရောက်လီသည်တည်း။ အောက်သားဝယ်ကျီဝန်ကြီး၊ ကောလင်းမင်းကို၊ အယင်စကားမီး၏။ ထက်ကတိစာချုပ်မှာ၊ ပါသရိကို၊ အခုပီးအပ်ပါလော့။ မပီးသော်နက်ဖန်ဝယ်၊ နီတပိုတွင်၊ အမှန်တိုက်လာမည်တည်း။

ပြောဆိုပေတုံသောခါ၊ ကျီဝန်မင်းသည်၊ ချက်ချင်းတုန်လှုပ်ပါ၍၊ ကြောက်ဝှန်ကာမခံချိ၊ ငါးရက်ဆီကို၊ ငံ့တော်ပြုပါဖိလော့။ ထက်ကတိဟိတိုင်းကို၊ ပြည့်စုံအောင်သည်၊ ကျွန်တို့ပီးမည်ဆိုက၊ မနာလိုငြင်း၍သာ၊ မျက်မှန်ဗိုလ်နှင့်၊ အကျွန်ရို့ပြန်လာလျှက်၊ လျှောက်ကြလာသောခါဝယ်၊ နက်ဖန်ရက်မှာ၊ လျှင်စောတိုက်ကြမည်ဟု၊ လက်နက်ဝယ်ဗုံးစက္ကြာ၊ မီးကျည်တန်းနှင့်၊ ရဲမက်များဗိုလ်ပါကို၊ အသင့်သာစီမံ၍၊ ထားလျှင်းပါသည်၊ တိုက်မည်အမှန်တည့်လေး။

အပိုဒ် (၁၉)
တိုက်မည်မှန်စွာ၊ မိုးသောက်ပါ၍ယင်းခါတွင်၊ တပိုလျှင်နီတက်ခါ၊ ဗုံးလက်နက်ကို၊ တချက်လွှတ်လိုက်ပါက၊ ထက်အာကာဝတိန်၌၊ ဝရဇိန်အဟိန်၊ မိုးကြိုးထစ်သို့၊ ကျတုံလစ်ယင်းတပ်မှာ၊ လယ်စပါးကို၊ ကြဲ၍ပစ်ခြင်းရာသို့၊ (ပီဆက်) ဆင်မြင်းသာလူသူက၊ တချက်မှန်သော်၊ ဧကန်မရဏတည်း၊ မီးကျည်ကားလက်နက်တော်၊ တချက်ပစ်သော်၊ ထွတ်ဖျားထက်အာကာသို့၊ ပျံဝဲကာတက်လီငြား၊ သက်လတ်ပါသော်၊ တပ်မှာမြီခေါင်းများ၌၊ ရှာတုံငြားမွှီ၍သာ၊ သတ်လတ်ငြားသည်၊ လူ၏ဟန်ပမာသို့၊ ဂူရာသာရဲမက်ကား၊ ဇေရာဝတီ၊ ခေါ်သည်ထိုမြစ်ဖျားကို၊ ကူးလားငြားလိုက်၍ပေ၊ အောက်သားတပ်ကို၊ ဝင်လျှက်ခွတ်သတ်လီ၏၊ ညီတော်သည်မင်းမြဖုံး၊ ကျီဝန်ကြီးသာ၊ ထိုခါတောမှာပုန်း၍၊ တပ်ပြတ်လုံးအောက်သားမှာ၊ ကိုးကွယ်မရ၊ လွန်ကြောက်လှ၍၊ လျှင်စောပြီးလီပါက၊ တိုက်ကြရာတခဏ၊ သုံးတပ်စုံကို၊ လွယ်ကူချက်ချင်းရ၏။ ချီတက်လားကြလီခါ၊ မကွေးမြို့တွင်၊ လျှင်ပြင်းရောက်လီသော်ကား၊ နောက်တော်ပါဖွဲ့ဒါကြီး၊ အသောင်းဒူလာ၊ ထိုမှာရောဂါစီး၍၊ မချိယင်းမြို့တွင်၊ မရဏသည်၊ နိစ္စရောက်လီကျင်၏။ လားလီလျှင်ဝက်မစွတ်၊ ရေနံချောင်းကို၊ ပါယ်ခွာချီတက်လတ်မှ၊ လက်ယာမှာစလေမြို့၊ လက်ဝဲဖက်ကမ်း၊ ဆင်ဖြူကျွန်းနှင့်၊ ကျားဗင်းဆိပ်ကမ်းရို့က၊ တသောင်းလောက်အောက်သားလျှင်၊ စလင်းမြို့တွင်၊ တပ်နှင့်စောင့်နီကျင်လျှက်၊ ယင်းရပ်တွင်ဗိုလ်ချုပ်မူ၊ မိဖုရားမှာ၊ မောင်ရင်းတော်သည်ဟူ၏။ ဇာတိမူထောင်မှုးသား၊ ယောက်ဖတော်ကို၊ သခင်ကြီးဘုရားဟု၊ နာမည်ကားမောင်အိုသာ၊ အောက်သားမိုက်သည်၊ မိမ္မဟန်ပမာသို့၊ သတင်းသာကြားကာမျှ၊ စစ်မရောက်ခင်၊ အလျှင်ထွက်ပြီးကြ၏။ နှမနှင့်ယောက်ဖသာ၊ ထံရင်းတော်ပါး၊ ရောက်လီငြားသော်၊ ကြောင်းလျှားလျှောက်ခြင်းရာကား၊ အယှိုတ်တက်ကာငိုရှိပေ၊ ပြူးတူးကြက်တက်၊ အောင့်လျှက်ထိုသည်နှယ်သို့၊ တုန်လှုပ်ကာစီးယိုကျ၊ ရှုံတွမျက်နှာ၊ ပြောလတ်ပါသည်၊ လျှင်စွာပြီးလီတော့လား၊ တိုက်သတ်ကြဆိုင်သောခါ၊ ပြီးမလွတ်ဘဲ၊ မချွတ်သီမည်သာဟု၊ တိုးတိုးသာချပ်ချပ်ပြော၊ ချီးယိုပါသည်၊ အောက်ပေါ်ဒေါလျှားများ၏။ လူးလဲငြားဝမ်းခဲကွန်၊ ခုချက်ချင်းသည်၊ ကာလနာလိုက်သည့်ဟန်သို့၊ ပြုလုပ်ပြန်ဥပါယ်သာ၊ ကြောက်ဝှန်ကြီး၍၊ ယင်းမှာနီလျှင်းပါသည်၊ နှမထံမှာတည့်လေး။

(ရန်တပိုစာချုပ်အကြောင်း)

အပိုဒ် (၂၀)
နှမထံမှာ၊ နီလီပါသည်ယင်းခါလျှင်၊ ချီတက်ကျင်လားလီငြား၊ လက်ယာဖက်မှာ၊ အနန္ဒာဘုရားတည်း။ လက်ဝဲနားကမ်းစမှာ၊ တင်းကျိတောင်ဟု၊ ခေါ်ဆောင်ဘုရားသာတည်း၊ လက်ယာမှာပုဂံမြို့၊ ဆိုက်ရောက်သောခါ၊ ယင်းမှာအောက်သားရို့က၊ ဘုန်းတော်တိုးအာမခံ၊ ငွေခွက်စွဲ၍၊ တပ်စွဲလျှက်နီပြန်၏။ ဂူရာပျံရဲမက်တော်၊ မြင်းစီးများသည်၊ လိုက်၍တိုက်ကြပါက၊ တသောင်းကျော်လူမက၊ သီပျက်ပါသည်၊ မြန်မာအောက်သားကတည်း။ ထွက်ပြီးကြလီသောခါ၊ ညောင်ဦးမြို့တွင်၊ လျှင်စောရောက်လီပါက၊ လက်ဝဲမှာမြစ်ဆိပ်ကမ်း၊ ပုခန်းကြီးခေါ်၊ မြို့ကိုသာလျှင်၊ ပါယ်ကာချီလားဘိက၊ (ပီဆက်) ချင်းတွင်းမြစ်တွိခါ၊ လက်ယာနားမှာ၊ တရုတ်မြို့ဟိပါ၏။ ချီတက်သော်တုံကပေ၊ ရန်တပိုမှာ၊ လျှင်စွာဆိုက်ရောက်လီက၊ ယင်းတွင်သာတပ်မချ၊ မျက်မှန်ဗိုလ်မှာ၊ လျှင်စွာချီတက်ကြွလျှက်၊ နီကြပေတုံသောခါ၊ သျှင်ဘုရင်မှာ၊ ကျွန်ရင်းအမတ်သော်ကား၊ လယ်ကိုင်းသားမြို့စားပေ၊ မင်းကြီးမဟာ၊ မင်းလှသာလျှင်၊ ကျော်ထင်ဘွဲ့နာမည်တည်း။ အတွင်းဝယ်ဝန်ကြီးသာ၊ ရွှေခွန်ဝန်မှာ၊ နာမည်ဘွဲ့တုံသော်လည်း၊ မင်းမဟာမင်းလှပေ၊ သီဟသူဟု၊ ယင်းမှာခေါ်ကြသည်တည်း။ နန်းတော်ဝယ်မောင်ရွှင်သာ၊ သံတော်ဆင့်လည်း၊ ယင်းခါပါလျှင်းပါ၏။ ဆရာတော်ပါဒလီ၊ ဇိန်သတ်ကိုပေ၊ ရှိနီပြုလုပ်ပြီးလျှက်၊ ခေါ်ယူပြီးလာ၍သာ၊ မလွန်တပ်ဝယ်၊ အထက်စာချုပ်ပါကို၊ ခုယူပါပြော၍ပေ၊ ရွှီငွေဒ်ဂါး၊ အများလက်ဆောင်ဝယ်နှင့်၊ ဖမ်းလီသည်ဆာဖာအိပ်၊ အမိရိကာ၊ မှန်စွာအင်္ဂလိပ်ကို၊ အပ်ဆက်ပြီးပီးမှသာ၊ နှစ်ဖက်သားသည်၊ လက်ဝါးရိုက်ပြီးခါမှ၊ စာချုပ်ပါကြလတ်သည်။ အက္ကဗတ်ထွီ၊ ဝေသာလီနှင့်၊ အာသံမြို့လျှင်ပေတည်း။ မဏိပူရမှာ၊ ရှိမင်းဟောင်းသည်၊ ဂဘိရသျှိန်သော်လည်း၊ ပြန်လျှက်သာမင်းပြုက၊ သျှင်ဘုရင်မှာ၊ ခိုက်ရန်မရှာရတည်း။ ထားဝယ်နှင့်ရဲမြို့ဝယ်၊ တနင်္သာရီ၊ ခေါ်သည်ဗိတ်မြို့ဝယ်နှင့်၊ သံရှင်ဝယ်မြစ်ကိုမူ၊ နယ်ခြား၍သာ၊ ပိုင်လျှက်ယူကြတုံအံ့။ ရခိုင်ဟူမြို့ခည၊ ဒွါရာဝတီ၊ ခေါ်သည်သံတွဲစသား၊ ရမ်းပြည့်နှင့်မာန်အောင်သာ၊ ဆယ့်နှစ်မြို့ကို၊ ပိုင်ခြားသိမ်းယူပါအံ့။

ကျန်ကြွင်းရာမြို့ကိုပေ၊ သျှင်ဘုရင်ကို၊ ငါရို့ပီးခမည်တည်း။ စရစ်ငွေအတွက်မှာ၊ တကုဋ္ဌီကို၊ အမှန်ပီးရပါအံ့။ လေးပုံသာတပုံကား၊ ရန်တပိုဝယ်၊ ခုပင်ပီးအပ်လော့ဟု၊ တပုံကားရန်ငုမ်မှာ၊ အခုနိက၊ ရက်ပေါင်းရွှိတရာတွင်၊ ပီးတုံကျင်သောခါဝယ်၊ တနှစ်တွင်းမှာ၊ တပုံသွင်းရမည်တည်း။ တပုံငွေနောက်ပီးက၊ ရန်ပုစ္ဆာကို၊ နောင်မရှာရဟု၊ နှစ်ဖက်ကမင်းရို့သာ၊ ကတိထား၍၊ ယင်းမှာပြောကြပါသည်၊ တပ်မဟိရာတည့်လေ။

အပိုဒ် (၂၁)
တပ်မဟိရာ၊ ပြောကြပါသည်ယင်းခါတွင်၊ ခွဲဂီကျင်လီကြခါ၊ ရခိုင်တိုင်းပြည်၊ သံတွဲနယ်ကို၊ ခေါ်ထွေလူတကာရို့၊ တောင်ခွင်သာမော်ရုံထိ၊ ရခိုင်မင်းသာ၊ တည်လုပ်ပါသည်၊ မဟာစေတီကြီးကို၊ မသိမကြားကွန်၊ လယ်ကိုင်စားနှင့်၊ ကျီဝန်ရို့ပြောကြပြန်၏။ ပုသိမ်ဝန်စီရင်စု၊ သံတွဲနယ်သည်၊ အကယ်ပင်မဟုတ်တည်း။ မပီးအပ်ပါ၊ ငြင်းခုံလတ်သော်၊ ကျွန်ုပ်ပြောလျှင်းပါ၏။ လေးဆယ်သာခြောက်ခုက၊ ရခိုင်ပြည်ကို၊ အောက်သားပိုင်လာလည်း၊ ပုသိမ်ကမရပါ၊ စေတီကြီးလည်း၊ ရခိုင်မင်းရာဇာက၊ တည်လုပ်ပါသည်၊ နယ်နမိတ်ဖြစ်ခြင်းဟန်ကို၊ အကျွန်ပြောလတ်ပါ၏။ စေတီထိနယ်ကိုပေ၊ ရခိုင်ပြည်က၊ အပိုင်ရလျှင်းစီတည်း။ အရှိပြည်အင်းဝမှာ၊ စဖာအိပ်သည်၊ သူရဲငါးကျိတ်ကျော်နှင့်၊ ကတ်တင်သာအိမ်ရာဇီ၊ ဗိုလ်တယောက်လည်း၊ စောင့်၍နီအံ့။ ကုမ္ပဏီမြို့တော်မှာ၊ ထားလိုက်ငြားသော်၊ အောက်သားငါးကျိတ်ကျော်ကို၊ မပြတ်သာစောင့်နီလီ၊ စစ်ရန်များကို၊ မပြုလုပ်စီဟု၊ သက္ကရာဇ်သည်တထောင်ဖြစ်၊ တရာ့သျှစ်ဆယ်၊ ခုနှစ်ကယ်က၊ တပေါင်းလပြည့်ကျော် (၄) ရက်နိသည်၊ တပိုအချိန်မှာဝယ်၊ နှစ်ဖက်ကားမင်းများပေ၊ စာချုပ်ထား၍၊ လက်မှတ်ချကြသည်တည်း။ ဘာသာဝယ်သူ့စရိုက်၊ ပြောင်းဇဝါကို၊ ထိုခါသံဆင့်ပစ်လျှက်၊ လက်နက်၌ဗုံးစက္ကြာ၊ မီးကျည့်တန်းကို၊ အာကာမြောက်လိုက်ပါ၍၊ ကျူးရစ်ကာပစ်တုံငြား၊ ထိန့်ထိန့်ဆူသည်၊ ဇမ္ဗူကျွန်းလုံးကြားမျှ၊ ပျော်ရွှင်ငြားအောင်ပွဲသာ၊ ဗင်တုတ်ရုတ်မှာ၊ ကတ်တင်ဗိုလ်မင်းသော်ကား၊ ခေါ်တွင်ကာသူ့နာမ၊ လောဗောသျှိန်တိန် အိမ်ရာဇီကို၊ ယင်းခါစီလွှတ်ကလည်း၊ ကတ်တင်နှင့် နှစ်ယောက်သာ၊ အင်းဝမြို့မှာ၊ လျှင်စောရောက်လီပါ၏။ နန်းတော်သာရောက်လီက၊ သျှင်ဘုရင်မှာ၊ နီရာတိုင်းကြီးမ၌၊ တံဆိပ်နှင့်ခတ်နှိပ်ပြီးခါ၊ အပိုင်ခံ၍၊ လျှင်စွာပြန်လျှက်လာသည်၊ တပ်မဟိရာသို့လေ။

အပိုဒ် (၂၂)
တပ်မဟိရာ၊ ပြန်လျှက်လာ၍ရောက်ခါလျှင်၊ ဝမ်းသာရွှင်ပျော်ပါးကာ၊ ရာပသိမ်သတ်၊ မင်းမြတ်နှုတ်ရွှိဝါနှင့်၊ များဗိုလ်ပါရဲမက်ကား၊ ခုလျှင်စွာသည်၊ ပြန်ကာဆုတ်၍လားလော့၊ ချဆိုငြားတုံသောခါ၊ ဗိုလ်လုံးသားသည်၊ ပြန်လျှက်ဆုတ်လီပါ၍၊ ပုဂံသာရောက်ပြီးက၊ ရွှေစည်းခုံသည်၊ သျှင်ပင်စေတီမကို၊ ပူဇော်ကြလီသောခါ၊ အောက်သားမသည်၊ ရှုကြကြည့်တုံလာ၏။ မြင်ခီသော်ရွံ့ဖွယ်တိ၊ အခြီစင်းစင်း၊ လက်ကျင်းကျင်းသည်၊ ဝတ်ခြင်းပင်ရင်မစိတည်း။ မွီးသည်မိအသရီ၊ ပြင်ကိုထုတ်လျှက်၊ မရှက်ပြနီ၏။ လက်ယာခြီဒူးဆစ်မှာ၊ ခြည်မျှင်မဲကို၊ ပတ်၍ချိုင်ထားပါလျှက်၊ သားမြတ်မှာချက်ရှိထိ၊ အသားမဲမဲ၊ သွားကြဲကြဲသည်၊ ဂေါင်းလည်းခပိပိနှင့်၊ မျက်စိလည်းပြူးတူးသာ၊ ဆံကိုဖြတ်၍၊ မျက်နှာဖုံးထားပါလျှက်၊ ရူးခြင်းရာဟန်မပြား၊ တချက်မြင်သော်၊ ကြောက်ချင်ဖွယ်များ၏၊ မောင့်သက်ထားမျိုးအိမ်သူ၊ နို့သျှင်ချွေးမ၊ သက်လုံးမျှကို၊ နှိုင်းယှဉ်သော်ဖက်မမျှ၊ မြော်မြင်သသူ၊ စိတ်ဝမ်းပူသည်၊ နတ်ဘုံသူမကတည်း။ ယင်းဌာနသူ့ရပ်မှာ၊ တပေါင်းမင်းလွင်၊ ရွက်ကျင်တောင်လီလာက၊ ဥသြသာဖိုးခေါင်ကျူး၊ နွီပေါက်သံဝါ၊ ငှက်တကာသည်၊ မြူးပျော်ကဇာတ်ပြုက၊ ထက်အောက်ချုပ်မှိုင်းဂီကာ၊ မြုံဆောင်းဆောင်းသည်၊ (-----)၊ လွှင့်လွတ်ပါတုံပေက၊ သားဦးမိခင်၊ ငယ်ကျွမ်းဝင်ကို၊ ကျွန်လျှင်အောက်မိလှ၍၊ တမ်းတရုမကြံသာ၊ ဟာလာအသက်၊ ပြင်ထွက်ဟန်ပမာသို့၊ ဖိုမောကာသွယ်ပြိုက်ကျ၊ စိတ်ပူဆာသည်၊ မေတော်သျှင်ချွေးမကြောင့်၊ ဆွတ်မျှတ၍သာ၊ တဆတ်ဆတ်သည်၊ ပြန်လျှက်ချီကြွလာလျှက်၊ ပြည်မြို့သာဆိုက်ရောက်က၊ များဗိုလ်ပါသည်၊ ယင်းမှာတပ်ကြီးချလျှက်၊ ဆိုင်းငံ့ကြနီခါဝယ်၊ စျီးတန်းပြင်မှာ၊ ကျွန်လျှင်မြင်ခီသည်ကား၊ သားသူငယ်မိထံမှာ၊ မပီတွတွ၊ ပီတွတွသည်၊ အဘကိုသာခေါ်လျှက်၊ လူးလဲကာငိုရှိပေ၊ ငါ့ဘခင်ကို၊ ခုပင်ပီးရမည်ဟု၊ တွလျှက်ပေတောင်းလတ်ခါ၊ မွီးဘခင်သည်၊ လျှင်လျှင်ပြီး၍လာလျှက်၊ ဖက်နမ်းကာသားကိုရွက်၊ မွီးမိခင်လည်း၊ ယင်းတွင်တစဖက်၏။ ရယ်နှုတ်ဆက်အလှယ်လှယ်၊ လင်မယားသား၊ နှစ်ပါးပျော်ကြသည်ကို၊ မျှော်ခီပေတုံသောခါ၊ ကျွန့်သဲအူကို၊ နှုတ်ယူဟန်ပမာသို့၊ ဟမြွက်ကာမျက်ရည်ကျ၊ သားမောင်ငယ်ကြောင့်၊ ဘခင်လွမ်းရုတ၍၊ လွန်ပျောင်းပျမကြံသာ၊ ကြာပဒုံကို၊ နီပူလှမ်းပမာသို့၊ မွီးမယ်တော်မင်းချွေးမ၊ ချီ၍လာခါ၊ ဂမ္ဘသာလျှင်၊ ဝမ်းမှာသန္ဓေနှင့်တည်း။ စွဲရင်းလှဟိလိုက်သည်၊ ဖွားမြင်ကြောင်းကို၊ ကျွန်လျှင်မမြင်ပေ၍၊ သားမောင်ငယ်ကြီးခြင်းရာ၊ သည်ကိုတွက်၍၊ အကျွန့်သဲအူဆာလျှက်၊ စိတ်မှာသာမျှော်နှိုင်းနှိုင်း၊ စားသောက်မဝင်၊ ပူပင်လွမ်းဝှမ်သဲ၍၊ ခွီပျောင်းချိတလျှက်သာ၊ ရန်ငုမ်မြို့ရွာ၊

ကြွချီလားလီပါသည်၊ မကြာရောက်လာ၏လေ။

အပိုဒ် (၂၃)
ရန်ငုမ်မြို့ရွာ၊ ရောက်လတ်ပါသည်ယင်းခါလျှင်၊ ဆိုင်းငံကျင်နီသောခါ၊ ရာပသိမ်သတ်၊ မင်းမြတ်ရွှီနှုတ်ဂါနှင့်၊
ဟမ္ဒြက်ကာပြောလတ်သည်၊ ကုလိကုတ္တာ၊ ကိုယ့်ပြည်ရွာမှာ၊ ငါသာချီလားနှင့်ပြီ၊ ရန်ငုမ်ဂယ်နီလိုက်ကြ၊ ဇောသျှိန်သတ်ဆို၊
မျက်မှန်ဗိုလ်သည်၊ လျှင်စွာပို့တုံကြအံ့။ ရောက်လီရရခိုင်မှာ၊ ကျွန်းချောင်းများသည်၊ ငါကပီးအပ်ရာကို၊ သားစိုင်မှာမြီးဆက်ပေ၊
မျှင်မပြတ်သည်၊ မပျက်စားရလီအံ့။ အရာဝယ်အထူးသာ၊ ကြီးမားစွာကို၊ ယင်းမှာရတုံပါ၏။ ဟမ္ဒြက်ကာပြောလျှက်ပေ၊
ကိုးသောင်းဗိုလ်နှင့်၊ အကုန်ချီလီသည်တည်း။ ရန်ငုမ်ဂယ်မြို့တွင်းသာ၊ ကျွန်ပ်ရို့သည်၊ ယင်းမှာကျန်လိုက်ပါက၊
တန်းခူးသာဆန်းလတ်မှ၊ တာသကြံ်နသည်၊ ကျပြန်တုံလတ်ကလည်း၊ ယင်းဌာနသူရို့မှာ၊ ပေါက်ပေါက်ပန်းမှန်၊
တင်းခွန်ဆီမီးဂါနှင့်၊ ဆင်ယင်ကာအသွယ်သွယ်၊ လင်နှင့်မယား၊ သမီးသားသည်၊ ပျော်ပါးလားကြပေ၍၊ ရောက်ပါလီတုံပြီးခါ၊
ရွှေတိဂုံသည်၊ သျှင်ပင်စေတီတော်၌၊ ပန်းမှန်သာပေါက်ပေါက်များ၊ ဆီမီးဂါကို၊ လျှင်စွာညှိတင်ငြားက၊ လင်မယားမောင်နှံပေ၊
တူစုံထိုင်လျှက်၊ သျှင်ပင်ရှိတော်ဂယ်၌၊ အတူသည်ဖြစ်ရအောင်၊ မယားဂတ်သည့်၊ ကိုယ်တွင်တံဘက်စောင်ကို၊
လင်ယူဆောင်ကိုင်ထားကာ၊ လင်ဂတ်ပါသည်၊ ကိုယ်မှာအင်းကျီပါးကို၊ မယားကဆွဲကိုင်ကာ၊ အသားချင်းသာ၊
ဟပ်၍ဆုတောင်းပါ၏။ ဖြစ်လီရာဘဝကို၊ ခုအဟန်သာ၊ တူစုံဖြစ်ရလို၏။ သားမောင်ကိုနံပါးထား၊ ဖူးကြပါသည်၊
သျှင်တော်မြတ်ဘုရားကို၊ တခြားကပွဲများဖျင်၊ လှီကဇာတ်သည်၊ မြစ်၏ပြည့်မွန်းဖျင်မျှ၊ လက်ပွဲလျှင်သတ်ကြရာ၊
ပတ်ဆိုင်းတီး၍၊ ထလျှက်ကကြပါ၏။ ရှုကြည့်ရာလင်မယား၊ လာကြပါသည်၊ ယင်းမှာတသောသောတည်း၊
ထိုင်တုံငြားလာခါပေ၊ လင်နံပါးမှာ၊ မယားဝန်းရံနီလျှက်၊ တယောက်သည်မယားမှာ၊ ရီဖလားကို၊ ကမ်းလျှက်ပီးနီပါ၏။
တယောက်သာမယားက၊ ကွမ်းနုယာကို၊ ယူကာကိုင်၍ထားလျှက်၊ တယောက်ကားဆီးလိပ်သာ၊ ညှိ၍ပီးသော်၊
ယူလျှက်သောက်ကာကာတည်း။ တယောက်မှာယပ်နှင့်ဂယ်၊ ပူသည်မြင်သော်၊ ခတ်ကာနီ၏။ ချွေးယိုထွေစီးကျကာ၊
မယားကြီးမှာ၊ ကိုယ်ဂတ်ပိုးခါသာနှင့်၊ တို့ကာတို့ကာ၊ တံဘက်စွန်ကို၊ ရင်တွင်အသာအုပ်၍၊ သားမောင်ပုမိထံမှာ၊
အဘပေါင်တွင်လာလျှက်၊ လဲလျှောင်းကာကဇာတ်သည်၊ တခါထ၍၊ မိထံပါလားလီ၏။ လက်ညှိုးငယ်ပြကာကာ၊ ထိုမှာကိုမီး၊
မှာကိုမီးသည်၊ ရင်သွီးဘမျက်ဖျော်တည်း။ ပြုံးရယ်ကာပျော်ကဇာတ်၊ ပွဲသဘင်ဂယ်၊ တူစုံရှုခင်းများကို၊ မျှော်ချေငြားတုံသောခါ၊
ကိုယ့်သားရွှီရောင်၊ ခြောက်ယောက်မောင်သည်၊ ပူလောင်မခံသာ၍၊ သလွန်တော်မွိရာထဲဂယ်၊ စီးမြိုက်သွယ်သည်၊
မျက်ရည်တရွဲရွဲနှင့်၊ အသဲကွဲလုဖွယ်၊ ကြံမတတ်သည်၊ ဆီးသတ်ငါးအနှယ်သို့၊ ဟိ၍ပေလွန်မိမော၊ ရွှိနို့သျှင်သည်၊
မိခင်ချွေးမများကြောင့်၊ ဖြစ်ခြင်းရာအဟန်ကို၊ သူဇာလင်ရင်း၊ သိကြားမင်းသည်၊ လျှင်ပြင်းမပါဆိုလျှက်၊ နတ်များကိုတိုင်၍သာ၊
ကိုယ့်ဌာနသို့၊ လျှင်စောပြန်ချင်ပါသည်၊ ရန်ငုမ်မြို့မှာတည့်လေ။

(နောက်ဆုံးပိုင်း)

အပိုဒ် (၂၄)
ရန်ငုမ်မြို့က၊ ပြန်ချင်လှ၍နီကြခါ၊ သားနိုးသာကံ့ကော်ပန်း၊ အဂေယာသည်၊ ကြိုင်စွာပင်လုံးမွှမ်းမျှ၊ မလေးပန်းနှင်းပွင့်သာ၊
စပါယ်စံကား၊ ချရားဇီသဂါကို၊ ယင်းပြည်ရွာဌာနသား၊ ခူး၍ဆွတ်ကာ၊ လှရာရာကို၊ ထိုခါရွှီးချယ်ငြားလျှက်၊
ထွားပြာညက်လှဆင်းဂါ၊ ကိုယ့်မယားကို၊ လက်ဖြင့်ဆင်ကြပါ၍၊ အရှုသာကြည့်လျှက်ပေ၊ ကွမ်းနုယာကို၊
လှမ်းကာပီးကြသည်တည်း။ အသွယ်သွယ်ပျော်ခြင်းရာ၊ သည်ကိုမြင်သော်၊ ကျွန်လျှင်သဲအူဆာ၍၊ ညှိုးဂီကာထပ်ဆင့်ပွား၊
မွီးမိခင်သည်၊ နို့သျှင်ချွေးမများကြောင့်၊ တရုငြားနီသောခါ၊ ဂြိုးတခုသည်၊ လွမ်းမှုပြုပြန်လာက၊ ငှက်ရွှိဂါသံဆင့်ခတ်၊
ရောက်ပျာရောက်ပျာ၊ တြင်းဆော်သည်၊ သံဂါတတွတ်တွတ်နှင့်၊ မြည်တုံလတ်သောခါဂယ်၊ သားဦးမိခင်၊ ငယ်ကျွမ်းဂင်နှင့်၊
နို့သျှင်ချွေးမငယ်ကို၊ စီးပြိုက်ထွေယိုရွဲကာ၊ မောင်ကြောင့်တရူ၊ မွှီးသူမအိပ်ပါဘဲ၊ ပန်းဘုံသာမွိရာထဲ၊ စက်မပျော်သည်၊
ဗျာပါလွန်ကြီကွဲနှင့်၊ အသဲပြိုလုကာ၊ ပြန်လာနည်းနည်း၊ မျက်စိထဲတွင်၊ ပြန်လျှက်တမ်းရှာကြလိမ့်မည်။ သည်ကိုတွက်၍၊
သဲဖျားလွမ်းဂှန်ကဲနှင့်၊ သားမောင်ငယ်ထွန်းဦးကား၊ မျှော်သည်သူ့ကို၊ "အဘာ" ရောက်ပျာလားဟု၊ မီးတုံငြားမူသောခါ၊
ငို့ဘခင်ကို၊ ခုပင်ပြပါလတ်ဟု၊ ငိုကျွီးကျော်တောင်း၍ပေ၊ ဘရင်၌သည်၊ သားချစ်ဟိလိမ့်မည်ကို၊ စိတ်တွင်ဂယ်တွက်၍သာ၊
အသဲလောင်သည်၊ ယာတောင်မီးတိုက်ပါသို့၊ ငှက်ပမာဟန်မပြား၊ ပျံရောက်ချင်သည်၊ မေတော်ထံရင်းပါး၌၊
ကြာမြင့်ငြားတနှစ်ကျော်၊ သူ့ဌာနမှာ၊ ဂန်းလျှားစိတ်ဗျာပါနှင့်၊ နီကြရာတုံခါဂယ်၊ မြန်မာများသည်၊ လျှင်စောလာပေလျှက်၊
တပုံငွေဘဏ္ဍာတော်၊ မြို့ရန်ငုမ်မှာ၊ ယင်စွာဆက်သွင်းပါက၊ ခေါ်ကြကာမျက်မှန်ဗိုလ်၊ ဇော်သျှိန်သတ်သည်၊
ပြန်၍လားမည်ဆိုလျှက်၊ ငါးရာဗိုလ်လူထဲတွင်၊ ကျန်သည်သူကို၊ ယင်းခါခေါ်ငြားပါက၊ ကျွန်ပ်မှာတဌာန၊ ပါသည်သူကို၊

ကြည့်ဆောင်ခေါ်ယူကြလျှက်၊ စုပေါင်းကြ၍ပေ၊ လှီသဘော်တွင်၊ လျှင်စောစီးတက်လို၍၊ မေဇော်သည်ဇော်သျှိန်သတ်၊
တပ်ဦးဗိုလ်နှင့်အတူ၊ ပြန်လာကြလျှက်၊ တဆတ်ဆတ်လွှင့်လတ်ခါ၊ မာန်အောင်မြို့တွင်၊ လျှင်စောဆိုက်ရောက်ပါက၊
ဝမ်းကြီးသာလွန်အားရ၊ ဥပမာသည်၊ ရီတွင်ငါးကိုချသို့၊ ထားလတ်ခ၍ပေ၊ မျက်မှန်ဗိုလ်လည်း၊ လွှင့်ချီလားလီသည်၊
မြို့ဝယ်ဌာနသို့လေး။

အပိုဒ် (၂၅)
ဌာနမြို့မှာ၊ သူ့ပြည်ရွာသို့လားခါပေ၊ ကျွန်ပ်ရို့သည်ယင်းခါက၊ ဗျော်ပါးရှင်ကာ၊ ချီ၍လာသည်၊ ထိုမှာတန်းချောင်းဝ၌၊
ဆိုက်ရောက်လီသောခါ၊ ရမ်းဗြဲသားသည်၊ သောသောရုရုဆာလျှက်၊ လာ၍ပါမီးတုံက၊ ကြောင်းခြင်းရာကို၊
ယင်းမှာပြောပေခလျှက်၊ ရယ်နှုတ်ဆက်လားလီခါ၊ ကိုယ့်ဌာနသည်၊ ရခိုင်ပြည်ကြီးမှာ၌၊ သက္ကရာဇ်မှာတထောင်ဖြစ်၊
တရာ့သျှစ်ဆယ်၊ စွန်းဝယ်ခုနှစ်နှစ်တည်း။ မာဃဖြစ်လဆန်းသာ၊ ငါးရက်နိသည်၊ နီထွက်တဗိုလ်ကျော်တွင်၊
မြို့ဝန်လျှင်ပတ်တင်သတ်၊ ကတ်တင်ဟူမှတ်၊ ဒေသျှိန်သတ်နှင့်၊ တိုင်ပင်ကြည့်ရှုလတ်၍၊ စစ်တွေရပ်မြစ်နားမှာ၊
ကောင်းသည်ခါဝယ်၊ မြို့ရွာတည်လုပ်ပါလျှက်၊ ရခိုင်သာမှူးမတ်များ၊ ကျွန်းအုပ်ကြီးသူ၊ အောက်ကျီမူလည်း၊
ဆောင်ယူသားမယားနှင့်၊ တသောသောလာကြခါ၊ ပုလီစောင်းညှင်း၊ ကြီးနင်းမောင်းခရာတည်း။ နတ်မနော်အာသာခ၊
ကိန္နရာသည်၊ ဝဲကာပျံ၍ကျသို့၊ စင်ထက်ကကခြင်းဟန်၊ ယိုးဒယားနှင့်၊ သဘင်ဇာတ်ကြီးခံလျှက်၊ မြူးဗျော်စံနီ၍သာ၊
မြို့ချာတိုင်ကို၊ သခင်တည်ခြင်းရာကား၊ လေးမျက်နှာသံကြိုးခတ်၊ မြင့်ခြင်းရာသည်၊ သုံးပုံ၏အဆင့်တည်း။
မိုးထက်သားအချိန်ခါ၊ ထက်ကြိုးသွယ်မျှင်၊ ဆွဲကာငင်၍၊ တိုင်တွင်အထွတ်ချာ၌၊ တင်းခွန်သာလွှင့်ကာထား၊ ကာသရီဟု၊
ယုံးတော်ဆောက်လုပ်ငြားလျှက်၊ လိုင်းအိမ်များသုတ်သလာ၊ သူရဲတန်းနှင့်၊ ကြောင်းလမ်းမြို့ဇင်းခါဝယ်၊ ဆင်မြင်းသာရထား၊
ကျွန်းအိမ်ရာစီသည်၊ ကတ်တင်မင်းအများရို့၊ စီးလားငြားအသွယ်သွယ်၊ ဖြူနထွတ်သည်၊ နတ်ဘုံသူအနွယ်တည်း။
မိုးထက်ဝယ်ညဉ့်မပြတ်၊ စည်ကြီးတီးခါ၊ ဗောမှုတ်ပါသည်၊ သံဂါတတွတ်တွတ်နှင့်၊ ပြောင်းသေနတ်အခြင်းသာ၊ နဲမပြတ်သည်၊
ကဇာတ်ပျော်ကြပါ၏။ အင်းဖက်သာတန်းခါးမ၊ ရွက်ကြီးပြိုင်ပြိုင်၊ သုံးပင်တိုင်သည်၊ လှီယာဉ်သဘော်လှနှင့်၊
ဗောက်တီကဂေါ်တူသာ၊ မီးဝူမြစ်မှာ၊ ပြည့်မျှဝင်းလင်းပါ၏။ ရောင်းဝယ်ရာတသောသော၊ နီကြပါသည်၊ မြို့ရွာဆိပ်ကမ်းနား၌၊
ရခိုင်များမြန်မာပေ၊ ဟီန္ဒုတ်သာနီ၊ ဗရင်ဂျီနှင့်၊ ပသီကုလားသည်တည်း၊ ကသည်းနွယ်သျှမ်းရို့များ၊ စရိုက်ဘာသာ၊
နီကြပါသည်၊ မြို့ရွာထူထပ်ပေါ၏။ ထက်မြင့်ဖျားနတ်ဘုံသွင်၊ မြို့ချမ်းသာကို၊ သခင်တည်လုပ်ပါ၏။
လာလတ်လျှင်ထံရင်းတော်၊ ဖူးမျှော်ချင်၍၊ ခဏသွင်းလီခါဝယ်၊ မင်းကြီးသာဟီန္ဒုတ်သတ်၊ ဆိုက်ရောက်ဟီခါ၊
ကျွန်သာခရိုညွှတ်၍၊ လျှောက်တင်မှတ်ပြောပြီးခါ၊ တဆတ်ဆတ်သည်၊ မပြတ်လားလီပါက၊ မင်းကန်ခေါ်ပလီဝ၊
သျှင်ပင်စေတီမကို၊ ရိုညွှတ်ခပူဇော်ခါ၊ စိုးမင်းမြတ်သာ၊ ချီတက်လားလီပါက၊ လက်ဝဲမှာယိုးဝုံဝ၊ အုန်းကျွန်းလက်ယာ၊ ဖွဲ့ဒါရွာကို၊
မျှောင်ကာချီလားကြက၊ ကျောက်တော်မစေတီသာ၊ မြတ်သျှင်ချစ်ကို၊ ယင်းတွင်ပူဇော်ပါလျှက်၊ နာမသာကုလားတန်၊
မြစ်ကိုစောင့်၍၊ ကူးလျှက်လားလီပြန်သော်၊ နတ်ဗိမှာန်ဘုံအလား၊ ပီကျွန်းမြို့ကို၊ အညာဟုတွင်ငြားဏ၏။ ချိုဆိမ့်ခါးအရသာ၊
လိုသမျှသည်၊ တခုမကျန်ပါတည်း။ ချမ်းအီးစွာဝပြောငြား၊ ကုလားမရမာ၊ နီကြပါသည်၊ ကျွန်းရွာထူထပ်ပေါ၏။
ကျောင်းဘုရားစေတီသာ၊ မသိတ်ဗလီ၊ ပြည့်လျှက်နီသည်၊ ဖောက်ကျီခေါင်းတကာရို့၊ နော်မာသာဖတ်တုံငြား၊
သူ့ဘာသာသည်၊ ကုသိုလ်ကောင်းမှုများနှင့်၊ ရပ်တခြားသူရို့မှာ၊ ကုန်စည်လာလား၊ ရောင်းဝယ်များ၍၊ မယားသားကိုသော်မျှ
မိလျှော့ကာပျော်၍ပေ၊ နီတုံငြားသည်၊ ဌာနမြို့ရွာနယ်သို့၊ ယင်းရပ်မြီရောက်လီက၊ ရှိနို့သျှင်သည်၊ မိခင်ထံရင်းစ၌၊
ရိုတုတ်ကွပူဇော်ကာ၊ ခရိုညွှတ်၍၊ မပြတ်နီလျှင်းပါသည်၊ ပီကျွန်းရပ်မှာတည့်လေး။

အပိုဒ် (၂၆)
ပီကျွန်းရပ်မှာ၊ နီလျှင်းပါသည်ယင်းခါတွင်၊ သားမောင်ပင်မိသဲချာ၊ ဘရင်၌သည်၊ သားချစ်ပြီး၍လာလျှက်၊
ကျွန့်ထံမှာပျော်ကဇာတ်၊ နတ်ဒေဂါသည်၊ ယင်းခါသင်ငြားလတ်သို့၊ ရင်ခွင်ထက်ထိုင်၍သာ၊ လိုင်ကိုဆွဲ၍၊ တွလျှက်နီတုံလာ၏။
ဖွီးမည်တော်မင်းချွေးမ၊ သားဦးမိခင်၊ ငယ်ကျွမ်းဝင်သည်၊ သက်လျှင်မောင့်ချစ်စနှင့်၊ မိချွေးမအလုံးပေ၊ ခြောက်ပြစ်လွတ်သည်၊
မိုးနတ်သူဇာနယ်သို့၊ ရိုညွှတ်ထွေဦးလျှင်ချ၊ ရှင်ဝမ်းသာသည်၊ ဒေဂါနတ်မမျှတည်း။ ချမ်းဗြိမ်းလုသာယာစွာ၊ ဗျော်ပွဲဆင်၍၊
ကဇာတ်နီကြရာဝယ်၊ ရခိုင်မှာမြို့ဝန်မင်း၊ ဟီန္ဒုတ်သတ်သာ၊ လျှင်စွာခေါ်လတ်လျှင်က၊ မယွင်းလားခါပေ၊ မင်းချွေးမကို၊
တချက်မျှော်ခီသော်က၊ ထက်အာကာဝတိန်ဗျား၊ သုဇတာသည်၊ ဟသ်ဟန်မပြားတည်း။ နွဲ့သည်ခါးနှစ်ညှိကျော်၊
မျက်မှောင်ကွရုံ၊ နားဖန်စမုံမှာလည်း၊ ဝင်းပေါ်သည်မထင်လှ၊ ဆိုက်မရံပေ၊ ကျောက်မှန်မာခလျှနှင့်၊ ညှာစိမ်းမြပန်းနှယ်ပင်၊
မိုးကောင်းခင်ဝယ်၊ ရောင်ထင်လျှပ်နီပြက်သို့၊ ဖြူညှံ့သက်တကိုယ်လုံး၊ ဖွီးမျိုးစုံသည်၊ ပန်းပုံကတိုးထုံးသို့၊
သျှောင်ဦးလုံးဆံကေသာ၊ နတ်မေကျော့သည်၊ အာပေါ်၏ခံတွင်းက၊ ကြာညိုဆင်းပန်းရောင်သာ၊ သန္တာချောညက်၊

ဆယ်ဖြာလက်မှာ၊ စွဲလျှက်ဒန်းနီလာနှင့်၊ နှုတ်သီးသာကျီးအဆင်း၊ အကြောစိမ်းရှင်၊ မှန်သွင်အရောင်ချင်း၏။
တောက်ချင်းလင်းသည်ဝင်းဝါလတ်၊ ရွှီပန်းခက်ရံ၊ ပန်းတံဦးထိပ်ချပ်၍၊ ခြောက်ပြစ်လွတ်နတ်ဆင်းဝါ၊ မောင့်ချစ်စကို၊
မျှော်သူအံ့မောဟ၏။ ယူဆောင်လားလီငြားခါ၊ မင်းနီရာသည်၊ စစ်တွေမြို့ရောက်ငြားလည်း၊ အထက်ကလုပ်ဆောင်သူ၊
ရခိုင်ပြည်ကို၊ ထိမ်းသိမ်းသူဟု၊ မြို့ဝန်မူပတ်တင်သတ်၊ မင်းနှစ်ပါးသည်၊ တိုင်ပင်ပြုလုပ်ကြပ်လျှက်၊ တိုင်းပြည်ရပ်ရခိုင်မှာ၊
ရီမြီစသည်၊ ရှိကထုံးဟိရာကို၊ သက္ကရာဇ်မှာတထောင်ဖြစ်၊ တရာ့သျှစ်ဆယ်၊ စွန်းသည်ကိုးခုနှစ်ဝယ်၊ ကိုယ့်ပြည်၏ဘဏ္ဍာတော်၊
ငွေနှစ်သိန်းကို၊ ယင်းခါစည်းကြပ်ပါလျှက်၊ တိုင်းပြည်ရွာအလုံးဝယ်၊ မေ့ချစ်စကို၊ "ဒေးဝန်း" ခန့်အပ်သည်တည်း။
တလစီမင်းမေးနာ၊ ငွေတရာကို၊ မပြတ်ပီးတုံပါလျှက်၊ အသျှင်သာဟိန္ဒူသတ်၊ သားပမာသည်၊ မှန်စွာချစ်လေးမြတ်၍၊
(ပီပျောက်)

မှတ်ချက်။ ။ ဆရာမှာ ပီမူမှတဆင့်စက္ကူပြုထားသည်။ ပီမူ၏အင်္ဂါစိုင်အက္ခရာတိကို ကြွက်ကိုက်ထားသဖြင့် အစီအစိုင်ချရသည်။
စက္ကူမူလက်ရွီးမှာ ထွန်းကျော်စိန်၏ လက်ရွီးဖြစ်ပါသည်။ မစုံသိမ့်။ ၎င်းစက္ကူမှတဆင့်ရွီးကူးယူသည်။

စံကျော်ထွန်း
(၉။၅။၆၃)

မိုးထ် (၉) နာရီ၊ (၃၈) မိနိ။
၁၃၂၅ - ခု၊ ကဆုန်လပြည့်ကျော် (၂) ရက်
ကြသားပတီးနိ။

ခေတ္တ - မြင်းစိုင်းပြင်၊ တောင်ရပ်ရွာ
မြောက်ဦးမြို့ဟောင်း။
(29/10/93) နိတွင် လက်နှိပ်စက်ဖြင့် ထပ်မံကူးရိုက်ပြီးသည်။

(ဆရာဟူသည် ပဏ္ဍိတ်ဆရာကြီးဦးသာထွန်းဖြစ်ပါသည်။ စံကျော်ထွန်းဆိုသည်မှာ (AIO) အတွင်းရေးမှူး
ချင်းတောင်တန်း၌ကျဆုံးလားသော ဆရာစံကျော်ထွန်းဖြစ်ပါသည်။)

(နောက်ဆက်တွဲ)

ဇေယန္တျသဗ္ဗမင်္ဂလံ

အပိုဒ် (၂၇)
ဂံသဟိန္ဒံ၊ မျိုးမမှန်သည်၊ လင်းပြန်မသား၊ သင်ရို့မှာတရုရု၊ မစားတတ်ကာ၊ ခိုက်ရန်ရှာသည်၊ ခွီးမှာသားရိုးလုသို့၊
တိုင်ပင်မှုစားသောက်ကာ၊ ကုသလယှား၊ ပါပပွားသည်၊ မိုက်မှားလူမိစ္ဆာတည်း။ ကျောင်းတကာရံဖော်သည်၊ မြို့ထဲခဲပစ်၊
ဆန္ဒညစ်နှင့်၊ စင်စစ်လင်းတငယ်သို့၊ သတ်စားမည်ကြောင်းအလား၊ လင်းနို့ပမာ၊ တူလှပါသည်၊ မှန်စွာမထူးပြားတည်း၊ (----)၊
နှုတ်မှာချိုပျား၊ ဝမ်းမှာများတည်း၊ ဟုတ်ငြားမွှီနှောက်ကာ၊ ရဟန်းသဃ်ာ၊ မျိုးလေးဖြာရို့၊ မှန်စွာမလွတ်ပါတည်း။
ထောင်းသတ်ကာချုပ်၍ထား၊ ဒဂ်ါးရွှီငွေ၊ ပီးနိုင်ပေမှ၊ ငြိမ်းထွေချမ်းသာရ၏။ စိတ်ဒုက္ခများသျှင်လူ၊ ဆာပူထပ်ထပ်၊
ကြံမတတ်သည်၊ ဆီးသတ်ငါးနှယ်တူလိမ့်။ စွဲလမ်းယူမွှီနှောက်စား၊ သူမိုက်ရို့မှာ၊ လွန်ဝမ်းသာလျှက်၊ များစွာအားကြီးရ၍၊
စားသောက်ကြလူဗာလာ၊ တိုင်းမြတ်ရက္ခ၊ မြို့ဓညတွင်၊ ရပ်ရွာချောက်ချားပါ၏၊ လူမိစ္ဆာတကျိပ်ခြောက်၊ ပေါင်းမြောက်ညီညာ၊
လူတကာရို့၊ များစွာစွဲလမ်းနှောက်၍၊ တယောက်တလုံးဆိုကာ၊ ကျန်ကြွင်းသောသူ၊ ထိုမျှလူရို့၊ ပြုမူသက်သီပါတည်း။
ကျမ်းစွဲကာမုသားပြော၊ မဟုတ်မမှန်၊ သက်သီခံသည်၊ ဧကန်တံစိုးစား၍၊ ပြောဆိုငြားတုံသောခါ၊ ဓမ္မာယွင်းချွတ်၊
ဒေးချိန်သတ်နှင့်၊ ဝါသတ်မင်းရို့မှာလည်း၊ ရွှင်ဝမ်းသာလွန်အားရ၊ သုံးလုထွတ်ချာ၊ မြတ်ဓမ္မာကို၊ မျှော်ကာမရှုကြဘဲ၊
မတွေးဆမစာနာ၊ အငြိုးဒေါသ၊ မာန်မာနကို၊ များလှသိုထားပါလျှက်၊ စိတ်ဟိရာထိုမင်းများ၊ မဟုတ်မမှန်၊ မုသာလျှံကို၊
လုပ်ကြံပြုရွီးသားလျှက်၊ ထိုယုံးမှာစီရင်ငှား၊ ဝန်ကြီးမှန်စွာ၊ မင်းလေးဖြာရို့၊ မှန်စွာမရှုငြားဘဲ၊ စာမုသားရို့ကိုသာ၊
ဟုတ်စွာမှန်လှ၊ အယူရ၍၊ ဖြစ်ထကေကောင်းသာဟု၊ မှတ်ခြင်းရာထင်မိမှား၊ ပညာနှင့်ညာဏ်၊ မြတ်ကျမ်းကန်ကို၊

တတ်ပွန်မကျွမ်းငြားဘဲ၊ တဖက်နားမုသားသာ၊ ပြုကာလုပ်မှတ်၊ ဒေးသျှိန်သတ်နှင့်၊ ဂါသတ်ရွီးသောစာကို၊ ယူပြီးခါစာတရား၊ စီရင်သောခါ၊ ကျွန်ုပ်မှာကာ၊ ကြင်ရာသားမယားနှင့်၊ ဆွီသားမျိုးတကာ၊ ဥစ္စာကျွဲနွား၊ စိုးပိုင်ငြားလည်း၊ လေကားကျွန်းရပ်ရွာကို၊ စွန့်၍သာရှိကမ္မ၊ လားရတုံသည်၊ မိစ္ဆိမေဟု၊ သူ့ပြည်နောက်ဒေသ၊ ကိုယ့်မိဘအစိုင်လာ၊ ရံခါဆန်းထူး၊ မရောက်ဘူးသည်၊ ဂီးကျူးကုလားရွာသို့၊ ရှိကမ္မာထိုဘဝ၊ ဒါနပီးလှူ၊ တောင်းဆုယူခါ၊ စိတ်မူမသန့်ခ၍၊ ဤလောကပုညမှာ၊ ကြံရကြိုးစား၊ ရန်သူများရို့၊ တင်ငြားဖျက်ဆီးလာလျှက်၊ ဘော်မပါတကာယ၊ ဒုက္ခပူဆာ၊ မင်းအာဏာကြောင့်၊ နာဂါခေါ်သင်္ဘောမ၌၊ စီးတက်ကြရွက်ဖြန့်ကာ၊ လီသာပြန့်ပြော၊ တဟောဟောနှင့်၊ မြစ်ကြောယမုံနာကို၊ ရွှင့်လာခါသမုဒ္ဒရ၊ လှိုင်းယက်လည်းဆူ၊ တအူအူသည်၊ ဥဖြူလှိုင်းယက်ထ၍၊ မှိုင်းပျပျကြောက်ဖွယ်သာ၊ သီတာဟူကျင်၊ ကမ်းမမြင်သည်၊ မြစ်ခွင်သမုဒ္ဒာကို၊ ကူးသန်းကာတိုက်လာကြ၊ အလှရွှီတူ၊ သဲအူသားနှစ်ဂကို၊ လွန်ရုတပျောင်းစိတ်ဆာ၊ ကျွန့်ကိုယ်သာချည်း၊ တယောက်တည်းသည်၊ ဖော်ကွဲငှက်ပမာသို့၊ မူးမှိုင်ကာကျမတတ်၊ ကြာပဒုမ္မာ၊ ပန်းခတ္တာကို၊ ပြင်းစွာနီပူခတ်သို့၊ အူသဲပြတ်လွန်လောင်ဆာ၊ တောင်ကျွတ်ငှက်လား၊ ရီမဲ့ငါးသို့၊ ညှိုးငြားစိတ်ဗျာပါနှင့်၊ သူ့ရပ်ရွာလူတချို့၊ ကုလိကတ္တာ၊ ဆိုက်ရောက်လာသည်၊ မိစ္ဆာကုလားမြို့လေး။

အပိုဒ် (၂၈)

ကုလားမြို့ရွာ၊ မိစ္ဆိမာသို့ရောက်လာသည်၊ နောက်ရပ်မြီသူ့ဌာန၊ ပုပ္ပပုညံ၊ ရှိမမှန်သည်၊ ကမ္မံမကောင်းလှ၍၊ စိတ်ဒုက္ခညှိုးပူဆာ၊ မယားကိုလွမ်း၊ သားကိုတမ်းလျှက်၊ ညှိုးနွမ်းစိတ်ဗျာပါနှင့်၊ မျက်စိရှာလွန်ဆကဲ၊ နှမသူဇာ၊ မောင့်ကြင်ရာကို၊ ငိုကာမျက်ရည်ရွှဲနှင့်၊ ဗိမှာန်ထဲဟိလိမ္မည်၊ တမ်းကာမျှော်လျှက်၊ သည်ကိုတွက်၍၊ မောင်လှသဲကျက်သည်တည်း။ စိတ်မတည်လွန်ရုတ၊ နီကြသောခါ၊ ဂြိုးလင်းပြာသည်၊ သံသာတမြမြနှင့်၊ ဘိုမနှစ်ကောင်လျှင်၊ သစ်ပင်မြင့်ဖျား၊ တူစုံနား၍၊ တွန်ငြားမြည်လာကျင်လျှက်၊ လူအသွင်ဟန်မပြား၊ ငှက်ရို့ဘာသာ၊ ချစ်ကြင်နာသည်၊ မာယာပျူတများ၍၊ ဂဲပျံလားတူမကွာ၊ လင်းပြာဂြိုးလှ၊ စာခွန့်ကြသည်၊ ရုတထိုခြင်းရာကို၊ ကျွန်ုပ်သာမြင်လတ်က၊ အလှနတ်တူ၊ မျိုးအိမ်သူသည်၊ အဖြူမောင်နှမနှင့်၊ သားပုတ္တစီတရာ၊ သဲချာနှစ်ပါး၊ နောင်ကြီးအားနှင့်၊ ဆွီသားမျိုးတကာကို၊ လွန်တရှာမြင်ချင်ငြား၊ ပျံလားရောက်ချင်၊ စားမဂင်သည်၊ ပူပင်ယိုစီးကျလျှက်၊ သူ့ဌာနတိုင်းရပ်ခွင်၊ သံသရာဟောင်း၊ ရှိကံကြောင်းနှင့်၊ မကောင်းဖြစ်ရပါဟု၊ တွက်၍သာလွန်ပျောင်းပျ၊ သားလှသဲအူ၊ ရဲဘော်သူကြောင့်၊ ဆယ်ယူကြံမရဘဲ၊ လွန်ရုတနီသောခါ၊ ဥသြဖိုးခေါင်၊ ကုက္ကလောင်ရို့၊ မြောက်တောင်ပျံဂဲကာနှင့်၊ ကျူးသံဂါညံမစဲ၊ ပွင့်သစ်ပန်းမှာန်၊ ကျွန်ုပ်ကျွန်လည်း၊ ထပ်ပြန်လွန်ဆကဲ၍၊ အူအသဲကြီလုဘွယ်၊ ခြောက်ပါးလွတ်စင်၊ မျိုးအိမ်သျှင်နှင့်၊ ဆွီလျှင်သားနှစ်သွယ်ကို၊ ရင်ခွင်ဂယ်ထားချင်ငြား၊ အောင့်မိတမ်းကာ၊ မျက်စိရှာသည်၊ ခန္ဓာလွန်ချောက်ချား၍၊ နတ်ရို့အားတိုင်တန်းကာ၊ ရက္ခပူရ၊ မြို့ဓညကို၊ လျှင်စွရောက်အံ့သာတည်း။ ဘသဲချာသားပုတ္တ၊ သုံးပါးအခေါင်၊ (----)၊ ကုန်အောင်ပင်မရဟု၊ ပဏ္ဍိတရှိဆရာ၊ မိန့်မှာမြွက်ကြား၊ ထိုစကားကို၊ ချစ်သားမြဲမှတ်ပါလော့။ လူတကာထံရင်းပါး၊ ဂတ်တွားကျိုးနွံ၊ ထိုပုံစံကို၊ နားခံမှတ်ယူထား၍၊ လေးပါးမျိုးရို့ကိုသာ၊ ရို့သေတုတ်ကွ၊ ဦးနှိမ်ချ၍၊ မာနဂမ်းထဲမသိုနှင့်။ ရန်မလိုလူအများ၊ သနားချစ်အောင်၊ ကျင့်လုပ်ဆောင်လျှက်၊ သားမောင်နီနှင့်ငြားလော့။ သဲမခြားနောင်ရင်းမှာ၊ သဲချာနှစ်ပါး၊ ကျွန်ုပ်သားကို၊ ပါယ်ယှားမပစ်ပါနှင့်။ နောင်ကြီးမှာဂမ်းထက်ဖွား၊ မပြားထို့တူ၊ ကျွန့်သဲအူကို၊ ရှာယူကျွေးမွီးထားလော့။ ကျွန့်သက်ထားမျိုးအိမ်သူ၊ အဖြူအလှ၊ မေနှမလည်း၊ ဒါနမပြတ်လှူလျှက်၊ သင်းပုံးမူရီချမ်းလောင်း၊ နတ်ပေါင်းရို့ထံ၊ သနားခံ၍၊ မည်ဆုယူတောင်းလော့။ ကောင်းကောင်းနီနှင့်ပါ၊ သစ္စာမပြား၊ ကျင့်တရားကို၊ မမှားထိမ်းသိမ်းပါလော့။ ကျွန်ုပ်မှာသစ္စာအား၊ ထက်များနတ်ရွာ၊ ဂတ္တိသာက၊ သူဇာမိုးသိကြားလျှင်၊ မလာငြားကန်တော့ခါ၊ နှစ်သက္ကသည်၊ ကုန်တမဟိချာဘဲ၊ များမကြာစောလျှင်လျှား၊ ယောက်ျားလုံ့လ၊ ဂီရိယနှင့်၊ ညာဏပညာအားဖြင့်၊ လွန်ကြိုးစားကြံစည်ခါ၊ ကောဇာမကူး၊ တာမကျူးခင်၊ စုံဖူးရမည်သာတည်း။ မေရို့မှာဆံခြည်မျှ၊ ကြောင်းကြစိုးရိမ်၊ အူနာလိမ်၍၊ ညှိုးပိန်မဟိကြနှင့်။ မြတ်သီလစောင့်သုံးကာ၊ မိတ္တာကမ္မဌာန်း၊ နိဗ္ဗာန်လမ်းကို၊ မယွန်းဆောက်တည်ပါဟု၊ မျိုးကြင်ရာထံပါးသို့၊ ရွီးသားလင်္ကာ၊ သီကုံးမှာသည်၊ လျှင်စွာရောက်လာဖို့လေး။

အပိုဒ် (၂၉)

ရောက်တုံဟေမန်၊ ရာသီပြန်၍အချမ်းဂှမ်သည်၊ စိတ်မတည်လွမ်းလောင်မှု၊ မောင်ကြောင့်တရူ၊ မျိုးအိမ်သူလည်း၊ အဖြူမအိပ်မူးတည်း။ လဲလျှောင်းအုံးမွိရာ၊ မေတော်တူမ၊ မောင့်သက်မျှရို့၊ ညံ့သက်ညောင်စောင်းသာ၌၊ စက်မွိရာထိုခန၊ ကစ္ဆပနဒီ၊ ခေါ်တွင်ညီသည်၊ မြောက်ဆီဟေဂန္တာက၊ သွန်ကျလာသည်စုံလီပြင်း၊ စိမ့်စိမ့်ချမ်းကာ၊ အီးလှပါသည်၊ မွိရာသလွန်တွင်းက၊ မေလုံးချင်းစက်မပျော်၊ ကြင်ရာသက်ထား၊ လင်ယောက်ျားလည်း၊ နံပါးဟိလာသွင်သို့၊ ထင်မိကာစိတ်ယောင်ယမ်း၊ ပန်းပုံမွိရာ၊ သလွန်သာဂယ်၊ ထကာမွှီ၍စမ်းက၊ ငယ်ကြင်ကျွမ်းမောင့်ကိုသာ၊ စက်ရာတူစုံ၊ ပျော်ကြတုံသည်၊ စက်ဘုံညောင်စောင်းသာ၌၊ စမ်း၍ရှာသော်မောင့်ကိုယ်ငွိ၊ မတွိသောခါ၊ မေရို့မှာလည်း၊ ထိုခါတချဲချဲနှင့်၊

တန္ဆဲနွဲကြက်သီးဝှမ်၊ ပူပန်ပျောင်းပျ၊ မောင့်ကိုတ၍၊ အလှရာသက်နှံရို့၊ မိုးသောက်ပြန်ထတုံသောခါ၊ ဗိမှာန်အိမ်နား၊ ပန်းစံကားသည်၊ သစ်ဖျားပင်ထက်မှာတည်း၊ ၄က်ရွှိဝါကေတတွတ်တွတ်၊ မပြားအသံ၊ လူသဏ္ဍာန်သို့၊ နှောင်းစွန်ကြားလီပါက၊ အကောင့်သာဟုတ်စနို့၊ ချစ်မျိုးစုံလင်၊ ရာသက်ကြင်သည်၊ ငယ်လင်ရောက်ပါဖို့ဟု၊ လွန်နှလုံးဝမ်းသာရွှင်၊ အလျှင်အဆွ၊ မေအလှရို့၊ ချီကြွပျင်ထကျင်က၊ ပြုပ္ပါလျှင်ဒကွိဏ၊ ဥတ္တရဒီပေ၊ မိစ္ဆိမေဟု၊ လေးထွေရပ်ဒေသကို၊ ရှုမျှော်ကြကြည့်သောခါ၊ မေ့မှာထိပ်ထား၊ လင်ဘုရားကို၊ ထွေပြားမမြင်ပါက၊ မျက်စိရှာတမ်းရွှိရွတ်၊ လှထွတ်ဝင်းပြောင်၊ နတ်ဆင်းယောင်ရို့၊ အိမ်မျှောင်မြီးတူးပြတ်သို့၊ ကြံမတတ်စိတ်ဖြစ်ကာ၊ ဒီပါမြဋ္ဌ၊ သောင်းဇမ္မူတွင်၊ သျှင်လူများတကာရို့၊ ပျော်ကြရာခါရတု၊ ဝါကျွတ်သကြန်၊ သဘင်ခံသည်၊ ရောင်လျှံမီးပွဲမှုကို၊ မကြည့်ရှုဝံကြပါ။ ဖြူပြာနထွတ်၊ ခြောက်ပြစ်လွတ်သည်၊ နီဝပ်ပန်းပမာသို့၊ ဆံကေသာကျော့မထုံး၊ ပန်းကုံးမဆင်၊ ဟိသောသွင်သို့၊ မရွှင်စိတ်နှလုံးကား၊ ကြိမ်မီးအုံးထို့ပမာ၊ ကွမ်းယာထမင်း၊ ရီဆီဟင်းကို၊ စားခြင်းမဟိပါတည်း။ အုံးမွိရာသလွန်ထက်၊ စက်လည်းမပျော်၊ မောင့်ကိုမျှော်လျှက်၊ စစ်ခေါ်တသက်သက်နှင့်၊ ညဉ့်လုံးပြတ်အိပ်မပျော်၊ ငယ်လင်လူလှ၊ သားဦးဘကို၊ ရုတလွမ်းရို့ပင်တည်း။ မေရို့လျှင်လွန်ပျောင်းအိ၊ မောင်ကြောင့်လွမ်းဆောင်၊ အသဲလောင်သည်၊ ယာတောင်မီးတိုက်ဘိသို့၊ ကိုယ်မချိညှိုးစိတ်ဆာ၊ ရှိဦးဖွားမြော်၊ သားရဲဘော်လည်း၊ အဘနိတိုင်းခေါ်လျှက်၊ ရှာတမ်းမျှော်သားပုလဲ၊ လက်ဝဲလက်ယာ၊ သျှစ်မျက်နှာကို၊ ပတ်ကာဝန်း၍ကြည့်က၊ ဘကိုလည်းမမြင်ခါ၊ ဟစ်အော်လူးလဲ၊ မိရင်ထဲဝယ်၊ ငိုကြွေးတစာစာနှင့်၊ မိကိုသာတတွတ်တွတ်၊ ကျွန့်ကိုများကြင်၊ မွိးဘခင်ကို၊ ခုပင်ပြပါလတ်ဟု၊ တမ်းရွှိရွတ်သားသဲချာ၊ မပီတခွန်း၊ ပီတခွန်းနှင့်၊ ဖက်ရမ်းမီးပြန်လတ်က၊ ပြောစရာဆိုမတတ်၊ ခြောက်ပြစ်လွတ်စင်၊ မိနတ်သျှင်မှာ၊ ရင်ကိုထုထောင်းသတ်၍၊ သက်လုံးပြတ်မောင့်ကိုရှာ၊ မျှော်ကာယောင်ယမ်း၊ တရုလွမ်းလျှက်၊ ညှိုးနွမ်းစိတ်ဗျာပါနှင့်၊ ဆင်းကလျှာမေအလှ၊ ယိုကျမျက်ရည်၊ စီးထွေထွေနှင့်၊ ပင်လယ်သမုဒ္ဒရာသို့၊ သွန်ကျလာသည်ဆယ်မနိုင်၊ ကယိုင်ကပါး၊ ဖြူညက်ထွားသည်၊ လျှောက်ကြားနတ်ကိုတိုင်၍၊ လေးကျွန်းပိုင်အိုသိကြား၊ နဂါးဗြဟ္မာ၊ အသူရာသည်၊ ဒေဝါသျှင်နတ်များနှင့်၊ မြတ်ဘုရားကူမပါ၊ ကျွမ်းဝင်ငယ်လင်၊ မေ့ထိပ်တင်ကို၊ ခုပင်နှင်းအပ်ပါဟု၊ ဆယ်လက်ဖြာဂေါင်းမှာထား၊ တိုင်ငြားလျှောက်ကာ၊ နတ်တကာလည်း၊ ကြင်နာလွန်သနား၍၊ လွန်ကြိုးစားညီညာကာ၊ အလျှင်တဆွ၊ မေနှမကြောင့်၊ အလှမောင့်ကိုသာလျှင်၊ ဆောင်ယူကာသျှင်နတ်ရို့၊ ယခုမကြာ၊ ပို့ရောက်လာသည်၊ နီရာမေ့ထံသို့လေး။

အပိုဒ် (၃၀)

သုံးဆယ်တဘုံ၊ အလုံးစုံသည်အကုန်သာ၊ အနိစ္စသည်သခါ်ရ၊ ကမ္မဝိညာဉ်၊ လောကဓံကို၊ နိဗ္ဗာန်မမှတ်ရဟု၊ စိန္ဒေယသုံးလုချာ၊ ဓမ္မတရား၊ ဟိလျှက်သားကို၊ တွက်စားမပြုပါဘဲ၊ စိတ်ဟိရာကျင့်တုံငြား၊ ဒေါသရန်ပြို၊ ဝမ်းထဲသို၍၊ ငွေကိုတန်စိုးစားလျှက်၊ လူမိုက်မှားယခုသာ၊ ကြံရာအမှုတ်၊ အကျွန်ုပ်ကို၊ မဟုတ်ပြစ်မဲ့သာလျှင်၊ ဖျက်ဆီးရာလူဆယ့်ခြောက်၊ ဦးစောက်လင်းပြန်၊ မျိုးမမှန်သည်၊ သူ့ကျွန်စားပိုးလောက်ရို့၊ ပြုမွှီနှောက်တုံပြီးခါ၊ သျှင်လူအများ၊ ဆင်းရဲသားကို၊ စွဲငြားနှိပ်စက်ပါ၏။ လူမိစ္ဆာအယူမှား၊ မဟုတ်မမှန်၊ မုသားကံကို၊ လုပ်ကြံကျမ်းစွဲငြားက၊ မတရားပြုသောခါ၊ ဣန္ဒာသက္က၊ ပုရိန္ဒသည်၊ ဌာနကိုယ့်နီရာက၊ ကြည့်ခီသော်လွန်ဆန်းပြား၊ မကောင်းသောသူ၊ မတော်လူရို့၊ အယူအကျင့်မှား၍၊ တရား၌မတည်ကြည်၊ ပြုကျင့်ရာကို၊ သူဇာသိကြားပြည်က၊ မြင်တုံလီထိုသောခါ၊ ရှိဆက်ကျူးလွန်၊ ပစ္စုပ္ပန်သည်၊ အမှန်မကောင်းပါတည်း။ နတ်တကာမနာလို၊ ဓမ္မာချွင်းယွတ်၊ ဒေးသျှိန်သတ်နှင့်၊ ဝါသတ်မင်းရို့ကိုကား၊ နှင်လွှတ်ဖြိုရာထူးချ၊ ဒုက္ခပူပန်၊ တိုင်ရောက်မှန်သည်၊ နိုင်ငံမိစ္ဆိမာ၌၊ မနီရပြောင်းရွှိဆို၊ ကုသိုလ်ကယှား၊ ပါပပွားသည်၊ မင်းများသူမိုက်ကိုလျှင်၊ ဖြိုထုတ်နှင်ဘိလပ်သို့၊ လျှင်စွာမကြာ၊ ပို့လီပါသည်၊ မှန်စွာနီရာမြို့လည်း။ မနှစ်လို့လူတကာ၊ တုပ္ပါနှင့်ပစ်၊ သူ့အပြစ်ကြောင့်၊ လူမိုက်လားရပါ၏။ သင်းပေါင်းဖော်လူ့ဗာလ၊ ဝံသဟိန္ဒာ၊ လွန်ယုတ်မာသည်၊ မိစ္ဆာလူဗာလရို့၊ မည်နာမစံရွှိဖွေ၊ လျှောက်ဖွေဟူငြား၊ အောင်ကုလားနှင့်၊ ဟယားငပုဝေရို့၊ မြီကြီးမျိုတွင်းဆုံးကျ၊ ခုမျက်မှောက်ပင်၊ လောကတွင်၌၊ ကျွန်လျှင်မြင်လိုရ၏။ တာပန္ဒသိမ်းစိုးယူ၊ မဟာတာပန္ဒ၊ ရောရုဝရို့၊ စိုးကြပိုင်တော်မူသား၊ ငရဲသားသူရို့အသျှင်၊ သီရိကုတ္တ၊ ယမလဟု၊ ခေါ်ကြနာမည်တွင်လျှက်၊ စိုးအုပ်ကျင်နတ်အများ၊ ကျွန့်မှာရန်သူ၊ ထိုသည့်သူကို၊ သတ်မူလက်နက်ဓါးနှင့်၊ ခုတ်သတ်ငြားချက်ပြုတ်ကာ၊ ကမ္ဘာရှည်လျှား၊ ကြိမ်ဖန်များ၌၊ မပြားထားကြပါလော့။ တိုင်တန်းကာသက်သီပြု၊ လူမိုက်လင်းပြန်၊ မျိုးမမှန်သည်၊ ဟိန္ဒံထိုလူစုကို၊ ကိုင်ထောင်းထုချိုင်နှောင်ကာ၊ ဓါးလှံသံလျှက်၊ ဒုတ်လက်နက်နှင့်၊ ခွဲဖျက်ရင်ဖွင့်ပါဟု၊ ကျွန်ုပ်သာများဘဝ၊ သတ်ရပါလို၊ သင်ရို့ကိုလည်း၊ ယွင်းယိုမဟိရတည်း။ ဘုမ္မိယကြီးမြင့်သူ၊ ပထဝီအာပေါ၊ မီးတေဇောဟု၊ ဝါယောဓါတ်လေးဆူရို့၊ စောင့်ထိမ်းသူသျှင်နတ်မင်း၊ သိကြစီလို၊ နတ်ရို့ကိုလျှင်၊ ကျိမ်ဆိုထိပ်ပန်လျှင်း၍၊ အောက်ဟင်းလင်းဂီစိရွာ၊ ဒုက္ခမျိုးစုံ၊ ငရဲဘုံကို၊ လုံးချုံစိုးပိုင်ပါသား၊ နတ်တကာယမမင်း၊ မိန့်သတ်ခေါ်ဆို၊ ဒိဌိကိုလည်း၊ နင်းဖြိုဖျက်ဆီးလျှင်းလော့။ သင့်သဲတွင်းချစ်သောသူ၊ သဲအူမယား၊ သမီးသားကို၊ သံဖက်စုန်းနတ်မူလည်း၊ သတ်နှင့်ယူလတ္တံလော့။ တပါးရပ်ရွာ၊ မြစ်များစွာသည်၊ သီတာပင်လယ်ခြား၍၊ ဆုံးပျက်ငြားဟိလီစီ။ လက်စုံဦးထား၊

နတ်အများကို၊ တိုင်းကြားလျှောက်ဆိုချီ၍၊ ရီတွင်နီစိုးပိုင်ခြင်း၊ ဒဋ္ဌရဋ္ဌ၊ ကုဝေရဟု၊ နာမခေါ်တွင်လျှင်းသား၊ နဂါးမင်းနတ်တကာ၊ ကုလားမိစ္ဆာ၊ ငပုသာကို၊ မှန်စွာဖျက်ဆီးပါလော့။ သင်ရို့မှာဖီးသျှစ်ပါး၊ ဆယ်ပါးသောဒါဏ်၊ ကြွင်းမကျန်သည်၊ ရန်မျိုးငါးပါးလည်း၊ ခုရောက်ငြားတွိကြုံစီ၊ ချိုင်နှောင်တရပ်၊ ခြီချင်းခတ်၍၊ မပြတ်ထောင်ထဲနီ၍၊ ချုပ်အင်ထွီအဆက်ဆက်၊ သင်၌အိမ်ထောင်၊ များကုန်အောင်ကို၊ ယူဆောင်မင်းကဖျက်၍၊ ကြီဆုံးပျက်ဟိလီစီ။ ကိုးကွယ်မရ၊ ဝဋ္ဌဒုက္ခနှင့်၊ နိစ္စပြောင်းလီစီတည်း။ နီရိယေဂီစိလား၊ ကြိမ်များဖန်ဖန်၊ ဆင်းရဲခံ၍၊ သီပြန်ပျက်စီးငြားလျှက်၊ သင့်မယားသက်နှံဂီ၊ တော်ရာစပ်ထ၊ ဟူသမျှလည်း၊ ကြီမွပြုန်းတီးစီလော့။ ကျိမ်ဆိုသည်နိမပြတ်၊ မြကျွန်းသပြီ၊ လေးရပ်မြီကို၊ စောင့်နီသျှင်နတ်မြတ်ရို့၊ ကြားသိမှတ်တိုင်သက်သီ၊ ကျွန့်ကိုတခါ၊ ခုဖျက်လာသည်၊ ဆယ်ခါပျက်လီစီတည်း။ သက်နှံဂီသင့်သဲပွတ်၊ ကျားရဲခုတ်ငင်၊ တောင်တိုင်းတင်၍၊ နတ်လျှင်သံဖက်ခတ်လော့။ ပေါက်ပေါက်ခွတ်တန်းကျင်လျှို၊ အရှင်လတ်လတ်၊ ဖမ်းငင်သတ်၍၊ တရပ်မြီကြီးမျိုလျှက်၊ မြင်ရလိုကျွန့်မျက်မှောက်၊ အမြောက်ဓါးလှံ၊ လှဲကမံနှင့်၊ ဂါးချွန်သေနပ်ကျောက်လည်း၊ ခုရောက်ငြားသင့်ကိုယ်တွင်၊ ထိပါးသီဆုံး၊ မျိုးစိုင်တုန်းအောင်၊ ပျက်ပြုန်းနတ်စီရင်လော့။ အောက်ရပ်ခွင်ဘုမ္မစိုး၊ သူမိုက်ဟိန္ဒီ၊ ဦးဂါရှီကို၊ စုံစီလက်နက်မျိုးဖြင့်၊ ခွတ်ထစ်ထိုးသတ်ကြပါ၊ ရိုသေဝပ်တွား၊ နတ်ရို့အားကို၊ တိုင်ကြားလျှောက်ပန်ထွာ၍၊ ဂိဒေဟာကျွန်းဇမ္မူ၊ ဦးတင်ဂုရု၊ ပညတ်ပြုသည်၊ နောက်စုဂေါယန်ဟူကား၊ လေးကျွန်းမူအဓိသ်မှတ်၊ လေးရပ်ရုက္ခာ၊ သစ်လေးဖြာကို၊ စောင့်ကာသျှင်နတ်မြတ်ရို့၊ သောင်းလေးရပ်ကျွန်းကမ္ဘာ၊ ဒီပါယူကျုံး၊ လေးပါးလုံးကို၊ သိမ်းရုံးစောင့်ထိမ်းပါသား၊ နတ်တကာသျှင်ဒေဝ၊ သူယုတ်လင်းပြန်၊ ရင်ရနံရို့၊ တဖန်တိုးအောင်စသား၊ လူဗာလသင်ရို့မှာ၊ နှာခေါင်းနားရွက်၊ ကိုယ်ခြီလက်ဟု၊ တချက်ပျက်စီးစီသာတည်း။ ကျိုးပဲ့ကာတိုနာစား၊ များပြားရောဂါ၊ သင်ရို့မှာလျှင်၊ မှန်စွာစွဲရောက်ငြား၍၊ ထလာလားမတတ်နိုင်၊ မထိုင်မထ၊ စိတ်ဒုက္ခနှင့်၊ မြင်လှဆင်းရဲတိုင်၍၊ စမ်းလက်ကိုင်ရှာမရ၊ ကြီမွခန္ဓာ၊ သင်ရို့မှာလည်း၊ များစွာဖီးကြီးကျလျှက်၊ သီဆုံးကြဟိလီစီ။ ရိုသေဝတ်တွား၊ နတ်အများကို၊ တိုင်းကြားလျှောက်ဆိုချီ၏။ ချစ်သက်ဂီသားမယား၊ ကျွဲနွားကျေးကျွန်၊ စပါးဆန်နှင့်၊ ဓနံရှိဒဂ်ါးလည်း၊ ဆုံးပျောက်ငြားများခိုးသူ၊ ဗဟုတန္တ၊ ဓါးမြရို့၊ သတ်ကြထောင်းထုယူ၍၊ ဖွဲပြာမူထိုအလား၊ ထိပါးခန္ဓာ၊ သင့်ကာယာလည်း၊ ရီမှာပျောက်ဆုံးငြားလျှက်၊ မျိုးပါလားလီသောခါ၊ မီးကျောင်းလိပ်ငါး၊ မြွီဟောက်ဖားရို့၊ ကိုက်စားသတ်ဖြတ်ပါလော့။ သင်ရို့မှာကြံမမြောက်၊ ချောင်းကြီးသီတာ၊ ယမုန္ဓာတွင်၊ နာဂါလှီသားမှောက်သို့၊ သီဆုံးပျောက်ဟိလီစီ။ ကမ္မံအသစ်၊ တဖန်ဖြစ်လည်း၊ (-----)၊ ငါးရာဝဲလျှင်းလက်နှင့်၊ (-----)၊ သင့်ခန္ဓာကို၊ မှန်စွာပေါက်ကာခွတ်လျှက်၊ ခုတ်ထစ်သတ်ပါရစီ။ ကြိမ်များဖန်ဖန်၊ သင်ရို့ကံလည်း၊ အကျွန်လက်ဆုံးစီဟု၊ ကျိမ်ဆိုအလီလီနတ်ရို့အား၊ တိုင်ကြားဦးတင်၊ လျှောက်ဆိုကျင်သည်၊ အောက်ခွင်ဘုံတလွှားလေး။

အပိုဒ် (၃၁)

အောက်ခွင်တလွှား၊ စောင့်နီငြားသည့်၊ နတ်များရို့ကိုတိုင်တန်းကား၊ ဤရပ်ရွာဘုံတလွှား၊ စိုးချုပ်ပိုင်ကာ၊ စောင့်ထိမ်းပါသည်၊ ဒေဝါနတ်ရို့အားလည်း၊ ထိပ်တင်ကြားလျှောက်ပါမည်။ လူရွာစိုးငြား၊ သျှင်နတ်များရို့၊ မှတ်သားရွှိနားတည်လော့။ ကျွန်ုပ်သည်ပြစ်ဆံရှိ၊ မဟိမှန်စွာ၊ ခုသံသာတွင်၊ တင်ကာဖျက်လာဘိသား၊ လူဒိဋ္ဌိငပုသာ၊ ဟိန္ဓာသွီးသား၊ အောင်ကုလားနှင့်၊ ကုလားရွှိလုံးသာတည်း။ စံရဲဘော်တလင်းသား၊ ဟယားမျိုးနွယ်၊ ငပုဝေကား၊ ရှောက်ဖွေဒုံးကုလားနှင့်၊ သ်ချီသားဒိုးအောင်ချေ၊ လူလောင်ဟူဘိ၊ ပါတလိသည်၊ ဒိဋ္ဌိငဘိယေနှင့်၊ သက်နှံဝေကျွန်မသား၊ ကုလားလင်းပြန်၊ ရင်ရနံဟု၊ လူလွန်သျှမ်းအောက်သားနှင့်၊ တို့စကားပြောမကျီ၊ ဟိန္ဓီစင်စစ်၊ သီအောင်မိုက်သည်၊ လူညစ်ဥဂါရှီတည်း။ တိုင်ပင်ညီတန်စိုးစား၊ ဆယ့်ခြောက်ယောက်လူ၊ ကျွန့်ရန်သူသည်၊ စွဲယူကျမ်းမုသားတည်း။ မတရားသင်ရို့မှာ၊ မဟုတ်မလျှား၊ ကျွန်ုပ်အားဝယ်၊ ဖျက်ငြားပြုခြင်းရာကို၊ စီရင်ပါမြတ်ဘုရား။ နဂါးဂဋ္ဌုံ၊ တန်းခိုးစုံသည်၊ အကုန်ရန်ခိုက်များနှင့်၊ ခုနှစ်အိုင်မဟာ၊ ကြီးစွာမည်မှတ်၊ နဝဒတ်ဟု၊ အရပ်ဆယ်မျက်နှာကို၊ စောင့်ထိမ်းရာသျှင်နတ်မင်း၊ အစိရဝတီ၊ ပညတ်ညီသည်၊ မဟီမြစ်ငါးစင်းကို၊ စောင့်နီငြားမြဲမကွာ၊ ဒေဝါပူရိ၊ ခေါ်တွင်ဘိသည်၊ မဏိမေခလာနှင့်၊ မြစ်သီတာပင်လယ်ချောင်း၊ စောင့်ကြပ်ပြုပျင်၊ အုပ်ထိမ်းကျင်သည်၊ သခင်နတ်အပေါင်းရို့၊ ကျွန့်ရန်သူဟောင်းရို့ကို၊ နှင်းဖြိုခုတ်သတ်၊ ရင်ကိုခွတ်၍၊ လိုင်ဖြတ်တန်းကျင်လျှိုလျှက်၊ များထိုထိုဆက်မပြတ်၊ သင်ရို့သဲအူ၊ ချစ်သောသူကို၊ ငင်ယူခွဲခွင်းသတ်လော့။ ဖီးသျှစ်ပါးရန်သူသာ၊ ဆိုက်ရောက်လာသင်ရို့အား၊ တွိကြကြုံစီ၊ ဆုံးပျက်လီဟု၊ နတ်ဆီတိုင်တန်းကြား၏။ မီးကျောင်းကျားသစ်ဂံမြွီ၊ ရောဂန္တရ၊ ဒုဗွိက္ခဟု၊ ရောက်ထကပ်သုံးလီလည်း၊ သင်ရို့ဆီဆက်မပြတ်၊ ရောက်ငြားလာပုံ၊ ဖျားနာအုံ၍၊ အကုန်ဝန်းရံကပ်လျှက်၊ ထိုးခွတ်သတ်ဖြတ်ပါစီ။ သုံးမည်လူ့ဘ၊ မုနိန္ဒကို၊ ရိုခလျှောက်တင်ချီ၏။ ဤလူမြီခေါ်တွင်၍၊ တန်းခိုးမည်ကေ၊ သူရကယ်ဟု၊ ဆိုသည်နတ်တမျိုးတည်း။ ရုက္ခစိုးနတ်များသာ၊ သူရဿတီ၊ ကြေးစန္ဒီဟု၊ ဒေဂီနတ်မဟာနှင့်၊ လူခန္ဓာကိုယ်ကာယ၊ စောင့်ကြပါသည်၊ ဒေဝါနတ်ဒွါဒရို့၊ ရှုမျှော်သကြည့်ပြီးခါ၊ လက်ကိုင်ထိမ်းမြား၊ ငယ်မယားသည်၊ သဘောသင်ရို့မှာလည်း၊ လက်ကိုင်ပင်ရှာမရ၊ ရာဇမင်းမူ၊ သိမ်းဖျက်ယူသော်၊ ပြည်သူအားကြီးရလျှက်၊

ဟိလီကြလူများစွာ၊ ခြိုင့်လှောင်ငှက်လား၊ ရီမဲ့ငါးသို့၊ ညှိုးပါးစိတ်ဂီဆာနှင့်၊ ဂီစိရွာမှောင်တိုက်ထဲ၊ သင်ရို့ကမ္ပံ၊ ဆက်မကျန်သည်၊ ပူပန်မပြတ်စွဲ၍၊ မြင့်ကြာမြဲဟိလီစီ။ သက်သီပြုထား၊ စာရွီးသားလျှက်၊ နတ်အားတိုင်ကြားချီ၏။ ကျိန်ဆိုသည်နိမပြတ်၊ သတ္တရဘန်၊ မေယုဂန်ဟု၊ တောင်ရံခုနှစ်ထပ်ကို၊ စောင့်တုံမှတ်နတ်သက်သီ၊ ကျွန်ကပူပန်၊ ခုတဖန်မှာ၊ ဆယ်ပြန်ကုန်လီစီတည်း။ သုံးလုဆွီမြတ်ဘုရား၊ ရုပ်ပွါးသျှင်တော်၊ ဆင်းထုတော်ဟု၊ မြတ်ရာစေတီများကို၊ စောင့်ထိမ်းငြားနတ်တကာ၊ ကျွန့်မှာပြစ်မဲ့၊ မဟုတ်ပဲကို၊ တည့်တည့်ဖျက်ဆီးလာသား၊ လုမိစ္ဆာသင်ရို့အား၊ သေနပ်ကားမှန်၊ ဂါးသစ်ချွန်ဟု၊ ဒါးလှံလက်နက်အားဖြင့်၊ စွဲကိုင်ငြားတုံပြီးခါ၊ မှန်စွာမပျက်၊ အဆက်ဆက်ကို၊ ကျွန့်လက်နှင့်ပင်သာလျှင်၊ ဖန်ငါးရာသတ်ရကြောင်း၊ နတ်ပေါင်းရို့ထံ၊ နိမကျန်အောင်၊ အကျွန်ဆုယူတောင်း၏။ သျှင်နတ်ပေါင်းဖျက်ကြပါ၊ မဟာဗောဓိ၊ တုမဟိသည်၊ မုနိပလ္လင်တော်၌၊ မြဲမကွာဘေးရင်းဟပ်၊ စောင့်ကြပ်ရံကာ၊ ထိမ်းကြပါသည်၊ ဒေဂါသျှင်နတ်မြတ်ရို့၊ ကြားသိမှတ်တိုင်ဆိုကာ၊ (-----)၊ အလှမောင့်ကြင်ရာနှင့်၊ ခနသာကွဲရမည်ပါ။ ခုဆိုသည်လူ၊ ကျွန့်ရန်သူမှာ၊ ချစ်သူဟူသမျှနှင့်၊ ကင်းရလိမ္မည်သာတည့်။ သုံးလုမြတ်မွန်၊ ဟောကြားညွှန်သည်၊ ဓမ္မံမယွင်းပါတည်း၊ မြောက်ဟေမာရဂုံနတ်ရို့၊ တွိမှတ်ဖျက်ဆီးကာ၊ ထီးနန်းပြည်သာ၊ မင်းရာဇာနှင့်၊ ရပ်ရွာမြို့များစွာကို၊ စောင့်တုံပါနတ်ခပင်း၊ ဟေမဝန်တောင်၊ များသုံးထောင်ကို၊ ကုန်အောင်စိုးပိုင်လျှင်းသား၊ သျှင်နတ်မင်းသိပါလီစီ။ ဟိန္ဒီမျိုးဟူ၊ ကျွန့်ရန်သူကို၊ လုဘုံကျွန်းရပ်မြီက၊ နှင်ထုတ်လီရပ်တခြား၊ မယားသားညီ၊ သင့်မျိုးဆွီက၊ တော်သည်အားလုံးများလည်း၊ သီဆုံးငြားပြုန်းတီးကာ၊ လက်ကိုင်မရ၊ ခုခနတွင်၊ ကြီမွဖွဲနှင့်ပြာသို့၊ ပြုကာပင်မှန်မချွတ်၊ သုံးလုထွတ်ချာ၊ သာသနာကို၊ မြဲစွာထံပါးကပ်၍၊ စောင့်နီလတ်နတ်များစွာ၊ စွယ်တော်လေးချောင်း၊ ဆံတော်တွက်ရွီ၊ ကိုးကုဋ္ဌီနှင့်၊ ကိုးလီသွားတော်ပေါင်းကို၊ စောင့်တုံလျှောင်းနတ်တကာ၊ ကျွန်တော့်ရန်သူ၊ ထိုသည်သူကို၊ ရှာယူဖမ်းသတ်ပါလော့။ သင်ရို့မှာစုံတခု၊ ကောင်းမှုကုသိုလ်၊ နောင်ဖို့ဆို၍၊ လိုစီအကြောင်းပြုလည်း၊ မြီထုရွီသချ်ာ၊ နှစ်သိန်းသျှစ်သောင်း၊ မြီအပေါင်းကို၊ ထိမ်းကျောင်းစိုးအုပ်ပါသား၊ နတ်ဒေဂါသုန္ဒြီ၊ အညီအညွတ်၊ သင့်လှူဝတ်ကို၊ မချွတ်စောင့်ပစ်လီလော့။ များစုံစီသျှစ်စရွတ်၊ သုံးလုထွတ်ချာ၊ သမ္ဗုဒ္ဓာ၏၊ မြတ်စွာဘုရားဓါတ်ကို၊ စောင်ရံမှတ်နတ်ဒေဂါ၊ ဂိဇ္ဇာထိုရ်ရ၊ တောအောင်းကြသည်၊ မြတ်လှရသေ့ကျော်ရို့၊ စောင့်တုံပါနတ်ဒေဂ၊ ကျွန့်၏ရန်သူ၊ ထိုမျှလူကို၊ ရှာယူဖျက်ကြပါလော့။ နှစ်ရက်လဗီဇနာ၊ သျှစ်သောင်းလေးထောင်၊ အစောက်ဆောင်သည်၊ များမြောင်ကျမ်းပီစာနှင့်၊ သုံးပုံစာပိဋ္ဌကတ်၊ လေးရပ်ဗေဒင်၊ စောင့်ထိမ်းကျင်သည်၊ များဖျင်ထိုနတ်မြတ်ကို၊ ကျိမ်ဆိုမှတ်တိုင်တန်းကာ၊ ဗုဒ္ဓေပစ္စ၊ စိန္ဒေယျသည်၊ လုဘရို့မြတ်စွာနှင့်၊ ရီစံပျော်ဥပဂုတ်၊ မဂ္ဂဖလံ၊ သဃ်ာမွန်ကို၊ အကျွန်ရိုခတုတ်၍၊ သက်သီလုပ်ရှိခိုးကာ၊ ဟတ္တာစုပေါင်း၊ လက်ဆယ်ချောင်းကို၊ ပေါင်း၍လျှောက်ပန်ထွာ၏။ နတ်တကာမြတ်ရို့အား၊ ကြောင်းလျှားစိစုံ၊ တိုင်ကြားကုန်သည်၊ လုဘုံရပ်မြီသားလေး။

အပိုဒ် (၃၂)

သုံးခွင်ပိုင်စိုး၊ နတ်မျိုးရို့ကိုရှိခိုးကာ၊ နတ်ဒေဂါများသိန်းသောင်း၊ ရက္ခသာစည်၊ ရခိုင်ပြည်သို့၊ ပြန်လည်လားရကြောင်းကို၊ နတ်အပေါင်းကယ်မပါ။ သုံးဆွီလုဘ၊ မုနိန္ဒကို၊ ရိုခလျှောက်ပန်ထွာ၏။ သမ္ဗုဒ္ဓါသုံးလုထွတ်၊ ညှပ်ရိုးနှစ်ဖြာ၊ သွားစွယ်တော်ကို၊ စောင့်ကာသျှင်နတ်မြတ်နှင့်၊ သျှစ်စရွတ်သည် သွားတော်ပေါင်း၊ ဆံမြတ်တွက်ရွီ၊ ကိုးကုဋ္ဌီကို၊ ရောက်စီဆုပန်တောင်း၏။ သျှစ်သောင်းမြီးရင်တော်၊ သုံးပုံမည်မှတ်၊ ပိဋ္ဌကတ်ဟု၊ လေးရပ်ဗေဒင်စာနှင့်၊ (-----)၊ သျှစ်သောင်းလေးထောင်၊ အမြင့်ဆောင်သည်၊ မြင့်ခေါင်စေတီများကို၊ စောင့်တုံငြားနတ်တကာ၊ ရက္ခပူရ၊ မြို့ဓညဟု၊ ဌာနကိုယ့်မြို့ရွာသို့၊ ဆောင်ပို့ပါလျှင်တဆွ။ သတ္တရဘန်၊ တောင်ယုဂံဟု၊ တောင်ရံခုနှစ်ထပ်ကို၊ စောင့်တုံလတ်နတ်ဒေဂါ၊ မဟေသာရ၊ ဂရုဏနှင့်၊ ဗြဟ္ဓာအသူရာရို့၊ လက်ဆယ်ဖြာစုံစွာပေါင်း၊ သားဦးဘခင်၊ မျိုးအိမ်သျှင်နှင့်၊ တူပင်စံရကြောင်းကို၊ နတ်အပေါင်းကယ်မပါ။ အဌဂီသတိ၊ တုမဟိသည်၊ မုနိမြတ်ငါးဖြာနှင့်၊ ပစ္စေကာသျှင်ဗုဒ္ဓ၊ နက္ခတ္တဂြိုဟ်သတာ၊ စန္ဒရာသည်ကြယ်နီလကို၊ ဦးနှိမ်ချလျှောက်ဆိုတင်၊ နတ်သွင်ရုပ်တူ၊ ကျွန့်ကြင်သူသည်၊ အဖြူမျိုးအိမ်သျှင်နှင့်၊ စံပျော်ရွှင်တူတကွ၊ ပုတ္တစီတာ၊ သားချစ်စွာသည်၊ သဲချာရင်သွီးလှကို၊ ယုယကာနီရစီ။ လူ့ဆွီဘုရား၊ ရင့်ဆယ်ပါးနှင့်၊ နဖွားငါးရာလီကို၊ တိုင်တည်သည်နိမပြတ်၊ မိုးထက်အာကာ၊ ဝတ္တိသာဝယ်၊ စူဋ္ဌာမုနိဓါတ်နှင့်၊ ရသေ့မြတ်ထိုရ်ဂိဇ္ဇာ၊ တောကြီးကိုမှီ၊ တပသီဟု၊ ယောဂီမြတ်ရို့ကိုလည်း၊ တောင်းပန်ဆိုတုပ်ဝပ်စင်း၊ နိရိယေဟုတုံ၊ ငရဲဘုံကို၊ လုံးချုံပိုင်နှိပ်နင်းသား၊ ယမမင်းဖုတ်ပြိတ္တာ၊ ယက္ခာဘီလူး၊ မျှောင်ခြောက်ပူးသည်၊ နတ်ရူးဖုတ်မိစ္ဆာနှင့်၊ တထွေအိမ်စောင့်နတ်ရို့၊ ညီညွတ်ကြတုံပြီးခါ၊ တသကြိုးကုတ်၊ အကျွန်ုပ်ကို၊ ချွတ်နှုတ်ကယ်မပါလော့။၊ တိုင်တန်းကာလျှောက်ပန်ကြား၊ သျှစ်သောင်းလေးထောင်၊ နှစ်ပြန်ဆောင်သည်၊ မြင့်ခေါင်မြင့်မိုရ်ဖျား၌၊ စောင့်နီငြားနတ်တကာ၊ သီတာလေးစင်း၊ ကြီးကျယ်ခြင်းသည်၊ အိုင်မင်းခုနှစ်ဖြာနှင့်၊ မြစ်ကြီးသာသွယ်ငါးပါး၊ မြစ်ငယ်ငါးရာ၊ ချောင်းလဟာဟု၊ ဖြာဖြာမြစ်ငယ်များနှင့်၊ ကျွန်းလေးပါးကြီးမဟာ၊ ငယ်စွာဒီပ၊ နှစ်ထောင်မျှကို၊ စောင့်ကြနတ်တကာရို့၊ ကျွန့်ကိုသာလျှင်၊ ခုပင်လျှင်ဆွ၊ မိဘဌာနီ၊ ဓညမြီ၌၊ မျိုးဆွီထံရင်းစသို့၊ ဆောင်ယူကြပို့ကြပါ၊ ဆယ်ဖြာလက်ဖျား၊ ဂေါင်းထက်ထား၍၊ တိုင်ကြားလျှောက်ဆိုပါ၏။၊ ရီစံပျော်နဂါးမင်း၊ အစီရဝတီ၊

ခေါ်တွင်ညီသည်၊ မဟီမြစ်ခပင်းကို၊ စောင့်နီခြင်းမေခလာ၊ ပမာတူပြီး၊ နတ်သမီးသည်၊ ပြောင်ညီးသုဇတာနှင့်၊
သုနန္ဒာနတ်မေဃ၊ သူရဿတီ၊ သုန္ဒရီဟု၊ ဒေဂီနတ်မိမ္မရို့၊ မိတ္တမျှကူမပါ။ ထီးနန်းပြည်တော်၊ များရပ်ရွာကို၊
စိုးတုံပါသျှင်နတ်မင်း၊ အပြင်းယူဆောင်၊ ကျွန်ုပ်မောင်ကို၊ ရောက်အောင်မေ့ထံရင်းသို့၊ ပို့ပါလျှင်းလျှောက်ပန်ထွာ၊
နောင်လာသျှစ်သောင်း၊ ဘုရားလောင်းနှင့်၊ ရီကြောင်းကိန်းအောင်းပါသား၊ ရဟန္တာဥပဂုတ်၊ မဂ္ဂဖလံ၊ သံဃာမွန်ကို၊
အကျွန်ရိုတုတ်ခ၍၊ လက်ဦးချဂေါင်းတင်ချီ၊ စန္ဒြီမာသာ၊ နှစ်ကောဇာသည်၊ ဒိဏ္ဍာရက်တီထီကို၊ စောင့်ထိမ်းပြီးနတ်ဒေဂါ၊
ဟေဂန်သုံးဆောင်၊ လွန်များမြောင်သည်၊ မြင့်ခေါင်ပဗ္ဗတကို၊ စောင့်တုံကြနတ်တကာ၊ သက်လုံးမျှကြင်၊ ခြောက်ပြစ်စင်သည်၊
နတ်သွင်ထံရင်းမှာသို့၊ ခုပို့ပါကူညီကြ၊ အဆင်းရွှီတူ၊ မျိုးအိမ်သူသည်၊အဖြူမောင်နှမနှင့်၊ တူတကွစံလျှက်သာ၊ သဲချာနှစ်ပါး၊
သမီးသားကို၊ နံပါးထားပြီးခါမှ၊ တိုင်းရက္ခာကိုယ့်ဌာန၊ နှမနှင့်မောင်၊ ပြည်တည်ထောင်၍၊ အိုအောင်မယွင်းခွဘဲ၊ နီထိုင်ကြရပါစီ။
လက်ရွှီဦးထား၊ ကျွန်လျှောက်ငြား၍၊ နတ်အားတိုင်ကြားချီ၏။ အောက်ရပ်မြီဘုမ္မစိုး၊ တန်ခိုးပြင်းထန်၊ ကြီးမားသန်သည်၊
နတ်မွန်ပိဿနိုးနှင့်၊ ရုက္ခစိုးနတ်များစွာ၊ သဒ္ဓါကြိုးကုတ်၊ အကျွန်ုပ်ကို၊ ချွတ်နှုတ်ကယ်မပါလော့။ နတ်ခြောက်ရာတုဘက်ကင်း၊
တန်ခိုးပြင်းထိန်၊ အသူရိန်ဟု၊ ဒေဂိန်ထိုနတ်မင်းနှင့်၊ မာန်နတ်မင်းကိန္နရာ၊ ပရမီသွာရ၊ နတ်ဒေဂဟု၊ ဂဿဂရောသာတည်း။
ချစ်သဒ္ဓါမိတ္တာငှ၊ ရှိဂတ်လည်းဆူ၊ ဤအပူကို၊ ကယ်ယူချွတ်နှုတ်ကြ၍၊ ကျွန့်ဌာနကိုယ့်ရပ်ရွာ၊ ကြင်ရာသက်ထား၊
သားမယားနှင့်၊ နီငြားတိုင်းရက္ခာသို့၊ ပို့ဆောင်ပါကျွန့်ကိုတည်း။ မြင့်မိုရ်ထိပ်ချာ၊ ဂတ္တိသာက၊ ဂ္ဂနွာသိကြားကြည့်လော့။
ပတ်ကာလှည့်ဖလ်စက္ကြာ၊ လေးကျွန်းရောင်ချင်း၊ စက်ဟိန်ပြင်းသည်၊ နီမင်းသူရိယာနှင့်၊ လီဂေါယောမိုးနတ်သား၊ ပဉ္စခန္ဓာ၊
လူတကာကို၊ စောင့်ရာသျှင်နတ်များရို့၊ ချစ်သနားကယ်မပါ။ အာကာသစိုး၊ ကျော်ဟိန့်ကြိုးသည်၊ နတ်မျိုးရို့တကာနှင့်၊
နတ်မဟာခြောက်ဘုံထွတ်၊ ဗြဟ္မာနှစ်ဆယ်၊ မဂ်လေးသွယ်ကို၊ စောင့်ပေသျှင်နတ်မြတ်ရို့၊ ညီညာကြတုံပြီးခါ၊ ပူဆာဆင်းရဲ၊
ဤဂင်္ဇုဖီးက၊ ချွတ်၍ကယ်တင်ပါလော့။ သားပုတ္တစီတရံ၊ အလှနတ်သွင်၊ ရာသက်ကြင်သည်၊ မျိုးသျှင်ထံရင်းစသို့၊
ပို့ကြပါလျှောက်ဦးတင်၊ ပလ'င်ရက္ခိ၊ တုမဟိသည်၊ ဗောဓိပြိုင်ညောင်ပင်၌၊ စောင့်ထိမ်းကျင်ရံခပင်း၊ ရက္ခဂ္ဂမှာန်၊
တန်ခိုးသန်သည်၊ နတ်မွန်ဂဋ္ဌန်မင်းနှင့်၊ တိုင်းရက္ခာမြို့ဓည၊ စောင့်ကြတုံပါ၊ (----)၊ ဒေဂါမြောက်ဦးစသား၊
နတ်ဆယ်ဂရင်ရဲကန်၊ လက်ပံဂသဲ၊ တန်ခိုးကဲသည်၊ ရီထဲနတ်မြတ်မွန်နှင့်၊ တဖန်နတ်မယူသျှင်၊ ယောငုံမုံကျား၊
ကျော်ထင်ရှားသည်၊ ဗုဒ္ဓေါဇိနဟူသား၊ ရာထောင်မူနတ်ပေါင်းသား၊ တခြားနတ်တကာ၊ သုံးဆယ့်တဘုံ၊ စောင့်ကြပ်တုံသည်၊
အကုန်နတ်များစွာနှင့်၊ သုံးလုချာမြတ်ဘုရား၊ ကိုယ်စားတူပြီး၊ မဟာထီးကို၊ ဦးနှိမ်ထိပ်ထက်ထား၍၊ ရှိထံပါးလက်ဆယ်ဖြာ၊
ပူဇော်ရိုညွတ်၊ နိမပြတ်လျှင်၊ တိုင်မှတ်လျှောက်ဆိုကျင်သည်၊ သုံးခွင်ရပ်ဆီအားလေး။

အပိုဒ် (၃၃)
သုံးခွင်နတ်အား၊ ဦးထိပ်ထား၍တိုင်ကြားကာ၊ နတ်ဒေဂါများသိန်းသောင်း၊ နတ်ပေါင်းတကာ၊ သားပမာသို့၊
မိတ္တာဂီငှလောင်းလျှက်၊ နတ်အပေါင်းမင်းရာဇာ၊ စစ်မီးရာထိုခန၊ ဆံမျှင်တမ္ဘာ၊ ကျွန်ုပ်မှာလည်း၊ ပြစ်သာမဟိကြ၍၊
မိန့်တော်ဟလွှတ်ပြီးခါ၊ လွန်စွာတဆွ၊ မကြာရဘဲ၊ ဌာနတိုင်းရပ်ရွာသို့၊ ပြန်လားခါအကြောင်းရင်း၊ အမိန့်တော်စာ၊ ကျွန်ုပ်မှာသို့၊
အာဏာရွီး၍ပီးက၊ မြတ်လေးဦးတင်ကာ၊ ရက္ခသာစည်၊ ရခိုင်ပြည်သို့၊ ပြန်လည်လားကြခါလျှင်၊ လွန်ဂမ်းသာရွှင်အားရ၊
အလှမောင်သာ၊ လှီနာဂါ၌၊ လျှင်စွာစီးတက်ကြ၍၊ ကျူးသံမြမောင်းခရာ၊ ဗုံသာလင်းခွင်း၊ စည်မောင်းညှင်းသည်၊
သာခြင်းဧကဗျာနှင့်၊ တီးမှုတ်ကာတသောသော၊ ကျယ်လှကြီးစွာ၊ မြစ်ဂင်္ဂါကို၊ နောက်မှာပါယ်လှပ်ထား၍၊
ရွှင်ပျော်ပါးစားသောက်ကာ၊ ကြော်ငြာဟစ်ဟဲ၊ တသဲသဲသည်၊ အောင်ပွဲခံကာကာနှင့်၊ ဖြားသင့်ရာလီသင့်လိုက်၊ သမုဒ္ဒရာ၊
ယုမုန္နာဟု၊ သီတာပင်လယ်မြစ်ကို၊ ရွက်ဖြူတိုက်ကူးခတ်ကာ၊ လှိုင်းယက်လည်းဟူ၊ ရီများဆူ၍၊ ဦးဖြူဆောင်းကာကာတည်း။
တောင်ပမာလှိုင်းကြီးထ၊ ကမ်းကိုမမြင်၊ ကျယ်ဂန်းကျင်သည်၊ မြစ်ခွင်ပင်လယ်မ၌၊ (-----)၊ မဲနယ်ဟုဆို၊ စိမ်းစိမ်းညိုသည်၊
မြစ်ကိုမဲနက်ပါ၏။ ကြည့်ခီသော်ကြောက်ဖွယ်တည်း။ ငါးကြီးငါးဆင်၊ ငါးမန်းကျင်လည်း၊ များဖျင်အပုံဟိနှင့်၊ ရွှင့်တုံပြီးလာကြခါ၊
ရက္ခပူရ၊ မြို့ဓည၏၊ ဒေသနယ်ဂင်လာက၊ ရီရို့မှာဖြူဆွဆွ၊ ဆီးနှင်းစုံစီ၊ မှိုင်းမှိုင်းဂီသည်၊ တောင်ခြီကမ်းနားစကို၊
မြင်လတ်ကြတုံသောခါ၊ ဂမ်းသာအားရ၊ စားသောက်ကြ၍၊ လျှင်ဆွခတ်လာပါက၊ မြေငုံမှာဆံတော်ဓါတ်၊ အဂီးကပင်၊
မှိုင်းမှိုင်းမြင်သော်၊ ကျွန်လျှင်ရိုခညွတ်၍၊ ပူဇော်မှတ်တုံသောခါ၊ သောင်းသောင်းထိမ့်ဆူ၊ ဖွေးဖွေးဖြူသည်၊
နတ်လူသာထုခေါ်၏။ ဖြားရီပေါ် ရွက်ဖြန့်တိုက်၊ မြေငုံဟုခေါ်၊ ထိုကျွန်းမော်ကို၊ ဟစ်ကြော်လီသင့်လိုက်၍၊ ပတ်ခါရစ်ခတ်ကြခါ၊
အင်းဂဟူတုံ၊ ထိုသဲခုံကို၊ ဖြားဆုံဂင်ကြပါ၍၊ ခုံဂမှာကျွန်းအလွတ်၊ နာမခေါ်ဆောင်၊ လီသျှိုင်းတောင်ကို၊
နံမျှောင်ဖယ်ခလွှတ်လျှက်၊ ကြော်ငြာကြခတ်လာခါ၊ ရှုကာမျှော်လျှက်၊ လက်ဂဲဖက်ကို၊ တချက်ကြည့်ခီပါက၊
မြို့စစ်တွေမှာအဓိသ်မှတ်၊ အာကျိပ်တော်လျှင်၊ ငါးမည်စင်သည်၊ သျှင်ပင်ဘုရားဓါတ်နှင့်၊ ဗုဒ္ဓေါနတ်ရို့ကိုသာ၊ အဆင်းရွှီရောင်၊
ဂင်းဂင်းပြောင်သည်၊ မေ့မောင်မြင်ပါလတ်က၊ ဦးနှိမ်ချရို့ညွတ်ခါ၊ ဖြီးချပ်ခေါ်ဆောင်၊ ပွဲကြည့်တောင်ဟု၊ မြင့်ခေါင်ပဗ္ဗတ၏၊
ဗွေထိပ်မအလယ်ပေါ်၊ မုတ်ဆိတ်တော်ဓါတ်၊ သျှင်တော်မြတ်ကို၊ တန့်ရပ်ရှိဂယ်မျှော်က၊ ရှိပူဇော်ရိုညွတ်တွား၊ လက်ဂဲဖက်မှာ၊

မြို့ချမ်းသာကို၊ မျှော်ကာကြည့်လတ်ငြားက၊ ဘုရားကျောင်းစေတီသာ၊ ဇင်းခါယူမှန်း၊ စီးကြောင်းလမ်းနှင့်၊
ဆိပ်ကမ်းတန်းထားမှာလည်း၊ အုံ့ဖွယ်သာရှိမရ၊ ဆိုင်နှင့်ဒုက္ခ၊ အိမ်ဝိမှာန်လည်း၊ ကြက်ပျံပင်မကျတည်း။
ရောင်းဂယ်ကြများလူသျှင်၊ (-----)၊ ဖွေးဖွေးဖြူသည်၊ ပြည်သူများဗိုလ်ပါနှင့်၊ ကျွန်ပ်သာစိုက်ပျိုးငြား၊ ကွမ်းသီးအုံးပင်၊ ပိန္နဲပင်ဟု၊
ထန်းပင်သရက်များနှင့်၊ လွန်ဆန်းပြားသစ်တကာ၊ ဗိမှာန်သာမော၊ ဥယျာဉ်တောကို၊ ထင်ရှားမြင်လတ်ပါက၊
ရွှင်ဂမ်းသာလွန်အားရ၊ ဌာနရပ်ရွာ၊ မြို့ချမ်းသာသည်၊ အိမ်မှာဆိုက်ရောက်ကြ၏။ ကျောက်ချကြတုံ့ပြီးခါ၊ အလျှင်တဆွ၊
မောင်အလုကား၊ ချီကြွတက်လတ်ပါလျှက်၊ မေ့ထံမှာရောက်လတ်က၊ နှမချစ်စွာ၊ မောင့်ကြင်ရာသည်၊ သူဇာမနော်မသို့၊
ရိုတုတ်ကွမောင့်ထံမှာ၊ ထိုင်ကြဂန်းရုံ၊ ခြီတော်ခုံကို၊ ယူတုံကိုင်မပါလျှက်၊ ဂေါင်းထက်မှာယှက်တင်ထား၊ ဂတ်တွားရိုသေ၊
ကန်တော့ပေသည်၊ ရှုဖွယ်နတ်မပြားတည်း။ ဖြူညွတ်တွားဆင်းကလျှာ၊ ဆီးလိပ်ကွမ်းယာ၊ အဖြာဖြာကို၊ ထိုခါပီးကမ်းလာ၍၊
ကျွန်ပ်မှာလူချစ်ရီး၊ နှမသူဇာ၊ လှကလျှာက၊ ရှိရင်ကျူးရ၍မွီးသား၊ ချစ်သားကြီးမောင်ရဲဘော်၊ ကြာဇံသမီး၊ ရှုမငြီးရို့၊
လျှင်ပြီးခုန်ကာလာ၍၊ မွီးဘသာထံရင်းပါး၊ ချစ်သဲဟူသည်၊ သားနှစ်ထွေရို့၊ ဖက်လိုင်ဆွဲလာငြား၏။ မျိုးဆွီသားညာတိကာ၊
ပြည်သားရွှာသူ၊ ဖွေးဖွေးဖြူမှု၊ သျှင်လူများတကာလည်း၊ ရောက်ပေလာမောင်ကစ၊ ပုတီးမိတ္တာ၊ ဘာဂနာကို၊
များစွာသွန်းလောင်းကြ၍၊ ဦးလျှင်ချကန်တော့ခါ၊ အဖူးလက်ဆောင်၊ သိန်းသောင်းထောင်ဟု၊ များမြောင်ပီးဆက်လာ၏။
နတ်သြဇာချီမယွင်း၊ ဖွီးခြင်းကြိုင်စွာ၊ အရသာသည်၊ ဂဏ္ဍာနို့ထမင်းဟု၊ ငါးဟင်းများတကာ၊ များစွာချက်ပြီး၊ သားသမီးနှင့်၊
မည်းဂန်းရံကာလျှက်၊ စားသောက်ခါတသောသော၊ ဖော်များခြံရံ၊ ပျော်မြူးစံသည်၊ မေ့ထံတော်ရင်းပါးလေး။

အပိုဒ် (၃၄)
သုဂန္ဓာပူရ၊ အယုဇ္ဈသည်ရမ္ဘာသာ၊ တိုင်းရက္ခာမြို့ခည၊ ဗုဒ္ဓလေးဆူ၊ ပွင့်တော်မူသည်၊ လွယ်ကူဗျာဒိတ်ရသား၊ ဂစ္ဆပနဒီ၊
ရှိသီအနောက်ဖက်၌၊ ထီးနန်းဆက်သည်၊ မပျက်အလီလီတည်း။ ပြည်ပူရီမည်သမှဒ်၊ ဒွေးဒသဟာ၊ မြို့နှစ်ရာတွင်၊
မှန်စွာနှစ်မျိုးဟုတ်သား၊ တည်ထောင်လုပ်ထိုစိုင်ခါ၊ စစ်တွေဒေသ၊ နဂရဟု၊ ရက္ခတိုင်းရပ်ရွာ၌၊ လူများစွာရွှင်ပျော်ပါး၊
မြို့ကစစ်တွေ၊ တိုင်းရပ်ပြည်တွင်၊ ကြင်သွယ်ငယ်မျောက်သားနှင့်၊ တူပျော်ပါးမောင်နှံစုံ၊ ရင်သွီးသဲကြား၊ သမီးသားကို၊
ရွက်ငြားချီမိုးရုံ၍၊ သလွန်ဘုံညောင်စောင်းထက်၊ နီလျှက်သာရှင်၊ ဆွဲရစ်ကြင်သည်၊ ပုံသွင်ဌက်ဟသ်ံသို့၊
လွန်နှစ်သက်ချစ်နှစ်ဖြာ၊ သဲချာဟူပြီး၊ သားအကြီးကို၊ ရည်မှီးနိဗ္ဗာန်ဌာလျှင်၊ သံသရာဖို့အကြောင်း၊ သျှင်သာမဏော၊
ပြုတုံပေသည်၊ များထွေလူသိန်းသောင်းနှင့်။ သဃ်ာပေါင်းလူများဖျင်၊ ကြည်လင်ရှင်လန်း၊ ရိုစင်ဖြန်း၍၊
ထူးဆန်းသဘင်ဆင်လျှက်၊ တီးမှုတ်ကျင်တသောင်းသောင်း၊ စည်မောင်းခရာ၊ ဗောဒုဗ္ဗာသည်၊ သံသာတညောင်းညောင်းနှင့်၊
ဆွမ်းလောင်းလှူဒါန်းကာ၊ ကျွန်မှာသက်စု၊ သားမောင်ပုကို၊ သျှင်ပြုပီးလှူပါက၊ နတ်တကာသျှင်လူများ၊ ကောင်းချီးပျော်ပျော်၊
သာထုခေါ်သည်၊ နှမ့်ကျော်တိုင်းလုံးကြား၏။ ရှင်ပျော်ပါးလွန်ဂမ်းသာ၊ မိတ္တာဆပွား၊ ရပ်လုံးသားရို့၊ သနားဂရုဏာနှင့်၊
ရိုညွတ်ခါ ကိုယ်နှစ်ပါး၊ ချီကြွလက်ကိုင်၊ နံချင်းယှဉ်၍၊ တူပြိုင်မပြတ်လားလျှက်၊ ဥယျာဉ်တောလှည့်လည်ကာ၊ ရာမချရား၊
ပန်းစံကားသည်၊ ဆပ်သွားဇီသဂါနှင့်၊ ကြွက်နားသာပန်းထင်ရှား၊ ဒေါနအီးလိုင်၊ ဖွီးပျံ့ကြိုင်သည်၊ သီးခိုင်ပန်းများစွာကို၊
ရွီးချယ်ငြားကြိုက်ရာရာ၊ မောင်သာကိုင်ညွှတ်၊ မေကဆွတ်၍၊ မပြတ်နိတိုင်းသာလျှင်၊ ကုံးသီကာတူတက္ခ၊ နှမနှင့်မောင်၊
ချစ်ပန်းဆောင်၍၊ ဦးသျှောင်ဂေါင်းပြည့်မျှလျှက်၊ ဖလဲ့ကာဆောင်းလျှက်သား၊ ဘုံညီညောင်းစောင်း၊ သလွန်ကောင်းမှာ၊
လဲလျှောင်းတူစုံသာလျှင်၊ ဖော်များစွာခြံရံကြ၊ ဇေယျမင်္ဂလံ၊ အောင်ပွဲခံသည်၊ ဗုံသံတမြည်နှင့်၊ ဆင်ဂတ်ကြတူတန်းဆာ၊
ကြင်ရာသက်ထား၊ သားမယားနှင့်၊ ပျော်ပါးနီခြင်းရာကို၊ မြို့ရမ္ဘာကျွန်းမေခ၊ ဒွါရဂတီ၊ ငါးအင်ညီသည်၊ ပူရီမြို့ခည၊
တိုင်းရက္ခကိုယ့်ရပ်ရွာ၊ ကြော်ငြာသတင်း၊ ပြည်လုံးချင်းသည်၊ မကြွင်းကြားနမ့်ပါ၏။ မြို့ချမ်းသာနဂါရ၊ နီကြပါသည်၊
လှူဒါရှိပုညလေး။

အပိုဒ် (၃၅)
ပုညလှူဆောင်၊ မေနှင့်မောင်သည်အိုအောင်သာ၊ ဆံတမ္ဘာမယွင်းခွ၊ သားလှသဲချာ၊ ချစ်လှစွာကို၊ ရှိကသံသရာတည်း။
ချီလားကြကြီစည်ကာ၊ ရထားဆင်မြင်း၊ ယာဉ်ခပင်းကို၊ စီးနင်းဆောင်ယူပါ၍၊ မောင့်ကြင်ရာသက်လုံးမျှ၊ ခြောက်ပြစ်လွတ်စင်၊
နတ်အသွင်သို့၊ ငါးအင်ညီညွတ်လှသား၊ အသခနတ်မနော်၊ သူဇာမပြား၊ ပမာလားသို့၊ နတ္ထားဆင်းရုပ်ဂါတည်း။
မေသဲချာငယ်မျောက်သား၊ လက်ဖျားကိုင်ယူ၊ ချီကြွထူ၍၊ အတူနံပါးထားလျှက်၊ သမီးသားပွားများစွာ၊ ဂနားကာခြံရံ၊
ဖောင်လှီပျံနှင့်၊ လျှင်မြန်စီးတက်ပါ၍၊ တူရိယာစည်စောင်းညှင်း၊ သာခြင်းကဗျာ၊ မောင်းဒုပ္ပါနှင့်၊ ခရာတုံလင်းခွင်းကို၊
ညံမကင်းတီးမှုတ်ကာ၊ နဒီမည်ရ၊ ဂစ္ဆပကို၊ ဆန်ကြွခတ်လားပါက၊ လက်ဝဲမှာဆတ်ရိုးကျ၊ မင်းကန်ပလီ၊ ကျွန်းငပြိုကို၊
နောက်ဆီပါယ်လွန်ခ၍၊ သုံးလုဘမြတ်မွီတော်၊ ဦးရစ်တော်ဓါတ်၊ စေတီမြတ်ကို၊ တရပ်ရှိဂယ်မျှော်ကာ၊ ရှိပူဇော်ရိုညွတ်ခ၊
ဖြားလည်းတက်ထွေ၊ လီသင့်ပေ၍၊ ခတ်လေတုံ့ပြီးမှလျှင်၊ ရပ်ဒေသပြားကျွန်းသာ၊ လက်ပံပြားမော်၊ ကျွန်းခရော်ဟု၊

ဟစ်အော်သောင်းသောင်းငြာ၍၊ မောင်းခရာဝုံလင်းခွင်း၊ သာခြင်းဇသံ၊ တီးမှုတ်ပြန်သည်၊ ရွှီကျံလှီဝင်းဝင်းနှင့်၊
လှီတက်ခြင်းဆိုကာကာ၊ ဝမ်းသာပျော်ပါး၊ ခွီရံများနှင့်၊ သောက်စားတက်လားပါက၊ လက်ဝဲမှာကုလားပုန်း၊ ကျွန်းလုံးပတ်လွန်၊
ရွာဆင်ခြံကို၊ ကျူးလွန်ပါယ်လတ်တုံမှ၊ တအုံးအုံးခတ်ကြခါ၊ သူငယ်တော်ကျွန်း၊ ကျွဲခြံကမ်းကို၊ ဖြောင့်တန်းခတ်လားပါလျှက်၊
မင်းကန်သာဝင်လီမြောက်၊ စိမ်းမြည်ရောင်၊ ငါးခူးတောင်ကို၊ မေ့မောင်နိချင်းရောက်က၊ ပန်းပေါက်ပေါက်စွဲကိုင်ကာ၊
ကြင်ရာမျောက်သား၊ ငယ်မယားနှင့်၊ ချီကြွတက်လားပါက၊ မြတ်သျှင်တော်ငါးခူဓါတ်၊ များများမကွာ၊ တတိုင်သာတွင်၊
ပါးတော်စေတီမြတ်ကို၊ ပူဇော်ညွှတ်တုံပြီးခါ၊ သေလာတလျှောက်၊ ဖြားရီရောက်သော်၊ ဝမ်းမြောက်ရွှင်မြူးကာနှင့်၊
ရီထဲသာနဒီမြစ်၊ ကူးလိုက်ခတ်ကာ၊ ရှိပြုပွါဝယ်၊ ကျွန်းမှာဌာနဖြစ်သား၊ ဟုတ်စင်စစ်ယုဂံချောင်၊ ကျိန်းတောင်ညိုညို၊
ရွှန်းစိုစိုသည်၊ မိုမိုထွတ်မြင့်ခေါင်၌၊ သုံးလုဘောင်နှိုင်းတုလွတ်၊ ဓမ္မသဘင်၊ ကျိန်းတော်ရှင်သည်၊ သျှင်ပင်စေတီမြတ်ကို၊
မျှော်မြင်လတ်တုံသောခါ၊ သဒ္ဓါပီတိ၊ ဂွမ်းဆီထိသို့၊ ပီဘိမြင်ကြခါမှ၊ ချစ်နှစ်ဖြာမောင်နှမ၊ ဟတ္တဆယ်ဖြာ၊ ပဒုံကြာကို၊
ဂေါင်းမှာတင်ထားကြလျှက်၊ ဦးနှိမ်ချရိုညွှတ်ကာ၊ ကျွန်းသာလှီထက်၊ မြစ်တဖက်က၊ နှစ်သက်ရှိပူဇော်၍၊ တီးမှုတ်ကာခွီရံပေါင်း၊
ဒေသဌာနီ၊ ကြက်သရီဟု၊ ရွာမြီထိုသည်ချောင်းကို၊ တသောင်းသောင်းဟစ်ကြော်ငြာ၊ လျှင်စွာခတ်မြောက်၊
အိမ်တော်ရောက်က၊ ချောက်ချောက်ကျွန်းလုံးကျော်၏။ ရွှင်ဝမ်းသာသျှင်လူများ၊ ဆွီသားညာတကာ၊ မောင့်ထံမှာ၌၊
များစွာရောက်လာငြား၍၊ သွန်းလောင်းချဘာဝနာ၊ မိတ္တာဖြောင့်မှတ်၊ ရိုခညွတ်လျှက်၊ လုပ်ဝပ်ရှိခိုးလာ၏။
ဖူးဘဏ္ဍာဆက်သွင်းကြ၊ ဒါနဒီနံ၊ နိမကျန်အောင်၊ ညံညံအောင်ပွဲပြလျှက်၊ ပြည့်စုံထငါးအင်ညီ၊ ဝတ္တိမည်မှန်း၊
ကျိန်းမြို့ကျွန်းဝယ်၊ မီးပန်းများစုံစီကို၊ ကြည့်တုံပြီမောင်နှမ၊ နီကြပါသည်၊ ကျိန်းသာနာဂရလေး။

အပိုဒ် (၃၆)
နဂရပူရံ၊ တောင်ယုဂန်သည်နောက်မှန်သာ၊ ထိုရပ်ရွာကျိန်းဒေသ၊ စိမ်းမြည်ရောင်၊ ကျိန်းမြင့်တောင်သည်၊ မြင့်ခေါင်ပဗ္ဗတကို၊
ကြည့်ခီကြတုံသောခါ၊ သြဇာနရွဲ၊ ပင်ပိန္ဒဲနှင့်၊ ခမောင်းထောက်ကြာ၊ တောဗလာသည်၊ ဖာလာသစ်မှင်တောင်းနှင့်၊
ကြသောင်းဝါးကြခတ်သာ၊ မညင်းမှင်းကူ၊ သီးပွင့်ဟူသည်၊ ထန်းမူပိတ္တကာတည်း။ နန္ဒြာပင်မျောက်လှုပ်၊ သစ်ပုတ်နွယ်ချို၊
ဇာတိဖိုဟု၊ ရှောက်ချိုချဉ်သပြုတ်နှင့်၊ သစ်ခလုတ်လက်ပံသာ၊ တမာရင်ခတ်၊ သစ်ကဝတ်သည်၊ သပွတ်သံဖရာတည်း။
မကျည်းသားအုံးလေညှင်း၊ ဒူးရင်းသပြီ၊ ပင်ညောင်ရီနှင့်၊ များထွီသစ်အညင်းတည်း။ သစ်ပင်ချင်းစိုင်ကာကာ၊ သစ်ကနစိုး၊
သစ်ကတိုးဟု၊ ရဲရိုးပိတောက်မှာလည်း၊ ပွင့်ငုံအာလွန်ဆန်းပြား၊ သျှသျှားပြိုင်းစင်၊ ပြိုင်းကန်းကျင်ဟု၊ ပီပင်သဖန်းများနှင့်၊
ပင်ဆောင်းရှား သီးချိုချဉ်၊ ညောင်ချဉ်ဗောထီး၊ ချိုလှအီးသည်၊ ဓနိရီအုံးစသား။ အသီးခိုင်အလွန်လှ၊ ဝရစ်လွန်ပင်၊ နပျိုးပင်ဟု၊
ခေါ်တွင်ဝချိုင့်စသား၊ ချိုအီးမြသီးတကာ၊ သီးကပွားပုံ၊ ပင်မျိုးစုံသည်၊ ရဂုံပပ္ပတတည်း။ ရှုခီသော်စားဖွယ်တည်း၊ ပွင့်သီးတကာ၊
ပင်ရို့မှာလည်း၊ ယှဉ်ကာအကုန်ညှိသို့၊ သီးပွင့်ဖြာဖြာ၊ ရာသီဥတု၊ ချိန်ကိုလု၍၊ မျှော်ရှုမင့်ပါတည်း။ သုံးလုချာမြတ်ဘုရား၊
ကိုယ်စားဓါတ်လျှင်၊ ကျိန်းတော်ရှင်သည်၊ သျှင်ပင်တန်းခိုးအားကြောင့်၊ သီးပွင့်ငြားပင်တကာ၊ သူတော်အလောင်း၊
နီဖွယ်ကောင်းသည်၊ ချမ်းဆောင်းရိပ်သာယာနှင့်၊ မျိုးလေးဖြာသျှင်လူများ၊ ရောက်ငြားပျော်ရွှင်၊ ကိုယ့်ရပ်ခွင်ကို၊
ပြန်ချင်ပင်မဟိငြားတည်း။ လွန်ဆန်းပြားများသျှင်လူ၊ ရီမူသောက်ချိုး၊ အီးမြနိုးသည်၊ သွီးရိုးနို့နှင့်တူ၏။ နှိုင်းခိုင်းယူဂန္ဓဗ္ဗ၊
စိတ္တရကေလာ၊ ကုသိန္ဒာဟု၊ ပမာယွင်းခွတည်း။ ရွှင်လန်းကြလူတကာ၊ ပန်းနံ့သာလိမ်းကျံငြား၊ ဝတ်စားတန်းဆာ၊
ကြိုက်သည့်ငှာကို၊ ယူကာဆင်ဝတ်စား၍၊ လင်မယားမောင်နှံစုံ၊ သားနှင့်သမီး၊ ချစ်မညီးကို၊ ပွေ့ပြီးချီရွက်တုံလျှက်၊
များဗိုလ်ပုံတသောသော၊ လှီပွဲကျင်ကျင်၊ ပျော်မှုဆင်သည်၊ သဘင်လက်ပွဲများကို၊ ရှုကြည့်ငြားတုံသောခါ၊ ပိတောက်ပန်းမှာန်၊
ထီးတင်းခွန်နှင့်၊ ကျောင်းကန်လားကြပါလျှက်၊ လူများဖျင်ရီကစား၊ သောင်းကျွန်းဇမ္ဗူ၊ မြရိပ်ငူဝယ်၊ ထိမ့်ဆူကျော်နှမ့်ကြား၏။
ဖျိုးကြွယ်ပွားရတနာ၊ လိုရာသမျှ၊ ချင်တိုင်းရသည်၊ မာယဝတ္တိသာသို့၊ ပြည့်စုံစွာလွန်ဆန်းပြား၊ မြောက်ခွင်ရင်မှာ၊ ပဒေသာတွင်၊
ဆွတ်ကာယူ၍စားသို့၊ ရွှင်ပျော်ပါးကျိန်းမြို့မြီ၊ ဘုမ္မိနက်သန်၊ မြီမျိုးမှန်သည်၊ ဂါမံကြက်သရီနှင့်၊ မျိုးကြင်ဆွီမေအလှ၊ နှမချစ်စွာ၊
ဆင်းကလျှာနှင့်၊ လှူဒါပီးစွန့်ငှလျှက်၊ နောက်ပုညနောင်သံသာ၊ ဆံမွှာမပြား၊ တူနှစ်ပါးသည်၊ ဖြစ်ငြားရလိုပါဟု၊ သမ္ဗုဒ္ဓါစိန္ဒေယျ၊
လူ့ဘချစ်သျှင်၊ ကျိန်းတော်ရှင်သည်၊ ဓါတ်လျှင်ရှိမုဒ်ဝ၌၊ ဦးနှိမ်ချပန်းပွင့်တင်၊ ကြည်လင်ရွှင်လန်း၊ ရွှီသင်္ကန်းကို၊
ရက်ကန်းကပ်လှူကျင်လျှက်၊ နိတိုင်းပင်ရက်မပြတ်၊ ဒါနကုသိုလ်၊ မဂ်ဖိုလ်လိုရှ်၊ ကြည်ညိုအလှူဝတ်ကို၊ ပီးစောင့်မှတ်မောင်နှံစုံ၊
ရပ်ဘုံနဂရ၊ ကျိန်းဒေသဝယ်၊ သုခလွန်ပွါးပုံနှင့်၊ ပျော်ရွှင်တုံမောင်နှမ၊ နီကြပါသည်၊ ရပ်ရွာကိုယ့်ဌာနလေး။

အပိုဒ် (၃၇)
ဌာနကြက်သရီ၊ ကျိန်းမြို့မြီသည်အံ့ဘွယ်သာ၊ ညာတိကာမိနှင့်ဘ၊ အလှနတ်သွင်၊ ရာသက်ကြင်သည်၊
ယင်းတွင်ဖွားမြော်ကြ၏။ ထိုဒေသတောင်ကိုပေ၊ ကျွန့်မှာသက်ထား၊ ငယ်မျောက်သားနှင့်၊ ချီလားကြည့်လည်ပါက၊
အံ့သြဖွယ်လွန်ဆန်းပြား၊ သီးကားပွားပုံ၊ ပန်းမျိုးစုံသည်၊ ရဂုံထိုတောင်ဖျား၌၊ ဆပ်သွားဖူးအဝေယာ၊ ကြိုင်စွာကျက်ရုံး၊

သီးမျှော်ကုံးသည်၊ ဂမုံးကြိုင်အီးစွာနှင့်၊ ပန်းနော်နာပန်းထင်ရှား၊ ကွမ်းဖဲဆင်းဂီ၊ ငုံးရွှီပန်းချရားနှင့်၊ ပန်းဒေါနချပ်တရာ၊ ခဂါထိုပန်း၊ ပွင့်နီလွန်းသည်၊ ခေါက်ရမ်းဇီသဂါနှင့်၊ ပန်းရွှီကြာမိုးစီပန်း၊ နှင်းပန်းသရဖီ၊ ဇော်ဂျီသည်ပန်းစံကား၊ ပန်းဒေါနသည်၊ ထူးစွကောက်စရီနှင့်၊ ပန်းနှင်းဇီအင်္ဂရင်း၊ ပုန်းညှင်းရွှီတူ၊ မဥ္ဇူပန်းခပင်းရို့၊ အပင်ချင်းမှီကာကာ၊ ရမာငုံးပန်း၊ ကြိုင်အီးချမ်းသည်၊ မွှီးလွန်းစလတ္တာနှင့်၊ ပင်မြင့်မှာသဇင်ပန်း၊ မြိုင်ပန်းလည်းဟူ၊ မအူညှာစိမ်းပန်းတည်း။ ပေါက်ပန်းပွင့်ဖြူအနီ၊ စုံစိမရိုး၊ ပန်းတမျိုးသည်၊ မညှိုးပွင့်ဂီဂီနှင့်၊ ကြာနီသည်ပန်းမြစ်ကိုင်း၊ ပင်တိုင်းသာကြည်၊ ပန်းစပယ်ဟု၊ ပွင့်သည်ဖြူမှိုင်းမှိုင်းတည်း။ ပန်းမြင်တိုင်းရှုဖွယ်သာ၊ မဟာလှေက၊ မြတ်လေးစသည်၊ ဖြူဆွပဒုံကြာနှင့်၊ ကြွက်နားသာပန်းခဂဲ၊ ပန်းရင်းများဟူ၊ မွှီးပျံ့ကြူသည်၊ ကြာဖြူစွယ်တော်ပန်းတည်း၊ ပွင့်လန်းလန်းပင်တကာ၊ သဲတော်ရင်ခတ်၊ သစ်ကဝတ်နှင့်၊ ပန်းမြတ်ပုန်းညှက်သာတည်း။ သင်းပုန်းခေါ်ကြိုင်အီးအီး၊ မုဂ္ဂါသနီ၊ လှမျိုးညီသည်၊ ဒန်းညီပင်ချင်းစီး၍၊ ပွင့်တုံပြီးရှုဖွယ်သာ၊ ကြာပုဏ္ဏရိတ်၊ ကြာတံဆိတ်သည်၊ လျှံမြိတ်ရောင်ဝင်းဂါနှင့်၊ ဆူးပန်းသာကြာခေါင်းလောင်း၊ ပန်းကောင်းခေါ်ဆို၊ အောက်မဲညိုဟု၊ ခေါ်ဆိုထိုပန်းပေါင်းရို့၊ ပွင့်တုံသျှောင်းစိမ်းညိုပြာ၊ ရွှမ်းရွှမ်းစိုသည်၊ နှစ်လိုရှုဖွယ်သာတည်း။ ရဲနီစွာတောင်ကြက်မောက်၊ ပွင့်မြောက်တုံပါ၊ ပန်းတကာသည်၊ ချိန်ခါဥတုရောက်က၊ ပြည်ရွာများအီးကြိုင်ကြိုင်၊ ဂနိုင်သာမော၊ ကျိန်းတောင်တောဝယ်၊ ဖျင်ပွားခက်ချင်းဆိုင်၍၊ ပင်ချင်းရိုင်ရွှီမရ၊ ပွင့်ကြများစွာ၊ တောင်မြတ်သာ၌၊ သဲ်ချာအနန္တတည်း။ ကုံးသီထားနည်းအတူ၊ ရာသီပြောင်းကြွ၊ ချိန်ကာလဟု၊ မာသအားကိုယူ၍၊ ပွင့်ကြမူထိုတောင်ပါး၊ မကွာတူပြိုင်၊ နံချင်းယှဉ်လျှက်၊ ညွှတ်ကိုင်ဆွတ်ယူငြား၍၊ မြတ်ဘုရားကျိန်းတော်သျှင်၊ သျှင်ပင်ဗုဒ္ဓ၊ ထံရင်းခသည်၊ ဂူဝထဲသို့ဝင်လျှက်၊ ဂေါင်းထက်တင်ရိုတုတ်ကွ၊ ပုညကမ္ဘာ၊ နောင်သံသာဝယ်၊ ကျင်လည်ရာရာဘဝ၌၊ တူတကွမောင်နှံစုံ လူ့ဘုံနတ်ရွာ၊ ဆက်များစွာဝယ်၊ ချမ်းသာသုခဘုံနှင့်၊ စံကြတုံမောင်နှမ၊ ဖြစ်ရပါလို၊ စိတ်ကြည်ညိုဖြင့်၊ ပန်ဆိုဆုတောင်းကြ၍၊ ရီစက်ချတုံပြီးခါ၊ သက်သီပြုထား၊ နတ်ရို့အားလျှင်၊ တိုင်ကြားပြုပြီးခါမှ၊ ခြံရံကာဖော်ရွှီများ၊ သန်လျှားထမ်းစင်၊ မြင်းနှင့်ဆင်ကို၊ ယာဉ်ရှင်စီးတက်ငြား၍၊ ရွှင်ပျော်ပါးတီးမှုတ်ကာ၊ ဌာနရည်မှန်၊ အိမ်ဗိမှာန်သို့၊ လှည့်ပြန်လာလတ်ပါလျှက်၊ ဆိုက်ရောက်ခါရွာဂါမ၊ ပျော်ပွဲသဘင်၊ ပွဲကြီးဆင်၍၊ နိပင်မကင်းကြတည်း။ ဝသန္တပစ္စုန်လွန်၊ သီလစောင့်မှတ်၊ ဝါလကျွတ်သည်၊ ဆန်းထရောက်လတ်ပြန်က၊ ထီးတန်းခွန်မုလေးပွါး၊ ဘုရားလက်ဆောင်၊ ထမင်းထောင်နှင့်၊ များမြောင်အဖြာဖြာကို၊ ကိုင်ယူငြားလာသောခါ၊ ငယ်လင်မယား၊ သမီးသားနှင့်၊ ဝတ်စားဆင်ယင်ပါ၍၊ တူစုံသာရွှင်ပျော်ပါး၊ တရားကုသိုလ်၊ ဆည်းပူးလို၍၊ ကြည်ညိုလွန်ဆပွားကာ၊ ဆီမီးတန်းဆောင်၊ သုံးလုဘောင်ဝယ်၊ ပြောင်ပြောင်ညှိထွန်းပါလျှက်၊ သာထုခေါ်ဝါလည်းကျွတ်၊ ဧသံသီကာ၊ လသာသာတွင်၊ ကြော်ငြာလက်ခုပ်ခတ်၍၊ ညဉ့်လုံးပြတ်မအိပ်ပါ၊ သျှင်လူအများ၊ ကျိန်းမြို့သားရို့၊ သောသောရုရုဆာလျှက်၊ တူရိယာအသွယ်သွယ်၊ ဗောပြီလင်းခွင်း၊ စည်မောင်းညှင်းကို၊ တီးခြင်းအံ့သြဖွယ်တည်း။ ရခိုင်ပြည်အလယ်ဆိပ်၊ စိမ်းမြည်ရောင်၊ ကျိန်းမြင့်တောင်ဝယ်၊ ဓါတ်ရောင်လျှံမြိတ်မြိတ်နှင့်၊ ပြည်မွန်ဆိပ်ရိပ်သာယာ၊ သူတော်သူကောင်း၊ သူမြတ်လောင်းရို့၊ ကိန်းအောင်းမွိပျော်ပါသား၊ ကျိန်းမြို့ရွာကျိန်းဒေသ၊ နာမဂါမှီ၊ ကြက်သရီဟု၊ အောင်မြီတိုင်းရက္ခာတည်း၊ ထိုဌာနများသျှင်လူ၊ ဆာပူကင်းပျောက်၊ ချမ်းသာရောက်သည်၊ စွဲမြောက်သီလယူ၍၊ ကျွန်ုပ်မူမောင်နှမ၊ ပြည့်လှငါးအင်၊ လွန်များဖျင်သည်၊ လိုချင်တတိုင်းရ၍၊ တူတကွမြူးရွှင်စံ၊ သလွန်ဘုံထဲ၊ လိုင်ချင်းတွဲ၍၊ ရစ်နွဲရာသက်နှံနှင့်၊ တပွင့်ဆံမယွင်းခွ၊ အလှကြင်ရာ၊ မေချစ်စွာနှင့်၊ ချစ်ခင်ကြတူမကွာ၊ သဲချာနှစ်ပါး၊ သမီးသားနှင့်၊ ပျော်ပါးနီကြပါသည်၊ မြို့ရွာကျိန်းဒေသမှာတည်းလေး။

(ဒေးဝန်းကြီးအောင်ကျော်ရွှီ)

ကိုယ်တော်ပညာစာရ ကောင်းမှုပြုသည်။

စာစီစာရိုက်
(ရခိုင်ပေါင်းကူး သာလှဦး)